# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်နေ့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၈၇]


**ကံ ဉာဏ် ဝီရိယ ညီညွတ်မျှတမှု**

- ✳ ကံဟုမူလ၊ သမ္မုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်။
- ✳ ဥစ္စဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဌာန်၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည်း။
- ✳ လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊
- ✳ ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး။

(မဃဒေဝ)

# ရခိုင်ပြည်နယ် မာန်အောင်(စမုံတဲ) လေယာဉ်ကွင်းဖွင့် ရန်ကုန်-မာန်အောင်၊ ကျောက်ဖြူ၊ စစ်တွေခရီးစဉ်သစ် စတင်ပျံသန်း



ရာသီမရွေး ခရီးသည်ယာဉ်လေယာဉ်ကြီးများ ဆင်းတက်နိုင်ရန်အတွက် လေယာဉ်ပြေးလမ်းကို နောက်ထပ် ပေ ၃၀၀၀ ထပ်မံတည်ဆောက်သွားမည်။

မာန်အောင်လေယာဉ်ကွင်း (စမုံတဲ)ကို တွေ့ရစဉ်။

သတင်း၊ စာမျက်နှာ-၃

**ယနေ့ ဖတ်စရာ**


တောင်အမေရိကတွင် ရေကြီးမှုကြောင့် လူပေါင်းတစ်သိန်းကျော် ပြောင်းရွှေ့မှုများပြုလုပ် စာ » ၄

ခရစ္စမတ်နေ့တွင် ပြင်ဦးလွင်မြို့၌ စည်ကားများပြား စာ » ၇

ရေဘေးသင့်ခဲ့ပြီး လယ်မြေပျက်စီးခဲ့သော ကျေးရွာများသို့ စပါးမျိုးများထောက်ပံ့ စာ » ၉

၂၀၁၅ ရာသီထက် ပိုမိုအောင်မြင်ရေး ကြိုးပမ်းနေသည့် ဟံသာဝတီ စာ » ၁၄


**ထူးခြားသည့် ညအပူချိန်များ**

၂၅-၁၂-၂၀၁၅

| | |
|---|---|
| ပူတာအိုမြို့ | ၂ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| မချမ်းဘောမြို့ | ၅ ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၅ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၅ ဒီဂရီစင်တီဂရိတ် |

# ချင်းပြည်နယ်အထိမ်းအမှတ် တောင်ဇလပ်နှင့်ချယ်ရီပင်များ ထိန်းသိမ်းသင့်



နေစု(ချင်းရိုးမ)

**တီးတိန် ဒီဇင်ဘာ ၂၅**

ချင်းပြည်နယ်၏ အမှတ်သင်္ကေတဖြစ်သော တောင်ဇလပ်နှင့် ချယ်ရီပန်းတို့ အများဆုံးဖူးပွင့်သော တီးတိန်မြို့နယ် ကနေဒီတောင် (Thangmual) ခေါ်လေသာ တောင်ကြောတစ်လျှောက်တွင် ခရီးသွားဧည့်သည်များအား ကြိုဆိုလျက် နှစ်စဉ်နှစ်တိုင်း ဧည့်ဝတ်မပျက် ပန်းများ မြိုင်မြိုင်ဆိုင်ဆိုင် လှိုင်လှိုင်ပွင့်နေပြီဖြစ်ကြောင်း သိရသည်။

ပင်လယ်ပြင်အမြင့် ၈၈၇၁ ပေရှိသော ကနေဒီတောင်သည် ချင်းပြည်နယ်(မြောက်ပိုင်း)တွင် အမြင့်ဆုံးဖြစ်ကာ ဒေသအလှကို အကောင်းဆုံး မြင်တွေ့နိုင်သည့်နေရာဖြစ်သဖြင့် ခရီးသွားလုပ်ငန်းအတွက် များစွာ

စာမျက်နှာ ၉ ကော်လံ ၄




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပလတ်စတစ်နှင့် သဘာဝပတ်ဝန်းကျင်

လူတို့အနေဖြင့် စွန့်ပစ်အမှိုက်သရိုက်များကို စည်းကမ်းမဲ့စွာ စွန့်ပစ်နေကြခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်ပေါ်ကာ နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ဖြစ်ပေါ်လျက်ရှိပါသည်။ အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်သည့် အလေ့အထ နည်းပါးခြင်း၊ အသိဉာဏ် ဆင်ခြင်တုံတရား နည်းပါးခြင်း၊ စည်းကမ်းတန်ဖိုးကို နားလည်မှုအားနည်းခြင်းတို့ကြောင့် အမှိုက်သရိုက်များကို စည်းကမ်းမဲ့စွာ စွန့်ပစ်နေကြ၍ လူ့ပတ်ဝန်းကျင်သန့်ရှင်းမှုမှာ ပိုမိုထိခိုက်လာလျက်ရှိပါသည်။

မြို့ပြစည်ပင်သာယာအုပ်ချုပ်မှု အားနည်းသောဆင်ခြေဖုံးမြို့များ၊ နယ်မြို့များအချို့၌ မြို့ဝင်မြို့ထွက် ရထားလမ်း၊ ကားလမ်း၊ ရပ်ကွက်အဝင်အထွက်လမ်းများ၌ အမှိုက်ပုံများကို မကြာခဏတွေ့ရလေ့ရှိပါသည်။ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်များ တလူလူပြန့်ကျဲနေသောနေရာများကို တွေ့မြင်နေရဆဲဖြစ်ပါသည်။ အမှိုက်သရိုက်များကို စည်းကမ်းမဲ့စွာစွန့်ပစ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ရုံမက မြို့ပြ၏ဂုဏ်ဒြပ်ကိုပါ ထိခိုက်စေနိုင်ပါသည်။

အမှိုက်သရိုက်များတွင် အဆိုးရွားဆုံးမှာပလတ်စတစ်အိတ်နှင့်ကြွပ်ကြွပ်အိတ်များဖြစ်ပါသည်။ ယင်းတို့သည် နှစ်ကာလကြာရှည်စွာ အမှိုက်ပုံများပေါ်တွင် အရုပ်ဆိုးစွာတည်ရှိနေတတ်ပါသည်။ ပလတ်စတစ်အိတ်နှင့် ကြွပ်ကြွပ်အိတ်များကို စနစ်တကျဖျက်ဆီးသည့် အစီအစဉ်များလည်း ဆောင်ရွက်ခြင်းမရှိ၍ တစ်နေ့တခြား အမှိုက်ပုံများပေါ်တွင် အရုပ်ဆိုးစွာပတ်ဝန်းကျင်၏သာယာလှပမှု ဖျက်ဆီးနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ယခုအခါ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပလတ်စတစ်အိတ်ထုပ်ပိုးမှုများ ပိုမိုများပြားလာသည့်အလျောက် အမှိုက်ပုံများပေါ်တွင် နေ့စဉ်နှင့်အမျှ ပလတ်စတစ်အမှိုက်များ စုပြုံရောက်ရှိလာကာ ပတ်ဝန်းကျင်ညစ်ညမ်းမှုမှာ ပိုမိုဆိုးရွားလာလျက် ရှိပါသည်။

အမှိုက်မှာ အဓိကအားဖြင့် နှစ်မျိုးနှစ်စားရှိပါသည်။ ဆွေးမြည့်ပျက်စီးလွယ်သောအမှိုက်နှင့် ဆွေးမြည့်ပျက်စီးခြင်းမရှိသည့်အမှိုက်ဟူ၍ ဖြစ်ပါသည်။ ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်များမှာ ဆွေးမြည့်ပျက်စီးလွယ်သော အမှိုက်များမဟုတ်ပေ။ လူတို့အနေဖြင့် ဆွေးမြည့်လွယ်သော အမှိုက်နှင့် ဆွေးမြည့်ခြင်းမရှိသော အမှိုက်တို့ကိုခွဲခြား၍ စွန့်ပစ်ရန်လိုအပ်လာပြီ ဖြစ်ပါသည်။ အမှန်အားဖြင့်ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်များသည် စက်မှုကုန်ကြမ်းအဖြစ် ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများဖြစ်ပါသည်။ ပလတ်စတစ်ပါသော အမှိုက်များကို သီးခြားအမှိုက်ပုံးခွဲခြား၍ စွန့်ပစ်နိုင်မည်ဆိုလျှင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့ကျသွားမည်ဖြစ်သည့်အပြင် အခြားတစ်ဖက်တွင်လည်း စက်မှုကုန်ကြမ်းအတွက် လိုအပ်သောပလတ်စတစ်အိတ်များကို Recycle အဖြစ် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ပါသည်။

ယခုအခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လူတိုင်း စည်းကမ်းတန်ဖိုးနားလည်တတ်စေရန် စွန့်ပစ်ပစ္စည်းများကို လူသုံးကုန်ပစ္စည်းအဖြစ် အသုံးချသည့် ပညာပေးအစီအစဉ်များကို လူမှုအဖွဲ့အစည်းအချို့က ဆောင်ရွက်နေပြီဖြစ်ပါသည်။ သို့ဖြစ်၍ ပလတ်စတစ်ပါသော စွန့်ပစ်အမှိုက်များကို စည်းကမ်းတကျစွန့်ပစ်ရေးကို အလေးထားဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်တာ အမျိုးသားမဟာဗျူဟာစီမံကိန်းရေးဆွဲလျက်ရှိ

**မုံရွာ ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် အိတ်ချ်အိုင်ဗွီပိုးကူးစက်မှုကင်းဝေးသည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်းပြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်တာ အမျိုးသားမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၀)ကို အသစ်ရေးဆွဲနေကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ ထုတ်ပြန်ထားမှုမှ သိရသည်။

မဟာဗျူဟာစီမံကိန်းအသစ်တွင် အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများနှင့်ကမ္ဘာ့နိုင်ငံများတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နေကြသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် အိတ်ချ်အိုင်ဗွီပိုးကူးစက်ရန် အန္တရာယ်များသော ဦးတည်အုပ်စုများတွင် ကူးစက်မှုနှုန်း သိသာစွာကျဆင်းလာပြီဖြစ်သလို ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် နှီးနွှယ်ရောဂါများကြောင့် သေဆုံးမှုများမှာ ကျဆင်းလာပြီဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရောဂါအသစ်ကူးစက်ခံရမှုများ လျော့နည်းကျဆင်းလာသလို မူးယစ်ဆေးအစားထိုး မက်သာဒုန်းဆေးတိုက်ကျွေးရေးလုပ်ငန်းအပါအဝင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို ဦးတည်အုပ်စုများအကြား ပိုမိုရောက်ရှိအောင် ဆောင်ရွက်လာနိုင်ပြီ ဖြစ်သည်။ နောင်လာမည့် မျိုးဆက်သစ်များအနေဖြင့် အိတ်ချ်အိုင်ဗွီပိုး ကင်းဝေးရန်အတွက် အခြေခံကျပြီး အရေးပါသည့် မိခင်မှ ကလေးသို့ အိတ်ချ်အိုင်ဗွီရောဂါကူးစက်မှုမှ ကာကွယ်ရေးလုပ်ငန်းများကိုလည်း ယခုနှစ်အတွင်း ပိုမိုတိုးချဲ့ ဆောင်ရွက်လာနိုင်ပြီး ၂၀၁၀ ပြည့်နှစ်တွင် မြို့နယ်ပေါင်း ၂၁၀ နှင့် ဆေးရုံပေါင်း ၃၈ ရုံတို့တွင် ဆောင်ရွက်နိုင်ခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် မြို့နယ် ၂၈၀ နှင့် ဆေးရုံပေါင်း ၃၈ ရုံတို့တွင် တိုးချဲ့ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ အိတ်ချ်အိုင်ဗွီပိုး ရှိ မရှိ သွေးစစ်ပေးခြင်းလုပ်ငန်းကို ၂၀၁၀ ပြည့်နှစ်တွင် ကိုယ်ဝန်ဆောင်မိခင် ၂၅၀၀၀၀ မှ ၂၀၁၄ ခုနှစ်အကုန်တွင် ၅၅၀၀၀၀ ကျော်အထိ စစ်ဆေးပေးနိုင်ခဲ့ရာ ၂၀၁၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် နှစ်ဆကျော်တိုးတက်လာကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




# မီးပွိုင့်လမ်းဆုံတွင် မဝင်ရလမ်းညွှန်ဆိုင်းဘုတ်တပ်ဆင်ပေးစေလို

ရန်ကုန်မြို့တွင်း ယာဉ်တစ်လမ်းမောင်းလမ်းများအနက် မဟာဗန္ဓုလလမ်းသည် အနောက်မှအရှေ့သို့သွားရာ တစ်လမ်းမောင်းစနစ်ဖြစ်သည်။ သို့ရာတွင် သာကေတ၊ ဒေါပုံဘက်မှလာသောယာဉ်များသည် မဟာဗန္ဓုလတံတားကိုဖြတ်ကာ ဗိုလ်တထောင်ဘုရားလမ်းအထိ နှစ်လမ်းမောင်းယာဉ်ကြောဖြစ်သည်။ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းဆုံမီးပွိုင့်တွင် တစ်လမ်းမောင်းယာဉ်ကြောဖြစ်သည့် မဟာဗန္ဓုလလမ်းသို့ အရှေ့မှအနောက်သို့မောင်းလာသည့်ယာဉ်များကို မဝင်ရဆိုင်းဘုတ်လမ်းညွှန်အမှတ်အသား တပ်ဆင်ထားခြင်းလုံးဝမရှိသဖြင့် ယာဉ်လမ်းကြောပြောင်းပြန်မောင်း၍ ဝင်မိကြသည်။

ယခင်က အဆိုပါမီးပွိုင့် **(ဝဲပုံ)**တွင် မဝင်ရ လမ်းညွှန်ဆိုင်းဘုတ်ရှိခဲ့သော်လည်း ယခုအချိန်ထိ လုံးဝတပ်ဆင်ထားခြင်းမရှိသဖြင့် ယာဉ်မောင်းအများစုက မဝင်ရလမ်းညွှန်ဆိုင်းဘုတ်ကို ဖော်ပြပါမီးပွိုင့်လမ်းဆုံတွင် ထင်သာမြင်သာတပ်ဆင်ပေးစေရန် လိုလားလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ **(၀၂၂)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**ကျိုက်ထို ဒီဇင်ဘာ ၂၅**

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်ပိုင်တစ်နိုင် အသက်မွေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၁ ရက်က ခလွန်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှမျိုးဝင်းက အမှာစကားပြောကြားပြီး ကျိုက်ထိုမြို့နယ်ဦးစီးမှူး ဦးမိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျောင်းပေါင်းစုံ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲကို အထက(၁)နှင့် အထက(၂)ကျောင်းဝင်းအတွင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက်က အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ မီတာ ၁၀၀ ပြေးပွဲယှဉ်ပြိုင်နေကြစဉ်။

တင်ထွန်းတာ

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၁၂-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၃၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၈၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၇၀ ကျပ် |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၅၀ ကျပ် |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၅·၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၄·၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၉·၁၄ |
| ထိုင်း | တစ်ဘတ် | ၃၆·၀၉၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၆၃၄ |
| တရုတ် | တစ်ယွမ် | ၂၀၁·၂၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၁·၆၆ |

ခင်ရတနာ-စုစည်းသည်။

# ရခိုင်ပြည်နယ် မာန်အောင်(စမုံတဲ) လေယာဉ်ကွင်းဖွင့်၊ ရန်ကုန်-မာန်အောင်၊ ကျောက်ဖြူ စစ်တွေ ခရီးစဉ်သစ်စတင်ပျံသန်း

ရန်ကုန် ဒီဇင်ဘာ ၂၅

**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် မာန်အောင် လေယာဉ်ကွင်း(စမုံတဲ)သို့ ရောက်ရှိသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်၊ ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက မာန်အောင်လေယာဉ်ကွင်း (စမုံတဲ)နှင့် မြန်မာအမျိုးသား လေကြောင်း ရန်ကုန်-မာန်အောင်၊ ကျောက်ဖြူ စစ်တွေ ခရီးစဉ်သစ် စတင်ပျံသန်းခြင်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ခေတ္တပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးများသည် ဒေသခံရပ်မိရပ်ဖများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဒုတိယပိုင်းအခမ်းအနားအစီအစဉ်ကို မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်က အမှာစကားပြောကြားရာတွင် မာန်အောင်(စမုံတဲ) လေယာဉ်ကွင်းကို ၁၉၆၉ ခုနှစ်ခန့်က ဒါကိုတာလေယာဉ်ကွင်းအဖြစ် စတင်ဆောက်ရွက်ခဲ့ပြီး မြက်ခင်းကွင်းအဖြစ် တည်ဆောက် အသုံးပြုခဲ့ကြောင်း၊ ၁၉၇၉ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ နွေရာသီ ပွင့်လင်းရာသီများတွင် တွင်အော်တာ လေယာဉ်ငယ်များဖြင့် တစ်ပတ်နှစ်ကြိမ် ဆင်းသက်ခဲ့ပါကြောင်း၊ ၁၉၈၃-၁၉၈၄ ခု ဘဏ္ဍာရေးနှစ်မှစတင်၍ တွင်အော်တာလေယာဉ်များ ရာသီမရွေးဆင်းသက်နိုင်ရေးအတွက် ပေ ၂၀၀၀ ရှည် ကတ္တရာကွင်းအဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဖော်ကာအက်-၂၇ လေယာဉ်ဆင်းသက်နိုင်ရန် အလျားပေ ၄၀၀၀ ရရှိသည်အထိ တိုးချဲ့ခဲ့ရာ အလျားပေ ၃၇၀၀ အထိသာ ကျောက်ကတ္တရာခင်းပြီးစီးခဲ့ပါကြောင်း။

သို့သော်လည်း လေယာဉ်ဆင်းတက်မှုဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃ ရက်ကစတင်ပြီး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရတို့ ပူးပေါင်းညှိနှိုင်းမှုဖြင့် လေယာဉ်ပြေးလမ်းသစ်တည်ဆောက်မည့် တင်ဒါစိစစ်ရွေးချယ်မှုကိုဆောင်ရွက်ခဲ့ရာ ခိုင်မာသော ပန်းတိုင်ဆောက်လုပ်ရေးကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့ပြီး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ မာန်အောင်(စမုံတဲ)လေယာဉ်ကွင်းကို လေယာဉ်ပြေးလမ်းပေ(၄၀၀၀×၁၀၀)၊လေယာဉ်ရပ်နားနေရာ ပေ(၃၀၀×၁၀၀)၊ လေယာဉ်ကွေ့ရန်နေရာနှင့် လေယာဉ်အရှိန်သတ်စွန်း ပေ(၂၀၀×၁၀၀)တို့ကို ကျောက်ကတ္တရာလမ်း တည်ဆောက်ပေးနိုင်ခဲ့ပြီး လေဆိပ်အဆောက်အအုံ ပေ(၈၀×၆၀) Steel Structure တစ်ထပ်အဆောက်အအုံနှင့် လေဆိပ်အဝင်လမ်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ဆက်လက်၍ ရာသီမရွေး ခရီးသည်တင် လေယာဉ်ကြီးများ ဆင်းသက်နိုင်ရန်အတွက် လေယာဉ်ပြေးလမ်းကို နောက်ထပ်ပေ ၃၀၀၀ ထပ်မံတိုးချဲ့တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ မာန်အောင်မြို့သည် ယခင်ကလမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသတစ်ခုဖြစ်ခဲ့ရာမှ ယခုတည်ဆောက်ပြီးစီးနေပြီဖြစ်သည့် မာန်အောင်လေယာဉ်ကွင်းကို အခြေခံ၍ ပတ်ဝန်းကျင်ဒေသတစ်ခုလုံးသည်လည်း ဖွံ့ဖြိုးတိုးတက်လာမှုနှင့်တစ်ပြေးညီ မိမိတို့၏ စီးပွားရေးနှင့် လူနေမှုဘဝ မြင့်မားတိုးတက်လာအောင် ဒေသ၏စီးပွားရေးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်နေသည့်အဆင့်မှ စီးပွားဖြစ် ထုတ်လုပ်နိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်သွားကြစေလိုကြောင်း၊ နိုင်ငံတော်အစိုးရ၏ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန်အတွက် နိုင်ငံတော်ကရန်ပုံငွေ မြောက်မြားစွာအကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် မာန်အောင်လေယာဉ်ကွင်းကို ကြာရှည်တည်တံ့စေရန်နှင့် လေဆိပ်စိမ်းလန်းစိုပြည်ရေး၊ သာယာလှပစေရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် နယ်မြေခံပြည်သူလူထုမှလည်း ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်ခေတ္တဝန်ကြီးချုပ်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ မာန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်တို့က ဂုဏ်ပြုစကားများ ပြောကြားကြသည်။ ယင်းနောက် မာန်အောင်မြို့မှ မြို့မိ မြို့ဖတစ်ဦးနှင့် မာန်အောင်အများပိုင်ကုမ္ပဏီနာယကဦးတင်အုန်းတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**





# တရားမဝင်မြန်မာအလုပ်သမား ၈၂ ဦး တစ်နေ့တည်းလွှဲခြင်းသည် လိပ်ကျွန်းအမှုမှ မြန်မာနိုင်ငံသားနှစ်ဦးကို ပြစ်ဒဏ်ပေးခြင်းကိစ္စနှင့်မဆိုင်ဟု ထိုင်းတာဝန်ရှိသူများပြောကြား

**တာချီလိတ် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတား၌ ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက တရားမဝင်ရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၅၅ ဦးနှင့် အမျိုးသမီး ၂၇ ဦး၊ စုစုပေါင်း ၈၂ ဦးကို ထိုင်းနိုင်ငံ တာဝန်ရှိသူများ လာရောက်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ယာပုံ)**

အဆိုပါလွှဲပြောင်းပေးအပ်သည့် တရားမဝင်အလုပ်သမားများထဲမှ ၅၀ သည် တောင်ပိုင်း ဖူးခက်ကမ်းခြေအနီး ကဖီမြို့မှတစ်ဆင့် ဘတ်စ်ကားဖြင့် နှစ်သစ်ကူး မြန်မာနိုင်ငံသို့ အပြန်လမ်းတွင် ဖမ်းဆီးခံခဲ့ရပြီး ၃၂ ဦးသည် ၎င်းတို့ဆွေမျိုးများ အဆက်အသွယ်ဖြင့် သွားရောက်အလုပ်ရှာဖွေရာတွင် ချင်းမိုင် ဗွိုင်စကစ်ရဲစခန်းမှ တာဝန်ရှိသူများက ရှောင်တခင် ဖမ်းဆီးခဲ့ကြောင်း ထိုင်းနိုင်ငံ ရဲဦးစီးအရာရှိ ထန်နီစောက်၏ပြောပြချက်အရ သိရသည်။

ဆက်လက်ပြီး ၎င်းက“ခရစ္စမတ်နဲ့ နှစ်သစ်ကူးရက်တွေမှာ တရားမဝင်ပြန်တဲ့သူတွေ၊ လည်ပတ်တဲ့သူတွေ၊ အလုပ်ရှာတဲ့သူတွေ တရားမဝင်ဝင်ရောက်မှုတွေများပြီး ထိုင်းနိုင်ငံအနယ်နယ်အရပ်ရပ်က ဖမ်းဆီးရမိတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို ချင်းရိုင် တရားရုံးအချုပ်မှာ စုပုံပို့လိုက်လို့ လူအများကြီးဖြစ်သွားပါတယ်။ အဲ့ဒီလို လွှဲပြောင်းပေးလို့ ထိုင်းနိုင်ငံလိပ်ကျွန်းအမှုမှ လူသတ်မှုနဲ့ စွပ်စွဲခံရတဲ့ မြန်မာနိုင်ငံသားနှစ်ဦး သေမိန့်ချတဲ့ကိစ္စနဲ့မပတ်သက်ပါဘူး” ဟု ပြောကြားသည်။

တရားမဝင်မြန်မာအလုပ်သမား ၈၂ ဦးတို့အား တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိကျောင်းဝင်းအတွင်း၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ မြန်မာ-ထိုင်းအမှတ်(၁)ချစ်ကြည်ရေးတံတားမှသွားရောက်သူများ၊ တရားမဝင် ရေချောင်းဖြတ်ကူးသူများနှင့် မြဝတီ၊ မဲဆောက်နှင့်ရနောင်း ဝင်/ထွက်ပေါက်များမှ ဝင်ရောက်အလုပ်လုပ်သူများပါရှိပြီး ထိုင်းနိုင်ငံတွင် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရပြီး ၎င်းတို့မှာလူကုန်ကူးခံရခြင်းမရှိကြောင်း စိစစ်သိရှိရ၍ လွှဲပြောင်းအလုပ်သမား ၈၂ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၏ အစီအစဉ်ဖြင့် ၎င်းတို့၏ ဆွေမျိုးများထံ ညနေ ၅ နာရီတွင်ခံဝန်ဖြင့် အပ်နှံခဲ့ကြောင်း သိရသည်။

အဆိုပါလွှဲပြောင်းပေးအပ်သည့် တရားမဝင်ရွှေ့ပြောင်းမြန်မာအလုပ်သမားများတွင် မိုင်းရယ်၊ မိုင်းကိုင်၊ မိုင်းရှူး၊ လားရှိုး၊ လဲချား၊ လွိုင်လင်နှင့် ကျိုင်းတုံမြို့တို့မှပါရှိကြောင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ တာဝန်ရှိသူထံမှ သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# ဖြူးမြို့နယ်တွင် ဆောင်းရာသီစိုက် မတ်ပဲများဖြစ်ထွန်း မတ်ပဲမပေါ်သေးသော်လည်း ဈေးကောင်းပေးကြိုတင်ဝယ်ယူ

**ဖြူး ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်ဖြစ်သည့် တောင်ငူ၊ ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်း၊ ကျောက်ကြီးမြို့နယ်နှင့် ဖြူးမြို့နယ်တို့သည် မိုးစပါးနှင့် ဆောင်းသီးနှံ ပဲမျိုးစုံအများဆုံးစိုက်ပျိုးသော မြို့နယ်တစ်ခုဖြစ်သည်နှင့်အညီ ၂၀၁၅ မိုးရာသီတွင် မိုးစပါးစိုက်ဧကတစ်သိန်းခွဲကျော်နှင့် ဆောင်းရာသီစိုက်ပဲမျိုးစုံ ၁၁၇၅၈၉ ဧကစိုက်ပျိုးခဲ့ကြရာ ယင်းတို့အထဲတွင် မတ်ပဲစိုက်ဧကမှာ ၁၁၂၉၃၄ ဧကဖြစ်ပြီး အများဆုံးစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ယခုနှစ်စိုက်ပျိုးခဲ့ကြသည့် မိုးစပါးများမှာလည်း မိုးလယ်၊ မိုးနှောင်း မိုးကောင်းခဲ့သဖြင့် စပါးအထွက်နှုန်းများလည်းတိုးတက်ထွက်ရှိခဲ့ကြ၍ စပါးနှင့် ဆန်ဈေးများမှာ ယခင်နှစ်ကထက်ဈေးကောင်းရလျက်ရှိရာ ဗျော့ထွန်း၊ ဆင်းသုခ၊ သုခ(၂)စပါးတင်း ၁၀၀ ငွေကျပ် ခြောက်သိန်းကျော်နှင့် တစ်တင်းခွဲဆန်တစ်အိတ်ကျပ် ၂၂၀၀၀ ဈေးအထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဆောင်းရာသီစိုက် မတ်ပဲများမှာလည်း ရာသီအမီ မြေအစိုဓာတ်မဆုတ်ခင် နိုဝင်ဘာလထဲတွင် အပြီးစိုက်ပျိုးနိုင်ခဲ့ကြသဖြင့် ယခုအချိန်တွင် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကိုတွေ့ရပြီး မတ်ပဲများမှာ လာမည့်မတ်လ ပထမပတ်မှ စတင်နုတ်သိမ်းရမည်ဖြစ်သော်လည်း ကုန်သည်ပွဲစားများက မတ်ပဲတစ်တင်းကျပ် ခြောက်သောင်းဖြင့် ကြိုတင်ဝယ်ယူလျက်ရှိသည်။

“ကျွန်တော်တို့လယ်သမားတွေအတွက် ဒီနှစ်ကတော့ စိတ်ချမ်းသာရလောက်အောင် စပါးဈေး၊ ဆန်ဈေးတွေကလည်း ကောင်း၊ အခုမတ်ပဲမပေါ်ခင်ကတည်းက ကျပ်ခြောက်သောင်းပေးပြီး ကြိုဝယ်ယူနေကြတော့ မတ်ပဲပေါ်ရင် ဒီထက်ဈေးပိုကောင်းမှာဖြစ်လို့ ကျွန်တော်တို့ မတ်ပဲခင်းတွေကို အထွက်ကောင်းအောင် ကြိုးစားနေကြရပါတယ်”ဟု ဖြူးအနောက်ဘက် ကျွန်းကုန်းရွာမှ ဒေသခံလယ်သမားတစ်ဦးက ပြောသည်။

**ဖြူး-မြင့်ဦး**

■ *ကျောဖုံးမှ*

“ကန္တာရပင်တွေက နှစ်စဉ်နှစ်တိုင်း ဆားခါးပွင့်တဲ့ မြေတွေပေါ်မှာ ပေါ်များစွာ ပေါက်လာတာပါ၊ ကျွန်တော်တို့ လယ်ယာမြေတွေထဲကိုပါ ပေါက်လာလို့ မနည်းကိုလိုက်ရှင်းနေရတာပါ၊ ကန္တာရပင်တွေက ဆားခါးမြေတွေပေါ်ကို ပေါက်တော့ ဆားခါးမြေကို ကန္တာရမြစ်တွေက ဖျက်ဆီးလိုက်တာ ဆားခါးမပွင့်နိုင်တော့ဘူး။ အရင်က ကျွန်တော်တို့ရွာတွေမှာ တစ်ရွာလုံးဆားခါးချက်ကြတာ၊ အခုနောက်ပိုင်း ကန္တာရပင်တွေ ထူလာပြီးတော့ ဆားခါးမြေတွေပျက်စီးကုန်တယ်၊ ရွာကလူတွေလည်း တခြားအလုပ်တွေပြောင်းလုပ်ကြရတယ်၊ အခုဆိုရင်ရွာမှာ ဆားခါးချက်တဲ့သူ ၁၂ ဦးလောက်ပဲ ကျန်တော့တယ်”ဟု ဆားခါးချက်သူတစ်ဦးက ပြောသည်။

ယခုကဲ့သို့ ဆောင်းရာသီများတွင် ဆားခါးမြေများအပွင့်များလေ့ရှိသည်။ ထိုသို့ မြေကြီးပေါ် တွင် ပွင့်လျက်ရှိသော ဆားခါးမြေများကို မြက်ထိုးတူရွှင်းဖြင့် အပေါ်ယံရှပ်ကာ ခြစ်ယူရသည်။ ထို့နောက် ရေအိုးဖင်ကို အပေါက်ဖောက်ကာ အပေါက်ကို ရေထွက်နိုင်ရုံ အဝတ်ဆို့ထားရသည်။ ထိုရေအိုးထဲသို့ စပါးခွံလက်လေးလုံးခန့်ထည့်ပြီး စပါးခွံပေါ်သို့ သဲထည့်ရသည်။ အဆိုပါသဲပေါ်သို့ ဆားခါးမြေများကို ထည့်ပြီး ရေထည့်လိုက်သောအခါ ရေအိုးဖင်တွင်ဆို့ထားသည့် အဝတ်မှသန့်စင်သော ဆားခါးရေများယိုကျလာရာ ယင်းဆားခါးရေများကို ခံယူရသည်။ ရရှိလာသောဆားခါးရေများကို အလျားလိုက်ထက်ခြမ်းခြမ်းထားသော ပီပါပိုင်းပြတ်ထဲသို့ထည့်၍ မီးဖြင့်ချက်ရာ အတန်ငယ်ကြာသောအခါ ပီပါအောက်ခြေ၌ ဆားခါးများ အနည်ထိုင်လာသည်။ ထိုသို့အနည်ထိုင်လာသော ဆားခါးများကို ပေါက်ပြားပုံသစ်သားယောက်မဖြင့် ခြစ်ယူရရှိခြင်းဖြင့် သန့်စင်၍ ဆေးဖက်ဝင်သော ဆားခါးများကို ရရှိသည်။ အဆိုပါဆားခါးကို လက်ဖြင့်မာကျစ်အောင်ဆုပ်၍လုံးကာ မီးသွေးပြာပူအတွင်းထည့်ဖုတ်ပါက ဆားဖုတ်ခဲများကိုရရှိနိုင်သည်ဟု သိရသည်။

ဆားခါးမြေတူးယူချက်လုပ်သူတစ်ဦးလျှင် တစ်နေ့ဆားခါးပိဿာချိန် ၁၀ ပိဿာ၊ ၁၅ ပိဿာ ခန့်ရလေ့ရှိသည်ဟု သိရပြီး ယခင်နှစ်များက ဆားခါးတစ်ပိဿာ ငွေကျပ် ၂၅၀ ခန့်သာ ရရှိရာမှ ယခုနှစ်တွင် ဆားခါးတစ်ပိဿာ ငွေကျပ် ၄၀၀ ခန့်ဖြင့် ဈေးမြင့်တက်ရောင်းချရလျက်ရှိသည်။ ထိုသို့ ဆားခါးဈေးမြင့်တက်ရရှိလာသကဲ့သို့ ဆားခါးမြေများမှာလည်း ကန္တာရပင်များ ပေါက်ရောက်လာမှုကြောင့် ဆားခါးမြေရှားပါးလာလျက်ရှိသည်ဟု သိရသည်။

# ညွန့်ပေါင်းလေယာဉ်များ ရာမဒီမြို့ကို ၂၇ ကြိမ်တိုက်ခိုက်

**ရာမဒီ ဒီဇင်ဘာ ၂၅**

အစိုးရတပ်များ အီရတ်အနောက်ပိုင်းမြို့ကို ပြန်လည်သိမ်းယူရေးတွင် စစ်ကူပေးသည့်အနေဖြင့် ညွန့်ပေါင်းအဖွဲ့ လေယာဉ်များက ကြာသပတေးနေ့တွင် အိုင်အက်စ် ထိန်းချုပ်ထားသော နေရာများကို ဗုံးကြဲ တိုက်ခိုက်လျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။



ရာမဒီမြို့ကို လေကြောင်းမှတိုက်ခိုက်မှု မြင်ကွင်းအားတွေ့ရစဉ်။

အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းလေယာဉ်များသည် ဘဂ္ဂဒက်အနောက်ဘက်မိုင် ၆၀ အကွာ ယူဖရေးမြစ်ပေါ်ရှိ ဆွန်နီမွတ်စလင်များ အဓိကနေထိုင်ရာ နောက်ဆုံးခရိုင်ကို အကြမ်းဖက်အဖွဲ့များ နေထိုင်ရာ ပစ်မှတ်များကို လေကြောင်းမှ ၂၇ ကြိမ်တိုက်ခိုက်ခဲ့ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

အီရတ်တပ်ဖွဲ့ဝင်များအနေဖြင့် ရာမဒီမြို့ကို သိမ်းပိုက်နိုင်ခဲ့လျှင် တီကရစ်အပြီး အဓိကမြို့တစ်မြို့အဖြစ် ဒုတိယအကြိမ် သိမ်းပိုက်နိုင်မည်ဖြစ်သည်။ ယင်းအောင်မြင်မှုသည် အိုင်အက်စ် စစ်သွေးကြွများထံမှ အိုပက်ရေနံထုတ်လုပ်ရာ နိုင်ငံတစ်နိုင်ငံ၏ တတိယမြို့ကို ပြန်သိမ်းနိုင်ခြင်းဖြင့် အီရတ်တပ်ဖွဲ့ဝင်များအား စိတ်ပိုင်းဆိုင်ရာ မြှင့်တင်မှုအတွက် များစွာအထောက်အကူ ဖြစ်လိမ့်မည်ဟု ဆိုသည်။

အီရတ်တပ်ဖွဲ့ဝင်များအနေဖြင့် ဖောက်ခွဲရေးပစ္စည်းများကို ရှင်းလင်းနေသော်လည်း ကြာသပတေးနေ့ နံနက်အထိ မြေပြင်အခြေအနေမှာ တိုးတက်မှုမရှိသေးဟု ဆိုသည်။

**(ရိုက်တာ)**

## နိုင်ဂျီးရီးယား ဓာတ်ငွေ့စက်ရုံပေါက်ကွဲမှု လူ ၁၀၀ ကျော်သေဆုံး

**အဘူဂျာ ဒီဇင်ဘာ ၂၅**

နိုင်ဂျီးရီးယားနိုင်ငံအရှေ့တောင်ပိုင်း နီဝီအရပ်၌ ဓာတ်ငွေ့စက်ရုံပေါက်ကွဲမှုကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံးသွားကြောင်း ဒေသမီဒီယာက ကြာသပတေးနေ့က ပြောသည်။

အဆိုပါ ပေါက်ကွဲမှုသည် အင်တာကော်ပိုရေးရှင်းလီမိတက်၏ ဓာတ်ငွေ့စက်ရုံ၌ ကြာသပတေးနေ့ နံနက်ပိုင်းက ထရပ်ကားတစ်စီးကို ဓာတ်ငွေ့ အားဖြည့်ဆောင်ရွက်စဉ်ပေါက်ကွဲကြောင်း၊ သေဆုံးသူများသည် ဓာတ်ငွေ့ ဖြည့်ရန်လာရောက်သူများဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ **(ဆင်ဟွာ)**

## တူရကီတပ်ဖွဲ့ဝင်များ အာဖဂန်၌ဆက်လက်ထားရှိမည်

**အန်ကာရာ ဒီဇင်ဘာ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံရှိတူရကီတပ်ဖွဲ့ဝင်များကို အာဖဂန်အစိုးရ၏ဆန္ဒအရ ကြာကြာထားရှိသွားမည်ဖြစ်ကြောင်း တူရကီသမ္မတ တေရစ်အာဒိုဂန်က ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

တူရကီတပ်ဖွဲ့ဝင်များကို ပြည်တွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရသည့်တိုင်အောင်ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း အလည်အပတ်ရောက်ရှိနေသော အာဖဂန်သမ္မတအက်ရှ်ဂါနီနှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ အာဒိုဂန်က ပြောသည်။ "တူရကီနိုင်ငံဟာ အာဖဂန်အမျိုးသားညီညွတ်ရေး အစိုးရအတွက် အဓိက အထောက်အပံ့ပေးနေတာပါ။ အာဖဂန်ရဲ့ပြဿနာဟာ မိမိတို့ပြဿနာပါ၊ အာဖဂန်ရဲ့အောင်မြင်မှုဟာ မိမိတို့အောင်မြင်မှုပဲဖြစ်ပါတယ်"ဟု အာဒိုဂန်က ထပ်လောင်းပြောကြားသည်။ တူရကီနိုင်ငံက ၂၀၀၃ ခုနှစ်က အစ္စတန်ဘူလ်မြို့၌ အယ်လ်ခိုင်ဒါနှင့် ဆက်နွှယ်သော ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် အာဖဂန်သို့ တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ချထားခဲ့သည်။

**(ဆင်ဟွာ)**

# သူလျှိုမှုတွင်ပါဝင်သူ ဂျပန်နိုင်ငံသားသုံးဦးကို တရုတ်၌ဖမ်းဆီးထား

**တိုကျို ဒီဇင်ဘာ ၂၅**

တရုတ်အာဏာပိုင်များက ဂျပန်နိုင်ငံသားနှစ်ဦးကို သူလျှိုမှုဖြင့် ဖမ်းဆီးထားပြီး အခြားတစ်ဦးကို ထိန်းသိမ်းထားကြောင်း ဂျပန်ထိပ်တန်းအစိုးရပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

ဂျပန်အမျိုးသမီးတစ်ဦးကို ဇွန်လတွင် ရှန်ဟိုင်း၌ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး လွန်ခဲ့သောလက တရားဝင်ဖမ်းဆီးခဲ့ကြောင်း တရုတ်တို့က ဂျပန်အစိုးရကို ပြောခဲ့သည်ဟု ဆူဂါက ထပ်မံပြောခဲ့သည်။

အဆိုပါအမှုကို ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ လုခန်ကပြောသည်။ တရုတ်အာဏာပိုင်များက မေလတွင် ဇန်ကျန်နှင့် လျောင်နင်ပြည်နယ်တို့တွင် ဂျပန်နိုင်ငံသားနှစ်ဦးကို သီးခြားထိန်းသိမ်းပြီးနောက် စက်တင်ဘာလတွင် ၄င်းတို့ကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အခြား ဂျပန်အမျိုးသားတစ်ဦးကို ပေကျင်းတွင် ဇွန်လက ထိန်းသိမ်းခဲ့ပြီး ယခုအခါ ပြစ်မှုဆိုင်ရာဥပဒေချိုးဖောက်မှုဖြင့် သံသယရှိသဖြင့် ဖမ်းဆီးထိန်းသိမ်းထားကြောင်း ၄င်းကထပ်လောင်းပြောဆိုခဲ့သည်။ ဂျပန်ထိပ်တန်းပြောရေးဆိုခွင့်ရှိသူက ဂျပန်နိုင်ငံသည် မည်သည့်နိုင်ငံကိုမှ လျှို့ဝှက်စုံစမ်းထောက်လှမ်းမှုများ မပြုလုပ်ကြောင်း ပြောခဲ့သည်။

**(ရိုက်တာ)**



ဂျပန်ဝန်ကြီးအဖွဲ့အကြီးအကဲ ယိုရှီဟိုင်ဆူဂါ



မစ္စစ္စပီပြည်နယ် ကလပ်ဒါလီ၌ လေဆင်နှာမောင်းကြောင့် ပျက်စီးမှုများသည့် အဆောက်အအုံကို တွေ့ရစဉ်။

## အမေရိကန်၌ လေဆင်နှာမောင်းများကြောင့် သေဆုံးသူ ၁၄ ဦးရှိ

**မစ္စစ္စပီ ဒီဇင်ဘာ ၂၅**

အမေရိကန်နိုင်ငံတောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့ရှိ ပြည်နယ်ခြောက်ခုတို့၌ လေဆင်နှာမောင်းများ တိုက်ခတ်ခဲ့ရာ နေအိမ်အများအပြား ပျက်စီးပြီး လူ ၁၄ ဦး သေဆုံးခဲ့ပြီးနောက် ကြာသပတေးနေ့က ကယ်ဆယ်ရေးအဖွဲ့များက ရှင်းလင်းမှုများ စတင်ပြုလုပ်လျက်ရှိသည်။

မစ္စစ္စပီနှင့် တင်နက်ဆီပြည်နယ်တို့၌ အဆိုးရွားဆုံး ထိခိုက်ခံရပြီး အရေးပေါ် အခြေအနေကြေညာခဲ့ရကြောင်း၊ သီတင်းပတ်ကုန်ပိုင်း ခရီးသွားလာရန် ပြင်ဆင်ထားမှုများကြောင့် ခရီးသွားများအတွက် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်း ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံသား သန်း ၁၀၀ ခန့်သည် ခရစ္စမတ်အားလပ်ရက်ခရီးသွားရန် စီစဉ်ထားရာ အဆိုပါ လေဆင်နှာမောင်းတိုက်ခတ်မှုများကြောင့် သွားလာရေး အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်ဟု ဆိုသည်။

ဗုဒ္ဓဟူးနေ့က လေဆင်နှာမောင်း အကြိမ် ၂၀ ကျော် တိုက်ခတ်ခဲ့ရာ အာကန်ဆတ်၊ အီလီနွိုက်၊ အင်ဒီယာနာ၊ မစ္စစ္စပီ၊ တင်နက်ဆီနှင့် မီချီဂန်းပြည်နယ်တို့ ထိခိုက်မှုရှိကြောင်း အာဏာပိုင်များက ပြောသည်။ မစ္စစ္စပီမြောက်ပိုင်းကို ဖြတ်သန်းတိုက်ခတ်ခဲ့သည့် လေဆင်နှာမောင်းသည် အကြီးဆုံးဖြစ်ပြီး မိုင် ၁၀၀ ခန့်ကျယ်ဝန်း၍ တင်နက်ဆီအနောက်ပိုင်းသို့ မဝင်ရောက်မီ အိမ်ပေါင်း အလုံး ၁၀၀ ကျော်နှင့် အဆောက်အအုံများ ပြိုကျပျက်စီးစေခဲ့သည်ဟု ဆိုသည်။

**(ရိုက်တာ)**

# တောင်အမေရိကတွင် ရေကြီးမှုကြောင့် လူပေါင်းတစ်သိန်းကျော် ပြောင်းရွှေ့မှုများ ပြုလုပ်

**မက္ကဆီကို ဒီဇင်ဘာ ၂၅**

တောင်အမေရိကနိုင်ငံသုံးခုတွင် ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၁၅၀၀၀၀ ကို ပြောင်းရွှေ့ပေးခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းများက ကြာသပတေးနေ့တွင် ဖော်ပြသည်။

ပါရာဂွေး၊ ဥရုဂွေးနှင့် အာဂျင်တီးနားနိုင်ငံတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်းထောင်သောင်းမက ဘေးကင်းရာသို့ ရွှေ့ပြောင်းစေခဲ့ကြောင်း အာဏာပိုင်များက ပြောခဲ့သည်။

ပါရာဂွေးသည် ကျန်နှစ်နိုင်ငံနှင့်နှိုင်းယှဉ်လျှင် ရေကြီးမှုကို အဆိုးရွားဆုံးခံစားရသောနိုင်ငံဖြစ်ပြီး ပါရာဂွေးမြစ်ကမ်းကျိုးပေါက်ပြီး မြစ်ရေလျှံမှုကြောင့် လူ ၁၀၀၀၀၀ နီးပါးကို ပြောင်းရွှေ့ပေးခဲ့ရသည်။

ရေအလွန်ကြီးမှုကြောင့် ပါရာဂွေးမှ လူလေးဦးနှင့် အာဂျင်တီးနားတွင် ဓာတ်လိုက်၍ လူတစ်ဦးသေဆုံးခြင်းအပါအဝင် စုစုပေါင်း လူငါးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ပါရာဂွေး သမ္မတ ဟိုရာရှိုကာတက်စ်က မြို့တော် အရှန်ရှင်အပါအဝင် ရေလွှမ်းမိုးသောနေရာများကိုအရေးပေါ်အခြေအနေအဖြစ် ကြေညာလိုက်သည်။ အာဂျင်တီးနားတွင်လည်း လူပေါင်း ၂၀၀၀၀ကျော် ရေလွှမ်းမိုးမှုခံစားနေရကြောင်း မီဒီယာဖော်ပြချက်များအရ သိရသည်။ **(ဆင်ဟွာ)**



# ဘုရင့်နောင်အမှတ်(၂)တံတားပေါ်ရှိ လမ်းအလယ်၌ ကာရံထားသည့်သံပန်းအကာများ ပျောက်ဆုံးခြင်းမှာ ခိုးယူပျောက်ဆုံးခြင်းမဟုတ်ကြောင်း စုံစမ်းသိရှိရ



ယာဉ်တိုက်၍ ပြုတ်ထွက်ပျက်စီးသွားသည့်သံပန်းများ။

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၃ ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၁၃)တွင် ဖော်ပြပါရှိသည့် ဘုရင့်နောင်အမှတ်(၂)တံတားပေါ်ရှိ လမ်းအလယ်၌ ကာရံထားသည့် သံပန်းအကာများ ပျောက်ဆုံးနေမှုမှာ လုံခြုံရေးအစောင့်များမရှိခြင်းကြောင့် ပျောက်ဆုံးရသည်ဟု ဖော်ပြပါရှိခဲ့သည့် သတင်းအမှန်ကို စုံစမ်းဆောင်ရွက်ခဲ့ရာ ခိုးယူပျောက်ဆုံးခြင်းကြောင့် မဟုတ်ဘဲ ယာဉ်တိုက်မှုကြောင့် ပျက်စီးသွားသဖြင့် သက်ဆိုင်ရာက ဖြုတ်ယူ၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၃ ရက် ည ၉ နာရီခန့်က ရန်ကုန်မြို့ထဲဘက်မှ လှိုင်သာယာဘက်သို့ ရေသန့်ဘူးများတင်ဆောင်လာသော ဒိုင်နာမော်တော်ယာဉ်တစ်စီးမှာ အရှိန်လွန်ကာ သံပန်းများကို တိုက်မိခဲ့ခြင်းကြောင့် အရှည် ၁၀ ပေ၊ အမြင့်နှစ်ပေခွဲခန့်ရှိ သံပန်း ၁၁ ချပ်မှာ သံဂဟေများ ပြုတ်ထွက်ပြီး ပျက်စီးသွားသဖြင့် ဘုရင့်နောင်တံတားအမှတ်(၂)နှင့်ပတ်သက်၍ တာဝန်ပေးအပ်ထားသော ORIENTAL HIGHTWAY ကုမ္ပဏီမှ လှိုင်သာယာတိုးဂိတ်တာဝန်ခံ ဦးတင့်ဝေနှင့် တွေ့ဆုံညှိနှိုင်းခဲ့ပြီး သံပန်းများ ပြန်လည်ပြုပြင်ရန်အတွက် ကုန်ကျစရိတ် ငွေကျပ်ခုနစ်သိန်းကို ပေးလျော်ခဲ့သည်။

ပျက်စီးသွားသော သံပန်းများ ပြန်လည်ပြုပြင်ရန်အတွက် လှိုင်သာယာမြို့နယ်စက်မှုဇုန်ရှိ ဦးအောင်ဖော်၏ မြပန်ဝါ လမ်း၊ တံတားအဆောက်အအုံ အလုပ်ရုံ၌ အပ်နှံထားရှိကာ အရန်ပြုလုပ်ထားသော သံပန်းငါးခုနှင့် အလုပ်ရုံမှ ပြုပြင်ပြီးသော သံပန်းလေးခုတို့ကို ပျက်စီးသွားသော သံပန်းနေရာများ၌ ချက်ချင်း ပြန်လည်တပ်ဆင်ပေးခဲ့ပြီး အစားထိုးတပ်ဆင်ရန် သံပန်းနှစ်ချပ်သာ လိုအပ်လျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက်တွင် အပြီးသတ်ပြုပြင်တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘုရင့်နောင်တံတားလုံခြုံရေးနှင့် ပတ်သက်၍ မရမ်းကုန်းမြို့နယ်ဘက်ခြမ်းတွင် ဘုရင့်နောင်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက လည်းကောင်း၊ လှိုင်သာယာမြို့နယ် ဘက်ခြမ်းတွင် လှိုင်သာယာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက လည်းကောင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသဖြင့် ဘုရင့်နောင်တံတားပေါ်ရှိ သံပန်းအကာများ ပျောက်ဆုံးခြင်းမှာ လုံခြုံရေးအစောင့်များမရှိခြင်းကြောင့် ပျောက်ဆုံးခြင်းမဟုတ်ဘဲ ယာဉ်တိုက်မှုကြောင့် ပျက်စီးသွားသော သံပန်းများကို ခေတ္တဖြုတ်ယူ၍ ပြန်လည်ပြုပြင်ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှု နှစ်နှစ်ဆက်တိုက်ကျဆင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဘိန်းစိုက်ဧက ၃၂၈၀၂ ဧကကျော် ဖျက်ဆီးနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာအပေါ် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် ၁၉၉၉-၂၀၀၀ ခုနှစ်မှစ၍ ငါးနှစ်စီမံကိန်းစီဖြင့် ဆောင်ရွက်ခဲ့ရာ ယခုနှစ်သည် စတုတ္ထငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်သို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရက မြန်မာကျပ်ငွေ ၄၇၃၂၄ သန်းကျော် အကုန်အကျခံ၍ ဘိန်းစိုက်ပျိုးမှုနှင့်ထုတ်လုပ်မှုကျဆင်းရေးအတွက် ဒေသဖွံ့ဖြိုးရေး၊ မွေးမြူရေး၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး၊ ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ အသိပညာပေးရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့်လည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) နှင့်ပူးပေါင်း၍ ရေရှည်တည်တံ့စေမည့် ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဟိုပုံး၊ ပင်လုံနှင့် လွိုင်လင်မြို့နယ်များ၌လည်းကောင်း၊ ထိုင်းနိုင်ငံ၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) နှင့်ပူးပေါင်း၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်တို့၌ ရေရှည်တည်တံ့မည့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိပြီး တရုတ်နိုင်ငံနှင့်ပူးပေါင်း၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၌လည်း အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

ဘိန်းစိုက်ပျိုးမှုနှင့်ထုတ်လုပ်မှုများ လျော့နည်းကျဆင်းရေးအတွက် နှစ်စဉ်ဘိန်းခင်းများ ဖျက်ဆီးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ခုနှစ် ဘိန်းစိုက်ရာသီတွင် ဘိန်းခင်း ၁၃၂၇၄ ဒသမ ၉၈ ဟက်တာ (၃၂၈၀၂ ဒသမ ၄၇ ဧက) ဖျက်ဆီးနိုင်ခဲ့သည်။

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး (UNODC)အနေဖြင့် အရှေ့တောင်အာရှဒေသ ဘိန်းစိုက်ပျိုးမှုသတင်းအချက်အလက်များကို နှစ်စဉ်ထုတ်ပြန်လျက်ရှိရာ ၂၀၁၃ ခုနှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးပမာဏမှာ ၅၇၈၀၀ ဟက်တာ (၁၄၂၈၃၃ ဧက)နှင့် ဘိန်းထုတ်လုပ်မှု မက်ထရစ်တန် ၈၇၀ ထွက်ရှိခဲ့ပြီး ၂၀၁၄ ခုနှစ် ဘိန်းစိုက်ပျိုးပမာဏမှာ ၅၇၆၀၀ ဟက်တာ (၁၄၂၃၃၉ ဧက)၊ ဘိန်းထုတ်လုပ်မှု မက်ထရစ်တန် ၆၇၀ ထွက်ရှိခဲ့သဖြင့် ဘိန်းစိုက်ပျိုးမှု ဟက်တာ ၂၀၀ (၄၉၄ ဧက) ၀ ဒသမ ၃ ရာခိုင်နှုန်းလျော့နည်းကျဆင်းခဲ့ပြီး ဘိန်းထုတ်လုပ်မှုမှာ ၂၀၀ မက်ထရစ်တန် ၂၃ ရာခိုင်နှုန်းလျော့နည်းကျဆင်းခဲ့သည်။ ၂၀၁၅ ခုနှစ် ဘိန်းစိုက်ပျိုးမှု ပမာဏမှာ ဟက်တာ ၅၅၅၀၀ (၁၃၇၁၄၀ ဧက)နှင့် ဘိန်းထုတ်လုပ်မှုမှာ ၆၄၇ မက်ထရစ်တန်ထွက်ရှိသဖြင့် ဘိန်းစိုက်ပျိုးမှု ဟက်တာ ၂၁၀၀ (၅၁၈၉ ဧက) ၄ ရာခိုင်နှုန်းလျော့နည်းကျဆင်းခဲ့ပြီး ဘိန်းထုတ်လုပ်မှုတွင် ၂၃ မက်ထရစ်တန် ၃ ဒသမ ၇၃ ရာခိုင်နှုန်းလျော့နည်းကျဆင်းခဲ့သည်။

ထိုသို့ ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှု နှစ်နှစ်ဆက်တိုက် ကျဆင်းရခြင်းမှာ နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့ ၁၀ ဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုတို့၏ အကျိုးရလဒ်များဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဇနီးဖြစ်သူကို ဓားဖြင့်ထိုး၍ တိမ်းရှောင်လာသူအား သရက်ချောင်းမြို့နယ်၌ ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ဝင်းဝနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၄ ရက် ည ၆ နာရီက နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် မင်းဒပ်ကျေးရွာအနီးအရောက် ထားဝယ်-မြိတ် ကားလမ်းအတိုင်း လမ်းလျှောက်သွားနေသည့် လူစိမ်းတစ်ဦးကို မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်နေ ဇေယျာသိန်း(၂၆ နှစ်) **(ယာပုံ)** ဖြစ်ပြီး ၎င်းသည် ဒီဇင်ဘာ ၂၁ ရက် နံနက် ၆ နာရီခန့်က ပုဇွန်တောင်မြို့နယ်(၅၆)လမ်း၊ ကားမှတ်တိုင်အနီး၌ဇနီးဖြစ်သူ မမေသူနိုင် (၂၂နှစ်)အား ဓားဖြင့်ထိုး၍ ထွက်ပြေးတိမ်းရှောင်လာခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပုဇွန်တောင်မြို့မရဲစခန်းက ပြစ်မှုပုဒ်မပြောင်းလဲစစ်ဆေးလျက်ရှိကြောင်း သိရှိရသဖြင့် ဇေယျာသိန်းကို သရက်ချောင်းမြို့မရဲစခန်း၌ ချုပ်နှောင်ထားရှိပြီး သက်ဆိုင်ရာ ပုဇွန်တောင်မြို့မရဲစခန်းသို့ လွှဲပြောင်းပေးအပ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**



# ဘိန်းဖြူနှင့်စိတ်ကြွရူးသွပ်ဆေးပြား မြို့နယ်သုံးခုပေါင်း တစ်သိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲ(၂) နယ်မြေ(၅) အမှတ်(၁၂) ရွက်ညိုတောင်စခန်းမှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု (၄၆)မောင်တောမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက်က မောင်တောမြို့ ခြံပြင်ကျေးရွာနေ အောင်သန်းနိုင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀၀၀ သိမ်းဆည်းရမိသည်။



အလားတူ ဒီဇင်ဘာ ၂၃ ရက်က လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာအုပ်စု မန်နားကျေးရွာနေ လီရှောက်တယ်၏ နေအိမ်ကိုရှာဖွေရာ လီရှောက်တယ်နှင့်အတူ ရန်စင်းယို၊ ဟွမ်လောက်ယွမ်နှင့် ကျော်ထွေးတို့ လေးဦးကို တွေ့ရှိရပြီး ၎င်းတို့ထံမှ ဘိန်းဖြူအလေးချိန် ၀ ဒသမ ၀၅၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၅၀ တို့ကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက်က လောက်ကိုင်မှ ချင်းရွှေဟော်ဘက်သို့ တားလီမောင်းနှင်ပြီး မရှောက်ထွမ်းလိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ မရှောက်ထွမ်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၆၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မြို့သစ်မြို့နယ်၌ တောဆင်ရိုင်းများ သီးနှံစိုက်ခင်းများ ဝင်ရောက်ဖျက်ဆီး

**မကွေး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကွင်းကြီးကျေးရွာအုပ်စု၌ ဒီဇင်ဘာလအတွင်း တောဆင်ရိုင်းများ စိုက်ခင်းများကို ဝင်ရောက်စားသောက် ဖျက်ဆီးမှု မကြာခဏဖြစ်ပွားကြောင်း ဒေသခံများထံမှ သိရသည်။

ဖြစ်စဉ်မှာ တောရိုင်းဆင်များသည် မြို့သစ်မြို့နယ် ကွင်းကြီးကျေး ရွာအုပ်စု ကွင်းကြီးကျေးရွာ၊ အိုင်မကျေးရွာ၊ သုံးဆင့်ကျေးရွာတို့၌ ဒီဇင်ဘာ ၂၁ ရက် ည ၉ နာရီက အဆိုပါကျေးရွာများရှိ လယ်များ၊ပဲစင်းငုံခင်းများ၊ နှံစားပြောင်းခင်းများ၊ ငှက်ပျောခင်းများကို ဝင်ရောက်စားသောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။ “တောဆင်ရိုင်းတွေက နေ့ဘက် တောတောင် လျှိုမြောင်တွေထဲမှာနေပြီး ညကျမှ သီးနှံစိုက်ခင်းတွေကို ဝင်ရောက် စားသောက်ဖျက်ဆီးနေတာပါ။ ဒီလို ဖြစ်နေတာကတော့ လွန်ခဲ့တဲ့ နိုဝင်ဘာလကတည်းက ကျွန်တော်တို့ ကျေးရွာအုပ်စုတွေမှာ ကြိုးကြားကြိုးကြားဖြစ်နေတာပါ” ဟု အိုင်မကျေးရွာနေသူ ဦးဘိုအေးက ပြောသည်။

တောဆင်ရိုင်းများ ကွင်းကြီးကျေးရွာအုပ်စုသို့ ဝင်ရောက်ခဲ့မှုနှင့်ပတ်သက်၍ မြို့သစ်မြို့နယ်တောအုပ်ဦးဝင်းအောင်က သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက စတင်ကာ ဒေသခံကျေးရွာနေပြည်သူများအား တောဆင်ရိုင်းများ၏ အန္တရာယ်ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ခြင်းနှင့် သုံးဆင့်ကျေးရွာအနီး ဝင်ရောက်လာသော တောဆင်ရိုင်း ၁၂ ကောင်ကို ၎င်းတို့ကျက်စားရာ သုံးဆင့်ကျေးရွာနှင့် ငါးမိုင်ခန့်ဝေးသော စွန်ကြိုးဝိုင်းအတွင်းသို့ ခြောက်လှန့်မောင်းနှင်ပြီးဖြစ်ကြောင်း သိရသည်။ **ကျော်ဇေယျ**

## မြန်မာ့ပင်လယ်ပြင် လေပြင်းများတိုက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံအရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ၃၅ မိုင်အထိ တိုတ်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

# ဒုတိယအကြိမ် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေး ရခိုင်ပြည်နယ်တစ်ဝန်းလုံးတွင် တိုက်ကျွေးမည်

စစ်တွေ ဒီဇင်ဘာ ၂၅

**ဒုတိယအကြိမ် အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးကို ဒီဇင်ဘာ ၂၆၊ ၂၇၊ ၂၈ ရက်တို့တွင် ရခိုင်ပြည်နယ်ရှိ မြို့နယ်အားလုံးအပါအဝင် နယ်နိမိတ်ချင်းထိစပ်သော ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးရှိ မြို့နယ်တချို့တွင် တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။**

အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးကို ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်နှင့် နယ်နိမိတ်ချင်းထိစပ်သော ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးရှိ မြို့နယ်တချို့တွင် အသက်ငါးနှစ်အောက် ကလေးငယ်များကိုတိုက်ကျွေးခဲ့ပြီး တိုက်ကျွေးနေစဉ်ကာလမှာပင် လက်ရှိတွေ့ရှိထားသော ပိုလီယိုရောဂါအသွင်ပြောင်း ဗိုင်းရပ်စ်သည် ကူးစက်မြန်ဗိုင်းရပ်စ်တစ်မျိုးဖြစ်ကြောင်း၊ ထပ်မံသိရှိရသဖြင့် ဒုတိယအကြိမ်တွင် ရခိုင်ပြည်နယ်ရှိ မြို့နယ်အားလုံးတွင် အသက် ငါးနှစ်အောက်ကလေးငယ်များနှင့် ပိုလီယိုအသွင်ပြောင်း ရောဂါတွေ့ရှိရာ မောင်တောမြို့နယ် ယင်းနှင့် နီးစပ်ရာ ဘူးသီးတောင်မြို့နယ်တွင် အသက် ၁၀နှစ်အောက် ကလေးများကိုပါ တိုက်ကျွေးသွားမည်ဖြစ်ကြောင်းသိရသည်။



**ကျန်းမာရေးဝန်ထမ်းများက ကလေးငယ်တစ်ဦးအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနေစဉ်။**

မြန်မာနိုင်ငံအား ပိုလီယိုရောဂါ လုံးဝ ကင်းစင်သော နိုင်ငံဖြစ်လာစေရန် သန္နိဋ္ဌာန်ချ၍ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ပုံမှန်ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ် မတ် ၂၇ ရက်တွင် ပိုလီယိုရောဂါကင်းစင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုကြေညာမှုကို ရရှိခဲ့ပြီဖြစ်သော်လည်း ၂၀၁၅ ခုနှစ် ဧပြီလနှင့် အောက်တိုဘာလတို့တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် အသွင်ပြောင်း ပိုလီယိုရောဂါ ကူးစက်ခံရသော ကလေးနှစ်ဦးကို တွေ့ရှိခဲ့ရကြောင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဒုတိယဦးစီးမှူး ဒေါက်တာအောင်သူရိန်၏ ပြောပြချက်အရ သိရသည်။

ယင်းအပြင် ပိုလီယိုရောဂါပိုး ကူးစက်ပျံ့နှံ့မှု မရှိစေရန်အတွက် မောင်တောမြို့တွင် မွေးကင်းစ ကလေးငယ်များကိုပါ မွေးပြီးသည်နှင့် တိုက်ကျွေးသွားရန်စီစဉ်လျက်ရှိပြီး နယ်စပ်ထွက်ပေါက်မြို့ဖြစ်သောကြောင့် တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကူးလူးဆက်သွယ်သွားလာနေသူများအား လည်းကောင်း၊ မောင်တော၊ ဘူးသီးတောင်၊ စစ်တွေမြို့များသို့ ကူးလူးဆက်သွယ်ရာတွင် လိုက်ပါလာသော အသက် ၁၀ နှစ်အောက် ကလေးငယ်များအား လည်းကောင်း တိုက်ကျွေးသွားမည်ဖြစ်ပြီး တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဝင်ရောက်လာသူများကို လည်းကောင်း တိုက်ကျွေးခြင်း ပြုလုပ်နိုင်ရန် မြန်မာနိုင်ငံအခြေစိုက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံအခြေစိုက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ညှိနှိုင်းလျက်ရှိကြောင်း ဒေါက်တာအောင်သူရိန်က ပြောသည်။ ပိုလီယိုအကြောသေရောဂါကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကာကွယ်ပြီးကလေးများတွင် မဖြစ်အောင် ဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်ထိ တတိယအကြိမ် အဖြစ်လည်းကောင်း၊ ဇန်နဝါရီလဒုတိယပတ်နှင့် စတုတ္ထပတ်တွင် မြန်မာနိုင်ငံရှိ မြို့နယ် ၁၇၁ မြို့နယ်မှာ နှစ်ကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

အသွင်ပြောင်းပိုလီယိုရောဂါသည် အစာအိမ်လမ်းကြောင်းမှ တစ်ဆင့်ကူးစက်တတ်သော ရောဂါဖြစ်ပြီး လူကြီးလူငယ်မရွေး ကူးစက်တတ်ကာ အသက် ၁၀ နှစ်အောက် ကလေးငယ်များတွင် အဖြစ်များကြောင်း သိရသည်။ ပိုလီယိုရောဂါဖြစ်ပွားပြီဆိုပါက ပုံမှန်ပြေးလွှား ဆော့ကစားနေသော ကလေးသည် ရုတ်တရက်မပြေးတော့ဘဲ ကြွက်သားများအားနည်းလာကာ အကြောများ သေဆုံးသွားပြီး တစ်သက်လုံး မသန်စွမ်းဘဝသို့ ရောက်သွားစေသော ရောဂါတစ်ခုဖြစ်သည်။ အဆိုပါ ရောဂါဖြစ်ပွားလာလျှင် ကုသရန် ဆေးမရှိဘဲ ကာကွယ်ဆေးသည်သာ အထိရောက်ဆုံးကာကွယ်နိုင်သည့် နည်းလမ်းဖြစ်ကြောင်း သိရသည်။ အသွင်ပြောင်း ပိုလီယိုရောဂါသည် ကာကွယ်ဆေးတိုက်၊ ဆေးထိုးခြင်း လုပ်ငန်းလွှမ်းခြုံမှု အားနည်းသော ဒေသတွင်ပြန်လည်ဝင်ရောက်နိုင်ပြီး ရောဂါဖြစ်ပွားမှုရှိသော ဒေသတွင် စောစီးစွာတွေ့ရန် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ လုပ်ငန်းစံချိန်မီ ဆောင်ရွက်ခြင်း၊ ရောဂါပိုးပြန်လည် ဝင်ရောက်နိုင်ခြေများအား နေရာဒေသအလိုက် ဆန်းစစ်ခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ဆောင်ရွက်နေကြောင်းလည်း သိရသည်။

ယခုတိုက်ကျွေးနေသော အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ခြင်းလုပ်ငန်းသည် ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးနေသော လုပ်ငန်းမဟုတ်ဘဲ မောင်တောမြို့တွင် ပိုလီယိုအသွင်ပြောင်း ရောဂါပိုးအား ကလေးငယ်နှစ်ဦးတွင် တွေ့ရှိခဲ့မှုကြောင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်သည့် ကာကွယ်ဆေးတိုက်လုပ်ငန်းဖြစ်ပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုသာလျှင် ရာနှုန်းပြည့်အောင်မြင်နိုင်မည်ဖြစ်ပြီး ပထမအကြိမ် တိုက်ကျွေးစဉ်က ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ၊ ပုဏ္ဏားကျွန်း၊ စစ်တွေ၊ ပေါက်တော စသည့်မြို့နယ်များတွင် ကလေးငယ်စုစုပေါင်း သုံးသိန်းတစ်သောင်းကျော်ကို တိုက်ကျွေးပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် ပိုလီယိုအသွင်ပြောင်းရောဂါပိုးကို မြန်မာနိုင်ငံမှာသာမက နိုင်ဂျီးရီးယားတွင် မေလအတွင်း ကလေးငယ်တစ်ဦး၊ ယူကရိန်းတွင် ဇူလိုင်လအတွင်း ကလေးငယ်နှစ်ဦး၊ ဂီနီတွင် ဇူလိုင်လအတွင်း ကလေးငယ်နှစ်ဦး၊ မာဒါဂါစကာတွင် ဩဂုတ်လအတွင်း ကလေးငယ် ၁၁ ဦး၊ လာအိုတွင် ဇူလိုင်လအတွင်း ကလေးငယ်သုံးဦးတို့ တွေ့ရှိခဲ့ကြောင်း WHO ၏ စာရင်းများအရ သိရသည်။ **မြတ်ဝေ**

# ပြင်ဦးလွင် ဒီဇင်ဘာမွေးမြူရေးခြံ၌ မွေးမြူရေးဆိုင်ရာပြပွဲနှင့် အိမ်မွေးတိရစ္ဆာန်ပြပွဲ ပြိုင်ပွဲကျင်းပ

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် အိမ်မွေးတိရစ္ဆာန်မွေးမြူသူများအသင်းတို့ ပူးပေါင်းကျင်းပသည့် (၁၁) ကြိမ်မြောက် မွေးမြူရေးဆိုင်ရာပြပွဲနှင့် (၅) ကြိမ်မြောက် အိမ်မွေးတိရစ္ဆာန်ပြပွဲ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ပြင်ဦးလွင်မြို့ရှိ ဒီဇင်ဘာ မွေးမြူရေးခြံ၌ ကျင်းပလျက်ရှိကြောင်း သိရသည်။



**အိမ်မွေးခွေးတစ်ကောင် ပြိုင်ပွဲဝင်နေစဉ်။** (ဓာတ်ပုံ - **MRTV**)

"အခိကကတော့ မွေးမြူရေးဆိုင်ရာ ဆေးဝါးတွေ၊ အသုံးအဆောင်ပစ္စည်းတွေ၊ အိမ်မွေးတိရစ္ဆာန်အသုံးအဆောင်ပစ္စည်းတွေကို တစ်နေရာတည်းမှာ အလွယ်တကူကြည့်ရှုဝယ်ယူနိုင်ဖို့ရယ်၊ ကုမ္ပဏီတွေနဲ့ မွေးမြူရေးလုပ်ငန်းရှင်တွေ အနေနဲ့လည်း တစ်နေရာတည်းမှာ တွေ့ဆုံနိုင်ဖို့ရယ် ကျင်းပတဲ့ပွဲဖြစ်ပါတယ်။ ပြိုင်ပွဲဝင် တိရစ္ဆာန်တွေအနေနဲ့ ဘယ်လိုပြိုင်ပွဲတွေမှာ ဝင်ရတယ်၊ ပြီးတော့ နိုင်ငံတကာ အတွေ့အကြုံလည်းရအောင်ပါ။ နောက်တစ်ခုက အိမ်မွေးတိရစ္ဆာန်မွေးမြူ သူများအနေနဲ့လည်း ဒီပြိုင်ပွဲမှာယှဉ်ပြိုင်ပြီးတော့ ဆုရရှိခဲ့တယ်ဆိုရင် သူ့ရဲ့ မျိုးရိုးဟာလည်း ဈေးကွက်မှာနာမည်ရတဲ့ မျိုးရိုးဖြစ်လာမယ်"ဟု ပြိုင်ပွဲ ကျင်းပရေး တာဝန်ရှိသူတစ်ဦးက ပြောသည်။

အိမ်မွေးတိရစ္ဆာန်ခွေးပြိုင်ပွဲတွင် ခွေးအုပ်စုမျိုးစုံမှာ ပြိုင်ပွဲဝင်အိမ်မွေးခွေး ၅၉ ကောင်တို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကျန်းမာရေးစစ်ဆေးမှုနှင့် ပတ်သက်ပြီး "ပြိုင်ပွဲဝင်တဲ့ တိရစ္ဆာန်တွေက ခွေးအမျိုးအစားအုပ်စုအလိုက် ပြိုင်ပွဲဝင်တာဖြစ်ပါတယ်။ အဲဒီလိုပြိုင်ပွဲဝင်တဲ့အတွက်ကြောင့် ခွေးတွေရဲ့ အမျိုး အစားအလိုက် ရှိသင့် ရှိထိုက်တဲ့ အလေးချိန်တို့၊ ဝိတ်တန်းတို့၊ သူတို့ရဲ့ ပုံသဏ္ဌာန်တို့နဲ့ ကိုက်ညီမှုတွေကို ကျွန်တော်တို့ စစ်ဆေးနေပါတယ်။ နောက်ပြီးခွေးတွေမှာ ကူးစက်ရောဂါကာကွယ်ဆေးတွေထိုးနှံခြင်း ရှိ မရှိ၊ အရေပြားရောဂါ ရှိ မရှိ ဆိုတာလည်း စစ်ဆေးပါတယ်။ ခွေးရဲ့ပုံသဏ္ဌာန်က ဖျတ်ဖျတ်လတ်လတ်နဲ့ ကောင်းကောင်းမွန်မွန်ရှိရမယ်၊ စတဲ့အချက်တွေနဲ့ ကျွန်တော်တို့ အခိကထားစစ်ဆေးပါတယ်"ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာရန်နိုင်စိုးက ပြောသည်။

အိမ်မွေးတိရစ္ဆာန်ခွေးပြပွဲ ပြိုင်ပွဲများတွင် မလေးရှားနိုင်ငံမှ နိုင်ငံတကာ အသိအမှတ်ပြု ဒိုင်လူကြီးတစ်ဦးက အကဲဖြတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလှမွေးခွေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လေ့ကျင့်ပြင်ဆင်ထားပုံနှင့် ပတ်သက်ပြီး အိမ်မွေးခွေးပိုင်ရှင်တစ်ဦးက ကျွန်တော့်အနေနဲ့ ဝါသနာအရ မွေးမြူတာပါ၊ "စီးပွားဖြစ်တော့မဟုတ်ပါဘူး၊ ဒါပေမယ့် သူတို့ကို ကောင်းကောင်းထားတယ်၊ ကောင်းကောင်းကျွေးတယ်။ ဒီပြိုင်ပွဲမှာပဲ ပထမဦးဆုံးအကြိမ်ဝင်ပြိုင်ဖူးတာပါ။ အိမ်မှာတော့မွေးမြူထားတဲ့ ခွေးငါးကောင်ရှိပါတယ်။ အဲဒီထဲမှာ အလှဆုံးလို့ ယူဆရတဲ့ခွေးကို ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒီခွေးက အလှသက်သက်ပဲ။ မျိုးရိုးကောင်းတဲ့အတွက် ခန္ဓာကိုယ်အချိုးအစားလှပမှုနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်" ဟု ပြောသည်။

အဆိုပါပြိုင်ပွဲကို ကျင်းပပေးခြင်းသည် အိမ်မွေးတိရစ္ဆာန်များ၏ အသုံးဝင်ပုံကို သိရှိစေနိုင်ပြီး အမျိုးအစားအလိုက် ရှိသင့် ရှိထိုက်သည့် အရည်အချင်းများကို မွေးမြူရေးပိုင်ရှင်များ သိရှိစေနိုင်ရေးနှင့် မွေးမြူသူများအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုရရှိစေရေးတို့အတွက် ရည်ရွယ်၍ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။ **တင်မောင်လွင်(မြန်မာ့အလင်း)**

### ❖ *ကျောဖုံးမှ*

မန္တလေးအကယ်ဒမီ(က)အသင်း၊ ရန်ကုန်အကယ်ဒမီအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၂၆ ၊ ၂၇ ၊ ၂၈ ရက်တို့တွင် နံနက်နှစ်ပွဲ၊ ညနေနှစ်ပွဲနှုန်းဖြင့် တစ်နေ့လျှင် လေးပွဲကျင်းပသွားမည်ဖြစ်သည်။ ပွဲစဉ်များကို သုဝဏ္ဏမြက်ခင်းတုလေ့ကျင့်ရေးကွင်း (၃)နှင့် (၄)၌ကျင်းပမည် ဖြစ်ပြီး ယနေ့တွင်ပွဲဦးထွက်ပွဲစဉ်အဖြစ် နံနက် ၉ နာရီခွဲတွင် မန္တလေး အကယ် ဒမီ(ခ) အသင်းနှင့် ဇွဲကပင်အကယ်ဒမီ(က)အသင်း၊ တပ်မတော်အကယ်ဒမီအသင်းနှင့် ဧရာဝတီအကယ်ဒမီအသင်း၊ ညနေ ၃ နာရီခွဲတွင် ဇွဲကပင်အကယ်ဒမီ (ခ) အသင်းနှင့် ရန်ကုန်အကယ်ဒမီအသင်း၊ ရတနာပုံအကယ်ဒမီအသင်းနှင့် မန္တလေးအကယ်ဒမီ (က)အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဆီမီးပွဲစဉ်များကို ဒီဇင်ဘာ ၂၉ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဒီဇင်ဘာ ၃၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။ ယခုပြိုင်ပွဲမှ အလားအလာရှိသည့် ကစားသမားများကို မြန်မာလူငယ်လက်ရွေးစင်အဖြစ် ရွေးချယ်သွားမည်ဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်နိုင်ရန် လေ့ကျင့်ပြင်ဆင်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲနှင့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းကကျင်းပခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့သည်။

ဒီဇင်ဘာ ၂၅ ရက်က မြင်းမူမြို့မဈေးအတွင်း ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကားနှင့် တွန်းလှည်းများ နံနက် ၈ နာရီမှ ညနေ ၃ နာရီအတွင်း ဝင်ခွင့်မပြုဟု သတိပေးဆိုင်းဘုတ်များ ရေးသားထားသော်လည်း ဆိုင်ကယ်များ မြို့မဈေးအဝင်ပေါက်တွင် စည်းကမ်းမဲ့ရပ်ထားမှုကို တွေ့ရစဉ်။ (ဝ၇၉)



# ခရစ်တော်မွေးနေ့ သန်းခေါင်ယံစုပေါင်းဝတ်ပြုဆုတောင်းပွဲ ဖျာပုံ၌ကျင်းပ

**ဖျာပုံ ဒီဇင်ဘာ ၂၅**

ခရစ်ယာန်ဘာသာဝင်များ၏ ခရစ်တော်မွေးနေ့သန်းခေါင်ယံ ဝတ်ပြုဆုတောင်းပွဲကို ဒီဇင်ဘာ ၂၄ ရက် ည ၁၀ နာရီမှစတင်ကာ ဒီဇင်ဘာ ၂၅ ရက် အထိ ဖျာပုံမြို့ (၅)လမ်းရှိ စိန်ရေဗားကက်သလစ် သာသနာဘုရားကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဝတ်ပြုဆုတောင်းပွဲတွင် ရန်ကုန်မြို့မှ ဂိုဏ်းချုပ်ဆရာတော်ကြီး မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော သာသနာပြုရဟန်းအမတ် ကာဒီနယ်ချားလ်စ်ဘို ကြွရောက်၍ ခရစ်တော်၏ဂုဏ်တော်များ ဟောပြောချီးမွမ်းခြင်း၊ သမ္မာကျမ်းစာဖတ်ကြားခြင်း၊ မွေးနေ့တော်သတင်းစကား ဝေမျှခြင်းများပြုလုပ်ခြင်းနှင့်အတူ ခရစ္စမတ်ကိတ်ခွဲကြခြင်းဖြင့် ဝတ်ပြုဆုတောင်းခဲ့ကြသည်။

ယင်းနောက် ခရစ်ယာန်ဘာသာဝင်လူငယ်များကလည်း ခရစ္စမတ်အထိမ်းအမှတ် မီးရှူး မီးပန်းများ ပစ်လွှတ်ခြင်း၊ မီးပုံးပျံများလွှတ်တင်ခြင်းတို့ဖြင့် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။ **သူဇာနွယ်(ဖျာပုံ)**





တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်း ကေတုမတီမုခ်ဦးအနီးရှိ ရွှေနှလုံးတော်ကက်သလစ်ဘုရားကျောင်းတွင် ခရစ္စမတ်နေ့ မီးရောင်စုံများ ထွန်းညှိထားရှိသည်ကို ဒီဇင်ဘာ ၂၅ ရက်က တွေ့ရစဉ်။ သူရ(တောင်ငူ)





# မူဆယ်တွင် ခရစ္စမတ်ပွဲတော်စည်ကားစွာကျင်းပ

**မူဆယ် ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၅ ရက်သည် သခင်ယေရှု၏ လူသားဇာတိကိုခံယူပြီး ကမ္ဘာသူကမ္ဘာသားများ ငြိမ်းချမ်းစေရန်နှင့် လူလူချင်း ချစ်ခြင်းပွားများစေရန်နှင့် နောင်ဘဝအထိ အေးချမ်းသာယာမှုကို ဆောင်ကြဉ်းပေးသော၊ ခရစ်ယာန်ဘာသာဝင်များ သက်ဝင်ယုံကြည်သော နေ့ရက်မြတ်လည်းဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ပေါ်နှင့် ကျေးရွာခရစ်ယာန်ဘုရားရှိခိုးကျောင်းများတွင် ဒီဇင်ဘာလဆန်းပိုင်းကစပြီး ခရစ္စမတ်ပွဲတော်အထိမ်းအမှတ်အဖြစ် ပြုလုပ်ရာတွင် ခရစ်ယာန်ဘာသာဝင်များသာမက တိုင်းရင်းသားလူမျိုးဘာသာပေါင်းစုံ ပျော်ရွှင်စွာကျင်းပခဲ့ကြသည်။

ဒီဇင်ဘာ ၂၅ ရက်တွင် မူဆယ်မြို့ တိုင်းရင်းသားဘုရားရှိခိုးကျောင်း၊ ကချင်နှစ်ခြင်းအသင်းတော်၊ ချင်းနှစ်ခြင်းအသင်းတော်၊ ဧဝံဂေလိအသင်းတော်၊ ကက်သလစ်သာသနာကျောင်းအသီးသီးတွင် မြန်မာပြည်ငြိမ်းချမ်းစေရန်နှင့် နိုင်ငံသူနိုင်ငံသားအပေါင်း လာမည့်နှစ်သစ်ရက်မြတ်များတွင် စည်းလုံးညီညွတ်ချစ်ကြည်သော နိုင်ငံတော်တည်ထောင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုကြလျက် စားဖွယ်များဖြင့် ဧည့်ခံကျွေးမွေးစည်ကားလျက်ရှိကြောင်း သိရသည်။ **အယ်လ်စိုး(ပြန်/ဆက်)**

# ခရစ္စမတ်ပွဲတော်အား ငြိမ်းချမ်းစည်ကားစွာကျင်းပ

**မန့်ဝိန်းကြီး ဒီဇင်ဘာ ၂၅**

ခရစ္စမတ်ပွဲတော်ကို လူသားများအတွက် ငြိမ်းချမ်းရေးဆုလာဘ် အထိမ်းအမှတ်အဖြစ် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တရုတ်နိုင်ငံ နယ်ခြားမြို့ကလေးများဖြစ်သော ဗန်းမော်ဒေသ လွယ်ဂျယ်၊ မန်စီ၊ မန့်ဝိန်းကြီး၊ **(အပေါ်ပုံ)** နမ့်ခမ်းဒေသ၊ နမ့်တောင်းဒေသများတွင် ခရစ်ယာန်ဘာသာဝင်များက အသွင်အမျိုးမျိုး၊ အားကစား၊ ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပလျက်ရှိသည်။

ထိုသို့ကျင်းပရာ၌ ဒေသတွင်းငြိမ်းချမ်းစေရေး၊ ဆုတောင်းပွဲများ၊ ငြိမ်းချမ်းရေးဓမ္မတေးသီဆိုပြိုင်ပွဲများဖြင့် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ ချစ်ကြည်ရင်းနှီးစွာ အတူတကွပြုလုပ်ကြပြီး စားဖွယ်များဖြင့် လည်းကောင်း၊ တစ်နှစ်တာလုံး မိသားစုဆုံစည်းရာ နေ့ရက်ကာလအဖြစ် လည်းကောင်း၊ ခရစ္စမတ်မေတ္တာလက်ဆောင်ပေးခြင်းများကို ပြုလုပ်ကြသည်။

ကချင်ပြည်နယ် မန့်ဝိန်းကြီးဒေသမှ ခရစ်ယာန်ဘာသာဝင်များက ဒီဇင်ဘာ ၂၀ ရက်တွင် ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဝန်ထမ်းများစုပေါင်းလျက် အားကစားပြိုင်ပွဲမျိုးစုံဖြင့် စည်ကားသိုက်မြိုက် ငြိမ်းချမ်းစွာ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(ပြန်/ဆက်)**





လားရှိုးမြို့ တက္ကသိုလ်လမ်း လားရှိုးမက်သဒစ်အသင်းတော်ကျောင်းခန်းမ၌ ခရစ္စမတ်နေ့အထိမ်းအမှတ် မေတ္တာပို့ဆုတောင်းပွဲ ကျင်းပစဉ်။ ဟန်ဋ္ဌေး(လားရှိုး)

## နေရာ ကွက်ကျား မိုးရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မြန်မာ့အလင်း)**

# ခရစ္စမတ်နေ့တွင် ပြင်ဦးလွင်မြို့၌ စည်ကားများပြား

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့)သည်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်၊ ဈေးပိတ်ရက် တစ်ရက်ဖြစ်နေပြီး ပြင်ဦးလွင်မြို့၌ ပန်းပွဲတော်၊ ဂီတပွဲတော်ကျင်းပသည့် နေ့ရက်နှင့် တိုက်ဆိုင်နေသဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေသည်ကို တွေ့ရသည်။ **(ယာပုံ)**

"ကျွန်တော်တို့ သူငယ်ချင်းတွေစုပြီး ကျောက်ဆည်ကနေ မနက်စောစောထွက်လာကြတာပါ။ မန္တလေးမြို့ကျော်လာတာနဲ့ ပြင်ဦးလွင်သွားတဲ့ကားလမ်းပေါ်မှာ ကားတွေ၊ ဆိုင်ကယ်တွေ၊ တစ်စီတစ်တန်းကြီး ပြည့်နေတာကို တွေ့ရတယ်။ အားလုံးက အားလပ်ရက်မှာပန်းပွဲတော်နဲ့ဂီတပွဲတော်ရှိတဲ့ ပြင်ဦးလွင်ကို ကျွန်တော်တို့လိုတက်ပြီး လည်ပတ်ကြတယ်လို့ ထင်ပါတယ်"ဟု ကျောက်ဆည်မြို့မှ လာရောက်လည်ပတ်သူ တစ်ဦးက လမ်းအတွေ့အကြုံနှင့် သူ၏ထင်မြင်ချက်ကို ပြောပြခဲ့သည်။

ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ဆန်းကလည်း "ဒီရက်ဧည့်သည်တွေလာတာ အလွန်များလွန်းတယ်။ ပြင်ဦးလွင်မြို့မှာ ရှိသမျှတည်းခိုခန်းတွေ၊ ဟိုတယ်၊ မိုတယ်တွေအားလုံး အခန်းငှားမရအောင်ပြည့်သွားတာ။ ဧည့်သည်တွေက လွန်ခဲ့တဲ့ရက်တွေကတည်းက ကြိုတင်ငွေချေစနစ်နဲ့ အခန်းတွေယူထားကြလို့ ဒီလိုပွဲတော်ရက်တွေမှာ အခန်းငှားမရတော့တာ။ မိတ်ဆွေ ဧည့်သည်တွေရောက်လာပြီး အကူအညီတောင်းကြလို့ တစ်မြို့လုံး အနှံ့လိုက်ရှာတာ တောင်တစ်ခန်းတလေမှ မရတော့ဘူး"ဟု ပြောပြခဲ့သည်။

ပြင်ဦးလွင်သို့ လာရောက်လည်ပတ်သူများသည် အများအားဖြင့် ပြင်ဦးလွင်သို့ ရောက်ရှိပါက ပထမဦးစွာ မဟာအံ့ထူးကံသာ(ပြည်ချစ်)ဘုရားကြီးကို ဖူးမြော်ကြည်ညိုကြပြီး ပိတ်ချင်းမြောင်သို့ ဆက်လက်ထွက်ခွာ လည်ပတ်ကြသည်။ အပြန်တွင် ပွဲကောက်ရေတံခွန်၊ တရုတ်ဘုံကျောင်းတို့မှ တစ်ဆင့် ကန်တော်ကြီး အမျိုးသားဥယျာဉ်သို့ လည်ပတ်ကြကာ ပြင်ဦးလွင်မြို့တွင်းရှိ ဆွယ်တာ၊ ဝိုင်၊ မလိုင်မုန့် စသည့် ဒေသထွက်ကုန်ပစ္စည်းတို့ကို အိမ်ပြန်လက်ဆောင်အဖြစ်ဝယ်ယူပြီးမှ အနီးစခန်းရှိ နီးဘုရားကြီးကို နောက်ဆုံးဖူးမြော်ကာ မန္တလေးမြို့မှတစ်ဆင့် သက်ဆိုင်ရာ အမြို့မြို့အနယ်နယ်သို့ ပြန်ကြကြောင်း သိရသည်။

ယခုအချိန်သည် ပြင်ဦးလွင်မြို့၏ အေးမြသော ရာသီဥတုနှင့်အတူ စတော်ဘယ်ရီသီးများ လှိုင်လှိုင်ထွက်ရှိနေခြင်း၊ပန်းချယ်ရီတို့ ဝေဝေဆာဆာ လှလှပပ ဖူးပွင့်လျက်ရှိခြင်း စသည့် လူအများ နှစ်ခြိုက်စိတ်ဝင်တစားရှိသည့်အကြောင်းခြင်းရာတို့ ပြင်ဦးလွင်၌ တည်ရှိနေသည့်အပြင် ပန်းပွဲတော်၊ ဂီတပွဲတော် စသည့် ပွဲတော်တို့ ကျင်းပနေသည့်ရက်တို့နှင့်တိုက်ဆိုင်နေသောကြောင့် ယခုကဲ့သို့ ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**



# ဗုဒ္ဓမြတ်စွယ်တော် မင်္ဂလာဆင်တော်ဖြင့် သီပေါမြို့အတွင်း ဒေသစာရီကြွချီ

**သီပေါ ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်အတွင်း ဗုဒ္ဓစွယ်တော်တိုက်၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် ရှေးနှစ်ပေါင်း ၁၂၃ နှစ်က ကုန်းဘောင်စော်ဘွား စောကြာခိုင် သီဟိုဠ်နိုင်ငံမှ ပင့်ဆောင်ခဲ့သော ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲနှင့် ဒေသစာရီ လှည့်လည်ပူဇော်ခံရေး ပင့်ဆောင်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက်က အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်ရှိ စွယ်တော်ဓမ္မာရုံ၌ ကျင်းပသည်။

အောင်မင်္ဂလာဘိုးတော် ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ မိလိန္ဒအရှင်သူမြတ်ထံမှ အနုမောဒနာ တရားတော်နှင့် ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက အသံမစဲ မဟာပဋ္ဌာန်း ကျမ်းတော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ စွယ်တော်မြတ်ပင့်ဆောင်ရေး ဦးစီးကော်မတီနှင့် ဂေါပကအဖွဲ့များက ဒေသစာရီလှည့်လည် ပူဇော်ခံ မင်္ဂလာဆင်တော်ပေါ်သို့ ပင့်ဆောင်ရန် ကျင်းပရေးအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် သီပေါမြို့ ဘိုးတော်ကျောင်းတိုက်ဓမ္မာရုံမှ မန္တလေး၊ လားရှိုး ပြည်ထောင်စုလမ်းမကြီးအတိုင်း မင်္ဂလာဆင်တော် **(အပေါ်ပုံ)** ဖြင့် ဒေသစာရီကြွချီပြီး နယ်မြေခံ တပ်နယ် မိသားစုနှင့် မြို့ပေါ် ၁၁ ရပ်ကွက်တို့၌ လှည့်လည် အပူဇော်ခံခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ အသံမစဲအဘိဓမ္မာ ခုနစ်ကျမ်းရွတ်ဆိုပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၌ (၃၆)ကြိမ်မြောက် အသံမစဲအဘိဓမ္မာခုနစ်ကျမ်း ရွတ်ဆိုပူဇော်ပွဲကို ပြာသိုလဆန်း ၆ ရက်မှ ပြာသိုလပြည့်အထိ (၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၂၄ ရက်အထိ) စေတီတော်ရင်ပြင်သာသနာ့ဇောတိက ဓမ္မာရုံတော်ကြီး၌ သံဃာတော်အပါး ၃၀ တို့က နာရီပေါင်း ၂၄၀ ကြာ အသံမစဲရွတ်ဆိုပူဇော်ကြမည်ဖြစ်သည်။ ငွေပဒေသာပင်တစ်ပင်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ကုသိုလ်ပါဝင် လှူဒါန်းနိုင်ကြောင်း စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**ကိုချစ်**

✱ ကျောဖုံးမှ

ကောက်ခံပြီးတော့ ကားဝင်ကြေးငွေကျပ် ၂၀၀၀၊ ဆိုင်ကယ်ငွေကျပ်၁၀၀၀ ကောက်ခံပါတယ်။ လာရောက်အပန်းဖြေသူတွေ သက်သောင့်သက်သာ အနားယူနိုင်ဖို့ ရေပူကန်၊ ရေအေးကန်နဲ့ နားနေဆောင်တွေ တည်ဆောက်ထားပါတယ်။ ထို့အပြင် မိသားစုတွေ၊ သူငယ်ချင်းအဖွဲ့တွေ တိတ်ဆိတ်ငြိမ်သက်စွာ အပန်းဖြေနိုင်ရန် လုံးချင်းဘန်ဂလိုသုံးလုံးနဲ့ ခြောက်ခန်းတွဲဘန်ဂလိုတစ်လုံး တည်ဆောက်ပေးထားတာကြောင့် ညအိပ်တည်းခိုလို့ရပါတယ်” ဟု အဆိုပါ အပန်းဖြေစခန်းရှိ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်း ၁၅၀၀ ကျော်တွင် တည်ရှိသော သဘာဝရေပူစမ်းအပန်းဖြေစခန်း၌ သဘာဝအလျောက်ထွက်ရှိသော ရေပူချိန်သည် ၉၀ ဒီဂရီစင်တီဂရိတ်အထိရှိသောကြောင့် ကြက်ဥ၊ ဘဲဥများ မိနစ်အနည်းငယ်အတွင်း ကျက်နိုင်ကြောင်း သိရသည်။

“ညီမတို့က သူငယ်ချင်းတွေစုပြီး ရေပူစမ်းကိုလည်း မရောက်ဖူးတာကြောင့် လာရောက်လည်ပတ်တာပါ။ သဘာဝရေပူစမ်းကို တစ်ခါမှ မစိမ်ဖူးတာကြောင့် လာစိမ်ကြည့်တာပါ။ ဒီမှာရေးထားတော့ ကျန်းမာရေးအတွက် အလွန်ကောင်းမွန်တာကို တွေ့ရပါတယ်။ ကိုယ်လက်အညောင်းအညာတွေပြေတဲ့အတွက် ညီမတို့အတွက် အဆင်ပြေပါတယ်။ အမျိုးသမီးတွေ ကျန်းမာရေးအတွက် အထူးကောင်းမွန်တာကြောင့် လာရောက်လည်ပတ်သင့်တဲ့နေရာတစ်ခုလို့ မြင်ပါတယ်။ နောက်ပြီး သဘာဝတောင်တန်းကြီးတွေက ဘေးပတ်ပတ်လည်ဝန်းရံထားတာကြောင့် ကြည့်ရှုရသူ ရင်ထဲမှာ ကြည်နူးမိပါတယ်။ ဒီမှာ ရေပူစိမ်မယ်၊ ပြီးရင် နားနေဆောင်မှာ နားနေရင်းနဲ့ နေ့လယ်စာစားမယ်။ နောက်ပြီး ရေပူစမ်းမှ တစ်မိုင်ကျော်ကွာဝေးတဲ့ ရေတံခွန်သွားမယ်။ ပျော်စရာ အလွန်ကောင်းပါတယ်”ဟု တပ်ကုန်းမြို့မှ ဘဏ်ဝန်ထမ်းတစ်ဦးက ပြောပြသည်။

ရေပူစမ်းတွင် ရေစိမ်ချိုးပါက ခန္ဓာကိုယ်နွေးထွေးစေခြင်း၊ သွေးလည်ပတ်မှုကောင်းစေခြင်း၊ ညောင်းညာကိုက်ခဲနာကျင်မှုများ လျော့ပါးစေခြင်း၊ အာရုံကြောများ နိုးထစေပြီး ပိုမိုကောင်းမွန်စေခြင်း၊ မီးလောင်အပူဒဏ်ကြောင့် ဒဏ်ရာများ ပျောက်ကင်းသက်သာစေခြင်း၊ အဆစ်ရောင်ရောဂါ၊ Gout ရောဂါရှိသူများအတွက် သင့်လျော်ခြင်း၊ အရေပြားရောဂါ သက်သာပျောက်ကင်းစေခြင်းနှင့် အမျိုးသမီးဆိုင်ရာရောဂါများ သက်သာပျောက်ကင်းစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

“နေပြည်တော် သဘာဝရေပူစမ်းအပန်းဖြေ စခန်းကို အေးတဲ့ဆောင်းရာသီမှာ မကြာမကြာ လာဖြစ်ပါတယ်။ ဒီလို အလွန်အေးတဲ့ ဒီဇင်ဘာလမှာ ရေပူစိမ်ရတာ နွေးထွေးသွားတယ်။ ကျန်းမာရေးနဲ့ ညီညွတ်တာက နောက်မှ ဒီလိုအပေါင်းအသင်းတွေနဲ့ ရေစိမ်ရတာကိုက သဘောကျတယ်။ ပျော်စရာလည်း ကောင်းတယ်။ သူငယ်ချင်းတွေနဲ့ ရေကစားလိုက်၊ စားလိုက်သောက်လိုက် ပျော်စရာအလွန်ကောင်းပါတယ်။ သဘာဝရှုခင်းတွေကလည်း အလွန်လှတယ်။ နောင်လည်း သူငယ်ချင်းတွေနဲ့စုပြီး လာလည်ဦးမှာပါ”ဟု နေပြည်တော်မှ ဝန်ထမ်းအမျိုးသမီးတစ်ဦးက ပြောပြသည်။

သဘာဝရေပူစမ်းရှိ ရေကူးကန်များတွင် လူငယ်၊ လူရွယ် အမျိုးသား၊ အမျိုးသမီးများ ရေစိမ်ခြင်း၊ ရေဆော့ကစားခြင်းများဖြင့် အလွန်စည်ကားနေပြီး ဘန်ဂလိုများတွင်လည်း မိသားစုများဖြင့် စည်ကားနေသည်။ ထို့အပြင် ရေပူစိမ်ပြီးသူများသည် အနားယူသူများရှိကြသကဲ့သို့ တချို့မှာလည်း သဘာဝအတိုင်းထွက်ရှိနေသော ရေပူကန်အနီးတွင် ဓာတ်ပုံရိုက်ခြင်းဖြင့် စည်ကားနေသည်။ အဆိုပါရေပူစမ်းကို နွေရာသီနှင့် မိုးရာသီတို့၌ ခေတ္တပိတ်ထားကြောင်း သိရသည်။

နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းသည် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း ကင်းသာလမ်းခွဲမှ မိုင် ၂၀ ကျော်ကွာဝေးပြီး နေပြည်တော်-ပင်လောင်း လမ်းအနီး၌ တည်ရှိသည်။

# ယာဉ်တင်သွင်းခွင့်မူဝါဒကြောင့် လက်ရှိကားအရောင်းအဝယ် ဈေးကွက်အဝယ်အေးနေကြောင်းသိရ

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၆ ခုနှစ်အတွက် ထုတ်ပြန်လိုက်သည့် ယာဉ်တင်သွင်းခွင့်မူဝါဒကြောင့် လက်ရှိ ကားအရောင်းအဝယ် ဈေးကွက် အဝယ်အေးနေကြောင်း ရန်ကုန်မြို့ လှိုင်မြို့နယ် ယာဉ်ရောင်းဝယ်ရေးစခန်းမှ သိရသည်။**

“ညာမောင်းကားတွေ ဈေးတက်သွားတယ်။ ဘယ်မောင်းကတော့ နဂိုကတည်းက ကားအစီးရေနည်းတဲ့အတွက် အရောင်းအဝယ်မဖြစ်ဘူး၊ ကားအမျိုးအစားတစ်ခုချင်း ဈေးတက်သွားတာမဟုတ်ဘူး။ ကားဈေးတန်းတစ်ခုလုံး တက်သွားတာ။ ကားဈေးကွက်က အရောင်းအဝယ်အေးသွားတယ်”ဟု လှိုင်မြို့နယ် ယာဉ်ရောင်းဝယ်ရေးစခန်းမှ ကိုထွန်းထွန်းက ပြောသည်။

“ကားဈေးက ငါးသိန်း၊ ၁၀ သိန်းလောက်တက်သွားတယ်။ ဈေးကကျဖို့မလွယ်တော့ဘူး။ တက်ဖို့ပဲရှိတော့တယ်။ ညာမောင်းတင်သွင်းခွင့်မရှိတော့တဲ့အတွက် ကားအသစ်ဝယ်ဖို့မလွယ်ဘူး။ ကားအရောင်းပြခန်းတွေလည်း လက်ရှိကားတွေရောင်းကုန်ရင် နားရတော့မယ်ထင်တယ်”ဟု မင်္ဂလာတောင်ညွန့်မြို့နယ် အိုဆာကာ ကားအရောင်းပြခန်း မန်နေဂျာ ဦးခင်မောင်ညွန့်က ပြောသည်။

၂၀၁၆ ခုနှစ် ယာဉ်တင်သွင်းခွင့်မူဝါဒကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ လျော့နည်းစေရေးနှင့် လက်ယာမောင်းစနစ်နှင့် ကိုက်ညီသည့် ဘယ်မောင်းယာဉ်များ အသုံးပြုနိုင်ရေးတို့ကို ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

“အဓိက လမ်းစနစ်နဲ့ညီတဲ့ဟာပြောင်းတာပါ။ လက်ရှိအများစုက ညာမောင်းတွေပါ။ ကိုယ့်လမ်းစနစ်နဲ့ညီတဲ့ဟာကို စဉ်းစားတဲ့အတွက် ဘယ်မောင်းကို ဦးစားပေးတာပါ။ ပြည်တွင်းမှာရှိတဲ့ ကားဈေးက တက်သွားနိုင်တယ်”ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စီးပွားရေးအကြံပေး ဒေါက်တာမောင်အောင်က ပြောသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြည်ပမှကားတင်သွင်းရာတွင် ယာဉ်အိုယာဉ်ဟောင်း အစားထိုးလျှောက်ထားမှုနှင့် ၂၀၁၆ ခုနှစ်တွင် လက်ယာကပ်မောင်းစနစ်ဖြင့် ကိုက်ညီသော အသုံးမပြုရသေးသည့် ယာဉ် (Brand New Vehicle) ဘယ်စတီယာရင်ယာဉ်များ တင်သွင်းရာတွင် ကားပါကင်တင်ပြနိုင်မှုသာ တင်သွင်းခွင့်ပြုမည် ဖြစ်ကြောင်း ပြောသည်။

“ကားပါကင်က ကားအရောင်းပြခန်းတွေအတွက် အပြင်ကဝယ်ရတာ အခုဆို တစ်စီးကို ၁၃ သိန်းလောက်ပေါက်တယ်။ ငွေလဲနှုန်းကလည်း မြင့်နေတယ်။ ကညန၊ ကာစတန် ငွေဈေးမြင့်တာကလည်း ကားဈေးကိုပိုတက်စေပါတယ်”ဟု ဦးခင်မောင်ညွန့် ကပြောသည်။



ကားအရောင်းအဝယ်မော်တော်ယာဉ်ပြခန်းတစ်ခု၌ ပြသထားသည့် ယာဉ်များကိုတွေ့ရစဉ်။

မြန်မာနိုင်ငံတွင် လက်ရှိတရုတ်၊ ကိုရီးယားကားများထက် အသုံးပြုပြီး ညာမောင်း ဂျပန်ကားများကို လူကြိုက်များကြောင်း၊ အသုံးမပြုရသေးသည့်ဘယ်မောင်းကားများကို တင်သွင်းရမည်ဆိုပါက ဈေးနှုန်းကြီးမြင့်မှုကြောင့် ကားဈေးကွက် ရပ်ဆိုင်းသွားနိုင်ကြောင်း လှိုင်မြို့နယ် ယာဉ်ရောင်းဝယ်ရေးစခန်းမှ သိရသည်။

မြန်မာနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ် မတိုင်ခင်က ဘယ်မောင်းစနစ်ကျင့်သုံးခဲ့ပြီး ဘယ်မောင်းစနစ် ကျင့်သုံးသည့်နိုင်ငံများက လက်ယာစတီယာရင်ယာဉ်များ တင်သွင်းခဲ့ကြောင်း၊ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်း ညာမောင်းစနစ် ပြန်လည်ကျင့်သုံးပြီး ယာဉ်များအားလုံးကို ညာစတီယာရင်ယာဉ်များ တင်သွင်းခဲ့ကြောင်း တာမွေမြို့နယ် အမှတ်(၂၅)ယာဉ်ထိန်း ရဲတပ်ဖွဲ့မှ သိရသည်။

“လက်ရှိလမ်းစနစ်က လက်ယာကပ်မောင်း လမ်းစနစ်ဖြစ်တော့ ဘယ် စတီယာရင်ယာဉ် ဖြစ်ရမှာပါ။ ဘယ်မောင်းက ကျော်တက်တဲ့အခါ ယာဉ်မောင်းမြင်ကွင်းပိုကျယ်တယ်။ လမ်းလယ်က ကူးတဲ့လူကိုလည်းမြင်ရတယ်။ တစ်ပိုင်းကပြန်ကြည့်ရင်လည်း ကျွန်တော်တို့နိုင်ငံမှာက ယာဉ်မောင်းအများစုက ညာစတီယာရင်ယာဉ်ကို ပိုကျွမ်းကျင်တယ်။ ဘယ်မောင်းက လမ်းစည်းကမ်းအရ အားသာချက်ရှိသလို ယာဉ်မောင်းအားလုံးကလည်း ညာမောင်းအားသာချက် ရှိနေတယ်။ ယာဉ်အန္တရာယ်ကင်းရှင်းဖို့က အသားကျမှုပေါ်မူတည်တယ်” ဟုအမှတ်(၂၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးဝင်းလွင်က ပြောသည်။

၂၀၁၆ ခုနှစ်တွင် တင်သွင်းမည့် ယာဉ်များတွင် ယာဉ်အိုယာဉ်ဟောင်းအပ်နှံပြီး တင်သွင်းမည့် လူစီးယာဉ်များအတွက် ဘယ်မောင်း၊ ညာမောင်း မခွဲခြားဘဲ တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ကျန်ယာဉ်များကို မြန်မာနိုင်ငံတွင်ကျင့်သုံးသည့် လက်ယာကပ်မောင်းစနစ်ဖြင့်ကိုက်ညီသော အသုံးမပြုရသေးသည့် ယာဉ် (Brand New Vehicle) ဘယ်စတီယာရင်ယာဉ်များသာ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**သတင်း-မင်းသစ်**
**ဓာတ်ပုံ-နေလင်း**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်အကျဉ်းထောင်ကြည့်ရှုစစ်ဆေး

**ထားဝယ် ဒီဇင်ဘာ ၂၅**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်သည် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမြင့်ဝင်းနှင့်အတူ ဒီဇင်ဘာ ၂၃ ရက်က ထားဝယ်အကျဉ်းထောင်မှ ပြစ်ဒဏ်ကျခံနေရသူများအား တွေ့ဆုံပြီး **(ယာပုံ)** ထားဝယ်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ခံနေရသူများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးနှင့် အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုမရှိစေရေးအတွက် လိုအပ်သည်များကို စစ်ဆေးကြည့်ရှုမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသည် တိုင်းဒေသကြီး တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမြင့်ဝင်းနှင့်တရားသူကြီးများ၊ တရားရေးအရာရှိများ၊ ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ လိုအပ်သည်များမှာကြားကာ တိုင်းဒေသကြီး တရားလွှတ်တော်အမှုတွဲ၊ ဝန်ထမ်းအိမ်ရာ၊ ထားဝယ်ခရိုင်တရားရုံး၊ ထားဝယ်မြို့နယ်တရားရုံးနှင့် မြို့နယ်တရားရုံးအတွင်း အသစ်ဆောက်လုပ်လျက်ရှိသော ယာယီအချုပ်ခန်းနှင့် သက်သေနားနေဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# ဓာတ်အားခွဲရုံကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်ရန် ဓာတ်အားခေတ္တပိတ်မည့်အကြောင်း ပြည်သူသို့အသိပေး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း သာကေတဓာတ်အားပေးစက်ရုံတွင် ၁၉၇၄ ခုနှစ်မှ စတင်သုံးစွဲလာသည့် 230 KV Busbar သည် လက်ရှိဝန်အားသုံးစွဲမှုအခြေအနေအရ ဝန်အားမနိုင်တော့သဖြင့် Busbar အသေးအား Busbar အကြီးဖြင့် လဲလှယ်ခြင်းလုပ်ငန်းအား ၂၆-၁၂-၂၀၁၅ ရက်နေ့ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ၊ ၂၇-၁၂-၂၀၁၅ ရက်နေ့ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ခေတ္တဓာတ်အားပိတ်ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ လုပ်ငန်းဆောင်ရွက်နေချိန်အတွင်း ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ တာမွေ၊ ရန်ကင်း၊ မင်္ဂလာ တောင်ညွန့်၊ သယ်န်းကျွန်း၊ ဒဂုံ(တောင်)၊ ဒဂုံ( အရှေ့)၊ ဒဂုံ(မြောက်)၊ သာကေတ၊ ဒေါပုံ၊ တောင်ဥက္ကလာပမြို့နယ် များနှင့် အနောက်ပိုင်းခရိုင်အတွင်းရှိ မရမ်းကုန်းနှင့် ဗဟန်းမြို့နယ်တို့တွင် ယာယီဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

ယင်းသို့ ဓာတ်အားခေတ္တပိတ်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားခွဲရုံကြံ့ခိုင်မှုရှိစေရန်နှင့် ဓာတ်အားစနစ်ပိုမိုစိတ်ချရမှုရှိစေရန်တို့အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သောကြောင့် ဓာတ်အားပြတ်တောက်မှုကြောင့် မီးသုံးစွဲသူပြည်သူများအတွက် အခက်အခဲများစွာဖြစ်ပေါ်လာနိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ လေးစားစွာဖြင့် အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရေဘေးသင့်ခဲ့ပြီး လယ်မြေပျက်စီးခဲ့သောကျေးရွာများသို့ စပါးများထောက်ပံ့

**ကျိုင်းလပ် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့နယ် လားဟူနှစ်ခြင်းခရစ်ယာန် အသင်းတော်များအဖွဲ့ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာတော် ဦးလှဝင်း ဦးဆောင်သည့်အဖွဲ့က စီစဉ်ဆောင်ရွက်သော ကျိုင်းလပ်မြို့နယ် တောင်ပေါ်လားဟူတိုင်းရင်းသားများ နေထိုင်သည့် ကျေးရွာများ ရေဘေးသင့်ခဲ့ပြီး လယ်ယာမြေများ ပျက်စီးခဲ့သော ကျေးရွာများမှ ပြည်သူများ စားသုံးရန် စပါးတင်းပေါင်း ၂၃၀၀ ခန့်နှင့် ဘတ်ငွေ တစ်သိန်းကျော် ရေဘေးသင့်ခဲ့ပြီး လယ်ယာမြေများပျက်စီးခဲ့သော လယ်သမားများအား ဒီဇင်ဘာ ၂၄ ရက် နံနက်မှ ညနေအထိ ကျေးရွာအရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျိုင်းလပ်မြို့နယ်သည် ရေဘေးသင့်ပြီး လယ်ယာမြေများပျက်စီးခဲ့သော ပန်ဘဲရွာ၊ နမ့်လုတ်တောင်ပေါ်ရွာ၊ ပူကာရွာ၊ ကျကာ့ရွာ၊ နမ့်ဝမ်းရွာ (၁၊၂၊၃)၊ နမ့်ဆီးရွာနှင့် နမ့်ငေါ့ ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများအတွက် တစ်ဦးလျှင် စပါးခြောက်တင်းနှုန်းဖြင့် တင်းပေါင်း ၂၃၀၀ ခန့်ကို ကျေးရွာအရောက် လှူဒါန်းပေးအပ်ခဲ့သည်။

ထိုသို့ တိုင်းရင်းသားကျေးရွာများကို လက်ရောက်ပေးအပ်ရန်အတွက် တာချီလိတ်မြို့နယ်၊ တာလေမြို့နယ်နှင့် ကျိုင်းလပ်မြို့နယ်များရှိ ကျေးရွာပေါင်း ၆၀ ကျော်က လယ်သမားများ၊ ရွာသူရွာသားများနှင့် စေတနာရှင်များက ထည့်ဝင်လှူဒါန်းကြပြီး လားဟူနှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့က စီစဉ်ဆောင်ရွက်ကာ လုပ်အားနှင့် သယ်ယူပို့ဆောင်ရန် ကားများကို တာလေကျာကူနီပြည်သူ့စစ်(၅၁နေ)မှ ပြည်သူ့စစ်များ၊ ရွေးကောက်ပွဲအနိုင်ရလွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# ရပ်ရွာအခြေပြု လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲများကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ပြည်သူလူထုအတွင်း လူ့အခွင့်အရေးဆိုင်ရာ ဗဟုသုတများ တိုးမြှင့်နိုင်ရေးအတွက် ရပ်ရွာအခြေပြု လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၅ ခုနှစ်အတွင်း ဆွီဒင်နိုင်ငံအခြေစိုက် Raoul Wallenberg Institute ၏ရန်ပုံငွေထောက်ပံ့ကူညီမှုဖြင့် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် လေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် နှစ်မြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း နှစ်မြို့နယ် စုစုပေါင်း ၁၀ မြို့နယ်တို့တွင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

ဆက်လက်၍ ရပ်ရွာအခြေပြု လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲများကို ဒီဇင်ဘာ ၂၂ ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့၌လည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက်က သထုံမြို့၌ လည်းကောင်း ကျင်းပခဲ့ရာ အဆိုပါမြို့နယ်များရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ် ၅၀ တက်ရောက်ခဲ့ကြသည်။

ယင်းဆွေးနွေးပွဲများတွင် လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များကို ကော်မရှင်အဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြပြီး တက်ရောက်သူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မူဆယ်မြို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အလှမယ်ရွေးချယ်ပွဲကျင်းပမည်

**မူဆယ် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့တွင် ၂၀၁၆ Miss North Shan Star 2016 ရှမ်းပြည်မြောက်ပိုင်း အလှမယ်ရွေးချယ်ပွဲကို ဖေဖော်ဝါရီ ၅ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် Miss Golden Myanmar အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုယ်စားပြု အလှမယ်ရွေးချယ်သည့် ပြိုင်ပွဲကို စစ်ဘေးရှောင်ပြည်သူများ ပြန်လည်ထူထောင်ရေး လှူဒါန်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အလှမယ်ရွေးချယ်ပွဲ ယှဉ်ပြိုင်နိုင်ရန် လျှောက်လွှာများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အထိ လျှောက်ထားနိုင်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုယ်စားပြု အမျိုးသမီးငယ်များအနေဖြင့် အသက် ၁၈ နှစ်မှ ၂၆ နှစ်အတွင်း အရပ်ငါးပေ ငါးလက်မအထက်ဖြစ်ရမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းနှင့် ပထမအဆင့် ရွေးချယ်ပြီးနောက် အဖွဲ့နှင့်အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထင်ကရသမိုင်းဝင်နေရာများ လေ့လာခြင်း၊ စုပေါင်းလေ့ကျင့်ခြင်း၊ အလှမယ်တစ်ယောက် အရည်အချင်းပြည့်စုံအောင် သင်တန်းများပေးခြင်း ပါဝင်မည်ဖြစ်ကြောင်း ရွေးချယ်ပွဲဒါရိုက်တာအဖြစ် တာဝန်ယူနေသော Pageant Trainer ကိုဖြိုးမင်းသုတထံမှ သိရပြီး ဖုန်း-၀၉-၇၉၈၈၇၁၈၄၆ သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

❍ ရှေ့ဖုံးမှ

အထောက်အကူပြုနိုင်သည့် ဒေသဖြစ်ကြောင်း၊ ယခုအခါ ချင်းတောင်ပေါ်တွင် တစ်နှစ်ထက်တစ်နှစ် သစ်တောသစ်ပင်များ ခုတ်ထွင်နေမှုကြောင့် ပြုန်းတီးလာပြီး ရာသီဥတုဖောက်ပြန်လာကြောင်း၊ အအေးပိုင်းဒေသပေါက်ပင်တစ်မျိုးဖြစ်သည့် ပြည်နယ်၏သင်္ကေတပြု တောင်ဇလပ်နှင့် ချယ်ရီပန်းပင်များမှာလည်း တဖြည်းဖြည်း ပြုန်းတီးစပြုလာပြီဖြစ်ကြောင်း၊ ယင်းတို့ကြောင့် သစ်တော၊ သစ်ပင်၊ ပန်းမန်များ ချစ်မြတ်နိုးပြီး ထိန်းသိမ်းတတ်လာစေရန် ယခုကဲ့သို့ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်အတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေရာ လျာထားချက်များတွင် ကနေဒီတောင်ထိပ်လည်း ပါဝင်ကြောင်း၊ ကနေဒီဒေသ သစ်တောပြန်လည်ထူထောင်ရေး အောင်မြင်ရန်အတွက် ဒေသခံများ၏ ပူးပေါင်းပါဝင်မှုကလည်း များစွာလိုအပ်နေပြီး ချင်းတောင်ရှိ တောင်ဇလပ်၊ ချယ်ရီပင်များ ခုတ်ယူမှုတို့ကို တားဆီးကာကွယ်ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးမှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ကနေဒီတောင် စိမ်းလန်းစိုပြည်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငင့်ရှင်းခွာလ်(ခ)ဦးလှိုင်အောင်က ပြောသည်။

ချင်းပြည်နယ်ကို ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်အာရုံကို ဆွဲဆောင်နိုင်သည့် သဘာဝအခြေခံခရီးသွားဒေသတစ်ခု ဖြစ်လာစေရန် ရည်ရွယ်ကာ ဒေသသာယာလှပရေးအတွက် ၂၀၁၂ ခုနှစ်က စတင်၍ ကနေဒီတောင် စိမ်းလန်းစိုပြည်ရေးအဖွဲ့ ဖွဲ့စည်းပြီး အာလွယ်ကျေးရွာတွင် သစ်ပင်များ စိုက်ပျိုးခြင်းဖြင့်လည်းကောင်း၊ ချယ်ရီခါတော်မီ၊ ထင်းရှူးစသည့်အပင် နှစ်သောင်းရှိ ဧကနှစ်ဧကကို ကနေဒီဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဒေသခံများ၏ ဘဝနေထိုင်မှု လိုအပ်ချက်အတွက် သစ်တောပြုန်းတီးမှု ဖြစ်ပေါ်နေသည့်နေရာများ၌ ပြန်လည်ပျိုးထောင်စိုက်ပျိုးခြင်းနှင့် လှုံ့ဆော်ထိန်းသိမ်းခြင်းဖြင့်လည်းကောင်း၊ တောင်ဇလပ်နှင့်ချယ်ရီသစ်ပင်ပန်းမန်များ ထိန်းသိမ်းခြင်းဖြင့် လည်းကောင်း ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ တီးတိန်မြို့နယ် လိုင်ဘုံကျေးရွာ ရေကြီးမြေပြိုမှုတွေ၊ ၂၀၁၄ ခုနှစ် တွီးဆောက်ကျေးရွာမှာ တောင်ပြိုပြီး ရွှံ့နွံချောင်းစီးတာတွေ၊ ဒီနှစ် ၂၀၁၅ ခုနှစ်မှာ ချင်းပြည်နယ် တွန်းဇံမြို့နယ် တွီးခိန်ဇန်(ဟားခါးလေး)မှာ ရွှံ့နွံချောင်းစီးတာနဲ့ကလေးမြို့မှာကြီးမားတဲ့ မကြုံစဖူး သဘာဝဘေးအန္တရာယ်ရေကြီးရေလျှံမှုတွေကလည်း ဒီအကျိုးဆက်တွေပါတယ်။ ကလေးမြို့ကိုစီးတဲ့ မြစ်ချောင်းတွေက အဲဒီကနေဒီတောင်ကြောမှာ ချောင်းဖျားခံတာဖြစ်ပြီး တောင်ပေါ်မှာ သစ်ပင်တွေပြုန်းတီးတော့ တောင်ပြိုတယ်။ အဲဒီမြေတွေက ချောင်းထဲကိုရောက်၊ ရေတိုက်စားတာတွေ၊ ရေကြီးတာတွေဖြစ်လာတယ်။ ကနေဒီတောင်ပြုန်းတီးမှုတွေကြောင့် ရာသီဥတုပြောင်းလဲမှုနဲ့ သဘာဝဘေးဒဏ်ကျရောက်မှုဟာ ကလေးကဘော်ကို တိုက်ရိုက်ဆိုသလို ရိုက်ခတ်လာနေပါတယ်။အဲဒါကြောင့် အခုလိုမျိုး အဖွဲ့ဖွဲ့စည်းထားခြင်းပဲဖြစ်ပါတယ်"ဟု အဖွဲ့ဥက္ကဋ္ဌက ဆက်လက်ပြောပြသည်။

ချင်းပြည်နယ်ရှိ ဒေသခံများသည် ယခုနှစ် ဆောင်းနံနက် နှင်းမှုန်များအကြား လှလှပပဝေဝေဆာဆာ ဖူးပွင့်နေသော တောင်ဇလပ်ပန်းနှင့် ပန်းချယ်ရီတို့၏ တစ်မူထူးခြားသော ရသတစ်ခုကို ခံစားနေရပြီဖြစ်သလို ထိုအချိန်အခါဝယ် ချင်းတောင်ပေါ်မြေသို့ကြွလှမ်းခဲ့ပါက မြေပြန့်သူတို့နှင့်ပြည်တွင်းပြည်ပ ဧည့်သည်တော်တို့ကို တောင်ဇလပ်နှင့် ချယ်ရီပန်းတို့က ဧည့်ဝတ်ကျေပွန်စွာ ကြိုဆိုနေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

# မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇၂။)**

**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်**

**(၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) **ဓာတ်သတ္တု** ဆိုသည်မှာ မြေထုမှ တူးဖော်၍သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း ရရှိသည့် သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းနှင့် ကျောက်များကိုဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်၊ မြစ်၊ ချောင်း၊ အင်းအိုင်ရှိ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေမှ တူးဖော်ရရှိသည့် ဓာတ်သတ္တုများလည်း ပါဝင်သည်။"

(ခ) ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ (ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဆ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပိုသော လုပ်ငန်းများကို တစ်ပေါင်းတည်းဖြစ်စေ လုပ်ကိုင်ရန် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်ကိုဆိုသည်။"

(ဃ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) **ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း** ဆိုသည်မှာ ဓာတ်သတ္တုသိုက်တစ်ခု၏ အမျိုးအစား၊ တည်နေရာ၊ အရွယ်အစား၊ ပုံသဏ္ဍာန်၊ အရည်အသွေးနှင့်ပမာဏတို့ကိုသိရှိနိုင်ရန် စမ်းသပ်ခြင်း၊ တိုင်းတာခြင်းတို့ကို ဆိုသည်။"

(င) ပုဒ်မခွဲ(ဈ)၏နောက်တွင် ပုဒ်မခွဲ (ဈ-၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ-၁)**ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း** ဆိုသည်မှာ ဓာတ်သတ္တုစမ်းသပ်တိုင်းတာခြင်း ပြုလုပ်ပြီးသော ဓာတ်သတ္တုသိုက်တစ်ခုခုကို စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်း ရှိ မရှိ ဆန်းစစ်လေ့လာဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဓာတ်သတ္တုတူးဖော် ထုတ်လုပ်မည့်နည်းစဉ်၊ ဆင့်တက်ပြုပြင်ထုတ်လုပ်မည့်နည်းစဉ်၊ စီးပွားဖြစ်ထုတ်လုပ်နိုင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေးတွက်ချက်မှုများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်သည့် စနစ်များလည်းပါဝင်သည်။"

(စ) ပုဒ်မခွဲ (ည)၏နောက်တွင် ပုဒ်မခွဲ(ည-၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ည-၁)**ဓာတ်သတ္တုရောင်းချခြင်းနှင့်ဝယ်ယူခြင်း** ဆိုသည်မှာ ထုတ်လုပ်သည့်ဓာတ်သတ္တုများကို ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်းများကို ဆိုသည်။"

(ဆ) ပုဒ်မခွဲ(ဋ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဋ) **အကြီးစားထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုသိုက် ပမာဏအပေါ်မူတည်၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိ၍ ရင်းနှီးမြှုပ်နှံမှုအများအပြား လိုအပ်သည့် သို့မဟုတ် အထူးနည်းပညာရပ်နှင့် နည်းစနစ်များ အသုံးပြု၍ စီးပွားရေးလုပ်ငန်းအဖြစ် ၁၅ နှစ် အထက်မှ နှစ် ၅၀ အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။"

(ဇ) ပုဒ်မခွဲ(ဋ)၏နောက်တွင် ပုဒ်မခွဲ (ဋ-၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ-၁) **အလတ်စားထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုသိုက် ပမာဏအသင့်အတင့်ရှိ၍ စီးပွားဖြစ်ထုတ်လုပ်ရန် ဖြစ်မြောက်နိုင်စွမ်းရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်အသင့်အတင့် လိုအပ်သည့် သို့မဟုတ် ကန့်သတ်နည်းပညာရပ်နှင့် နည်းစနစ်များအသုံးပြု၍ စီးပွားရေးလုပ်ငန်းအဖြစ် ၁၅ နှစ်အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။"

(ဈ) ပုဒ်မခွဲ (ဌ)၊ (ဍ)၊ (ပ)၊ (တ)နှင့် (ထ)တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဌ) **အသေးစားထုတ်လုပ်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုဖြစ်ထွန်းမှုပမာဏနည်းပါး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ကျစရိတ်မများသည့် စီးပွားရေးလုပ်ငန်းအဖြစ် သက်တမ်း ၁၀ နှစ်အထိ ခွင့်ပြုချက်ဖြင့် ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။

(ဍ) **လက်လုပ်လက်စားထုတ်လုပ်ခြင်း** ဆိုသည်မှာ သာမန်လက်သုံးကိရိယာများကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့်သတ်မှတ်သော မြင်းကောင်ရေအားထက်မပိုသည့် စက်ကိရိယာကိုဖြစ်စေ အသုံးပြု၍ ဓာတ်သတ္တုထုတ်လုပ်ခြင်းကို ဆိုသည်။

(ပ) **ဆင့်တက်ပြုပြင်ခြင်း** ဆိုသည်မှာ ဓာတ်သတ္တုကို အရည်အသွေးအရဖြစ်စေ၊ တန်ဖိုးအရဖြစ်စေ တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် သတ္တုရိုင်းများကို သတ္တုသန့်စင် သို့မဟုတ် သတ္တုစင်များဖြစ်လာစေရန် ဆေးကြောခြင်း၊ သန့်စင်ခြင်း၊ ကျိုချက်ခြင်း၊ ချွတ်ခြင်း၊ လျှပ်ကူးခြင်းနှင့်ပုံသွင်းခြင်းလုပ်ငန်းစဉ်များလည်း ပါဝင်သည်။

(တ) **ဦးစီးဌာန** ဆိုသည်မှာ သတ္တုတွင်းဦးစီးဌာနကို ဆိုသည်။

(ထ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။"

၃။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) ဓာတ်သတ္တုသယံဇာတပစ္စည်းများနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊"

၄။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ အောက်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ရပ်ထက် ပိုမို၍ လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့ကိုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်းတို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(င) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့နှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတို့တွင် အနည်းဆုံး လုပ်ငန်းသုံးရပ်ကို တစ်ပေါင်းတည်းလုပ်ကိုင်ခြင်း၊

(စ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့ကို အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း လုပ်ငန်းခွင့်ပြုမိန့်ရရှိထားသော နိုင်ငံသားများသည် စမ်းသပ်တိုင်းတာထားသည့် ဘူမိဗေဒအစီရင်ခံစာအရ သတ္တုသိုက်ပမာဏနှင့် အရည်အသွေးပေါ်မူတည်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်လုပ်ကိုင်သည့် အကြီးစားထုတ်လုပ်ခြင်းလုပ်ငန်းသို့ ကူးပြောင်းလုပ်ကိုင်ခြင်း။"

၅။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။(က) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"

၆။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က ဆောင်ရွက်ခွင့်ရှိသည့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်လိုသည့် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသည် ခွင့်ပြုမိန့်ရရှိရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။"

၇။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၆ ၏နောက်တွင် ပုဒ်မ ၆-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၆-က။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့ကို ဖွဲ့စည်းပေးနိုင်သည်။"

၈။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၇။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ရပ်ထက်ပိုမို၍ လုပ်ကိုင်နိုင်ရန်ခွင့်ပြုမိန့်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပေးရမည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက် ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့ကို အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရရှိထားသော နိုင်ငံသားများသည် စမ်းသပ်တိုင်းတာထားသည့် ဘူမိဗေဒအစီရင်ခံစာအရ သတ္တုသိုက်ပမာဏနှင့်အရည်အသွေးပေါ်မူတည်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်လုပ်ကိုင်သည့် အကြီးစားထုတ်လုပ်ခြင်း လုပ်ငန်းသို့ ကူးပြောင်းလုပ်ကိုင်ခြင်း။"

၉။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ ဝန်ကြီးဌာနသည် အောက်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် လုပ်ငန်းတစ်ရပ်ထက်ပိုမို၍ လုပ်ကိုင်နိုင်ရန် ခွင့်ပြုမိန့်ကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးနိုင်သည်-

(က) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်တို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အကြီးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(ခ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊

(ဂ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော သတ္တု သို့မဟုတ် စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်း၊

(ဃ) နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းတို့နှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ အလတ်စားထုတ်လုပ်ခြင်း သို့မဟုတ် အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတို့တွင် အနည်းဆုံးလုပ်ငန်းသုံးရပ်ကို တစ်ပေါင်းတည်းလုပ်ကိုင်ခြင်း၊

(င) ဘူမိဗေဒအချက်အလက်များပြည့်စုံပြီး သတ္တုသိုက်ပမာဏနှင့်စပ်လျဉ်း၍ စီးပွားဖြစ်ထုတ်လုပ်နိုင်သော လုပ်ကွက်များကို လေလံစနစ်အရ သီးခြားစည်းကမ်းချက်ဖြင့် လုပ်ကိုင်ခြင်း။"

၁၀။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၉။ ဦးစီးဌာနသည်-

(က) နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းက ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊အလတ်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခွင့်လျှောက်ထားလာသည့်အပေါ် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

(ခ) နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းက ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကန့်သတ်ထားသော ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခွင့်လျှောက်ထားလာသည့်အပေါ် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့် ထုတ်ပေးနိုင်သည်။"

၁၁။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် နိုင်ငံသား သို့မဟုတ် အဖွဲ့အစည်းသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်ခွင့်ရှိသည့်သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ အသေးစားထုတ်လုပ်ခြင်း သို့မဟုတ် လက်လုပ်လက်စားထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းများအတွက် ခွင့်ပြုမိန့်ထုတ်ပေးရန် ပုဒ်မ ၆ အရ လျှောက်ထားချက်ကိုစိစစ်ပြီး ဝန်ကြီးဌာနနှင့် ညှိနှိုင်းသဘောထားရယူ၍ ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်။"

၁၂။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ ဝန်ကြီးဌာနသည် အကြီးစားထုတ်လုပ်ခြင်း၊ အလတ်စားထုတ်လုပ်ခြင်း၊ အသေးစားထုတ်လုပ်ခြင်းနှင့် လက်လုပ်လက်စားထုတ်လုပ်ခြင်းဟူ၍ ခွဲခြားသတ်မှတ်ခြင်းကို ပုဒ်မ ၂၊ ပုဒ်မခွဲ (ဋ)၊ (ဋ-၁)၊ (ဌ) နှင့် (ဍ) တို့နှင့်အညီ လုပ်ငန်းသက်တမ်း၊ လုပ်ငန်းလုပ်ကိုင်သည့် ဧရိယာ၊ အကျယ်အဝန်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ၊ စက်ယန္တရား၊ စက်ကိရိယာအသုံးပြုမှုများကို ထည့်သွင်းသတ်မှတ်ရမည်။"

၁၃။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၁ ၏ နောက်တွင် ပုဒ်မ ၁၁-က နှင့် ပုဒ်မ ၁၁-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၁-က။ ခွင့်ပြုမိန့်ထုတ်ပေးသော ဝန်ကြီးဌာန၊ ဦးစီးဌာန သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းတို့ကို ခွင့်ပြုမိန့်အရ အဆင့်ဆင့်အောင်မြင်စွာ ဆောင်ရွက်ခဲ့သော လုပ်ငန်းရှင်က ယင်းလုပ်ကိုင်ခဲ့သောနေရာတွင် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုမိန့်လျှောက်ထားလာလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လုပ်ကိုင်ခွင့်ပြုရမည်။

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

၁၁-ခ။ ခာတ်သတ္တုကို ကိုယ်တိုင်မထုတ်လုပ်ဘဲ ခွင့်ပြုမိန့်ဖြင့် ခာတ်သတ္တုထုတ်လုပ်သူထံမှတစ်ဆင့်ဝယ်ယူပြီး ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း လုပ်ကိုင်သူသည် ရောင်းချခြင်းနှင့်ဝယ်ယူခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ကို သီးခြားလျှောက်ထားရမည်။"

၁၄။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) ဤဥပဒေအရ ထိုက်သင့်သော ခာတ်သတ္တုခွန်နှင့် အခြားအခကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ခာတ်သတ္တုပစ္စည်း သို့မဟုတ် ငွေသားဖြင့်ပေးဆောင်ရမည်။"

၁၅။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (စ)၏ နောက်တွင် ပုဒ်မခွဲ (ဆ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဆ) အခြားအခကြေးငွေများကို မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါရှိသော လုပ်ငန်းများတွင် နိုင်ငံခြားငွေဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့်ညီမျှသော မြန်မာကျပ်ငွေဖြင့်ဖြစ်စေ ပေးဆောင်ရမည်။"

၁၆။ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (င-၁) နှင့် ပုဒ်မခွဲ (င-၂) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င-၁) ခာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမရှိစေရန် အလေးထားဆောင်ရွက်ခြင်း၊ နှစ်စဉ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် ရန်ပုံငွေထားရှိခြင်း၊

(င-၂) ခာတ်သတ္တုထုတ်လုပ်မှုလုပ်ငန်းပြီးဆုံးခြင်း သို့မဟုတ် ပိတ်သိမ်းသည့်အခါ လုပ်ငန်းမြေနေရာအား သတ္တုတွင်းပိတ်သိမ်းမှု အစီအစဉ်ပါအတိုင်း မြေယာပြုပြင်ခြင်း၊ ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်၍ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးခြင်း။"

၁၇။ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၈။ ခာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ခာတ်သတ္တုများရောင်းချသည့်အခါ ခာတ်သတ္တုတန်ဖိုးအပေါ် အောက်ပါနှုန်းထားများအရ ခာတ်သတ္တုခွန် ပေးဆောင်ရမည်-

(က) ရွှေ၊ ပလက်တီနမ်၊ ယူရေနီယမ်နှင့်ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် အဖိုးတန်သတ္တုများအတွက် ၅ ရာခိုင်နှုန်း၊

(ခ) ငွေ၊ ကြေးနီ၊ ခဲမဖြူ၊ အဖြိုက်နက်၊ နီကယ်၊ အလေးစီးသဲ၊ မော်လစ်ဒီနမ်၊ အီရီဒီယမ်၊ အောစ်မီယမ်၊ ပလက်ဒီယမ်၊ ရုသာနီယမ်၊ ရိုဒီယမ်၊ တန်တလန်၊ ကိုလံဘီယမ်၊ နိုင်အိုဘီယမ်၊ သိုရီယမ်၊ ကက်ဒ်မီယမ်၊ မြေရှားသတ္တု၊ ဗယ်ရယ်လီယမ်၊ တိုက်တေနီယမ်နှင့်ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် သတ္တုများအတွက် ၄ ရာခိုင်နှုန်း၊

(ဂ) သံ၊ သွပ်၊ ခဲ၊ ခနောက်စိမ်း၊ အလူမီနီယမ်၊ အာဆင်းနစ်၊ ဘစ်မတ်၊ ခရိုမီယမ်၊ ကိုဘော့လ်၊ မင်းဂနိးစ်၊ မဂ္ဂနီဆီယမ်နှင့်ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့် သတ္တုများအတွက် ၃ ရာခိုင်နှုန်း၊

(ဃ) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်အတွက် ၂ ရာခိုင်နှုန်း။"

၁၈။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၉။ ပုဒ်မ ၁၈ အရ ခာတ်သတ္တုခွန်ပေးဆောင်ခြင်းကို အပြည်ပြည်ဆိုင်ရာသတ္တုဈေးနှုန်းအရ သတ္တုစင်ပါဝင်မှု ရာခိုင်နှုန်းအပေါ်တွင် တွက်ချက်၍ ဦးစီးဌာနသို့ ပေးဆောင်ရမည်။"

၁၉။ မြန်မာ့သတ္တုတွင်းဥပဒေ အခန်း (၇) ခေါင်းစဉ်တွင် ပါရှိသော "ရတနာနယ်မြေ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၀။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂၂ ကို ပယ်ဖျက်ရမည်။

၂၁။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂၃ နှင့် ပုဒ်မ ၃၃ တို့တွင် ပါရှိသော "သို့မဟုတ် ရတနာနယ်မြေ"ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၂၂။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂၄ တွင် ပါရှိသော "မည်သည့်ကမ်းလွန်ရေတိမ်ပိုင်းတွင် ဖြစ်စေ" ဆိုသည့်စကားရပ်ကို "နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များအတွင်းတွင် ဖြစ်စေ"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၃။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ခ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ခ-၁) သတ္တု၊ စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်းနှင့် ကျောက်တို့ကို ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ထုတ်လုပ်ခြင်း၊ ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်နှင့် လူမှုရေးအရထိခိုက်မှု ဆန်းစစ်သည့်စနစ်များကို ကြည့်ရှုစစ်ဆေးခြင်း။"

၂၄။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ဒဏ်ကြေးငွေ" ဆိုသည့် စကားရပ်ကို "အာမခံငွေပမာဏအောက်မနည်းသော ဒဏ်ကြေးငွေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၅။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။(က) မည်သူမဆို ဤဥပဒေအရထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်ဆယ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်း ၅၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(၁) သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း၊

(၂) စက်မှုတွင်းထွက်ကုန်ကြမ်းပစ္စည်း ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း၊

(၃) ကျောက်ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း သို့မဟုတ် ဆင့်တက်ပြုပြင်ခြင်း၊

(၄) ရောင်းချခြင်းနှင့် ဝယ်ယူခြင်းလုပ်ငန်း ခွင့်ပြုမိန့်ရယူခြင်းမရှိဘဲ ခာတ်သတ္တု ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းလုပ်ကိုင်ခြင်း၊

(၅) ခွင့်ပြုမိန့်ဖြင့် လက်လုပ်လက်စားထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်သူမှအပ ခာတ်သတ္တုထုတ်လုပ်ခြင်း။

(ခ) မည်သူမဆို လက်လုပ်လက်စားထုတ်လုပ်ခြင်းအတွက် ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့်မရရှိဘဲ ခာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်လမှ အများဆုံးသုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ကျပ်တစ်သိန်းအထိဖြစ်စေ ချမှတ်ရမည်။"

၂၆။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၀ ၏ နောက်တွင် ပုဒ်မ ၃၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၀-က။ မည်သူမဆို ပုဒ်မ ၃၀ ပုဒ်မခွဲ (က)ပါ ပြစ်မှုတစ်ခုခုကို ထပ်မံကျူးလွန်ပါက တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ အထိ ချမှတ်ရမည်။"

၂၇။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၁ တွင် ပါရှိသော "ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ"ဆိုသည့် စကားရပ်ကို "ထောင်ဒဏ်သုံးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ကျပ်သိန်း ၂၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၈။ မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၃၁ ၏ နောက်တွင် ပုဒ်မ ၃၁-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၁-က။ မည်သူမဆို ပုဒ်မ ၂၉ အရ တားမြစ်ချက်တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ် အများဆုံးသုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ်သိန်း ၂၀ အထိ ချမှတ်နိုင်သည်။"

၂၉။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၂ တွင် ပါရှိသော "ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့်စကားရပ်ကို "ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀ သိန်းအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၂ ၏ နောက်တွင် ပုဒ်မ ၃၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၂-က။ ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၁၃ နှင့် စပ်လျဉ်းသည့် နည်းဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်မှု ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်အနည်းဆုံး ကျပ် ၂ သိန်းမှ အများဆုံး ကျပ်၁၀ သိန်းအထိ ချမှတ်နိုင်သည်။"

၃၁။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၃ တွင် ပါရှိသော "ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ်ခြောက်လအထိ ဖြစ်စေ၊ ငွေဒဏ်ကျပ် ၅ သိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၂။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၃-က။ မည်သူမဆို ပုဒ်မ ၃၃ အရ တားမြစ်ချက်ကို ထပ်မံဖောက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ်ခြောက်လအထိ ချမှတ်ရမည့်အပြင် ငွေဒဏ်ကျပ် ၅ သိန်းအထိ ချမှတ်နိုင်သည်။"

၃၃။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၅ ၏ နောက်တွင် ပုဒ်မ ၃၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၅-က။ ခာတ်သတ္တုထုတ်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ရရှိသော လုပ်ငန်းရှင်နှင့်ဖက်စပ် သို့မဟုတ် အကျိုးတူလုပ်ငန်းလုပ်ကိုင်ခြင်းအတွက် ထုတ်လုပ်မှုအပေါ်တွင် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ကုန်ကျစရိတ်များအပါအဝင် ရာခိုင်နှုန်းဖြင့် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် အကျိုးအမြတ်အပေါ် ခွဲဝေခံစားသည့်စနစ် သို့မဟုတ် နှစ်ဦးနှစ်ဖက် ထည့်ဝင်မှုအပေါ်အခြေခံသည့် အမြတ်ခွဲဝေမှုစနစ်ဖြင့် လုပ်ကိုင်ရမည်။"

၃၄။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၆။ ဤဥပဒေအရ ရရန်ရှိသောငွေများကို ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ပေးအပ်သော အရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။"

၃၅။ မြန်မာ့သတ္တုတွင်းဥပဒေ ပုဒ်မ ၃၉ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။"

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## သက်သေခံအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၇၃။ )**

**၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို သက်သေခံအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ သက်သေခံအက်ဥပဒေပုဒ်မ ၃ တွင်-

(က) "Document" ဆိုသည့်စကားရပ် အဓိပ္ပာယ်ဖွင့်ဆိုချက်၏နောက်တွင် "In this expression, electronic record and information are included" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) "Document"ဆိုသည့်စကားရပ်၏ ဥပမာကို အောက်ပါအတိုင်း အစားထိုးရမည်-

***"Illustrations***

(1) any map, plan, graph or drawing;

(2) any photograph;

(3) any label, marking or other writing which identifies or describes anything of which it forms a part, or to which it is attached by any means whatsoever;

(4) any disc, tape, sound-track or other device in which sounds or other data (not being visual images) are embodied so as to be capable (with or without the aid of some other equipment) of being reproduced therefrom;

(5) any film (including microfilm), negative, tape, disc or other device in which one or more visual images are embodied so as to be capable (with or without the aid of some other equipment) of being reproduced therefrom;

(6) any paper or other material on which there are marks, impressions, figures, letters, symbols or perforations having a meaning for persons qualified to interpret them; and

(7) Any record generated, sent, received or stored by means of electronic, magnetic, optical or any other similar technologies in an information system or for transmission from one information system to another;"

(ဂ) သက်သေခံအက်ဥပဒေပုဒ်မ ၃ တွင်ပါရှိသော "Document" ဆိုသည့် စကားရပ် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဥပမာတို့၏နောက်တွင် "စာတမ်းအမှတ်အသားမိတ္တူ" ဆိုသည့်စကားရပ် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"Copy of a document" includes-

(1) in the case of a document falling within paragraph (4) of above illustration of the definition of "document," a transcript of the sounds or other data embodied in it;

(2) in the case of a document falling within paragraph (5) of above illustration of that definition, a reproduction or still reproduction of the image or images embodied in it, whether enlarged or not;

(3) in the case of a document falling within paragraph (4) and (5) of that definition, such a transcript together with such a still reproduction; and

(4) in the case of a document not falling within paragraph (5) of that definition of which a visual image is embodied in a document falling within that clause, a reproduction of that image, whether enlarged or not, and any reference to a copy of the material part of a document must be construed accordingly."

၃။ သက်သေခံအက်ဥပဒေ ပုဒ်မ ၉ ဥပမာ(စ)၏ နောက်တွင် (ဆ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(g) *A* seeks to adduce evidence against *B* in the form of an electronic record. The method and manner in which the electronic record was (properly or improperly) generated, send, received or stored (by *A* or *B*), the reliability of the devices and the circumstances in which the devices were (properly or improperly) used or operated to generate, sent, receive or store the electronic record, may be relevant facts (if the contents are relevant) as authenticating the electronic record and therefore as explaining or introducing the electronic record, or identifying it as the relevant electronic record to

စာမျက်နှာ ၁၂ သို့

*စာမျက်နှာ ၁၁ မှ*

support a finding that the record is, or is not, what its proponent A claims."

၄။ သက်သေခံအက်ဥပဒေပုဒ်မ ၆၀ ၏ နောက်တွင် ပုဒ်မ ၆၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Evidence through live video or live television links — "60 A. (1) Notwithstanding anything contained in this Act, a person may, the permission of the court, give evidence through a video conferencing or live television link in any proceedings, if-

(a) the witness is below the age of 16 years;

(b) it is expressly agreed between the parties to the proceedings that evidence may be so given;

(c) the witness is outside the Republic of the Union of Myanmar; or

(d) the court is satisfied that it is expedient in the interests of justice to do so.

(2) In considering whether to give permission for a witness outside the Republic of the Union of Myanmar to give evidence by live video or live television link under this section, the court shall have regard to all the circumstances of the case including the followings:

(a) the reasons for the witness being unable to give evidence in the Republic of the Union of Myanmar.

(b) the administrative and technical facilities and arrangements made at the place where the witness is to give his evidence; and

(c) whether any party to the proceedings would be unfairly prejudiced.

(3) The court may, in giving permission under sub-section (1), make an order on all or any of the following matters:

(a) the persons who may be present at the place where the witness is giving evidence;

(b) the person who may be excluded from the place while the witness is giving evidence;

(c) the persons in the court who must be able to be heard, or seen and heard, by the witness and by the persons with the witness;

(d) the person in the court who must not be able to be heard, or seen and heard, by the witness and by the persons with the witness;

(e) the person in the court who must be able to see and hear the witness and the persons with the witness;

(f) the stages in the proceedings during which a specified part of the order is to have effect;

(g) the method of operation of the live video or live television link system including compliance with the appropriate technical standards as may be determined by the Chief Justice of the Union; and

(h) any other order the court considers necessary in the interests of justice.

(4) The court may revoke, suspend or vary any order made under this section if-

(a) the live video or live television link system stops working and it would cause unreasonable delay to wait until a working system becomes available;

(b) it is necessary for the court to do so to comply with its duty to ensure that the proceedings are conducted fairly to the parties thereto;

(c) it is necessary for the court to do so, so that the witness can identify a person or a thing or so that the witness can participate in or view a demonstration or an experiment;

(d) it is necessary for the court to do so because part of the proceedings is being heard outside a court; or

(e) there has been a material change in the circumstances after the court has made an order.

(5) The court shall not make an order under this section, or include a particular provision in such an order, if to do so would be inconsistent with the court's duty to ensure that the proceedings are conducted fairly to the parties to the proceedings.

(6) An order made under this section shall not cease to have effect merely because the person in respect of whom it was made attains the age of 16 years before the proceedings in which it was made are finally determined.

(7) Evidence given by a witness, whether in the Republic of the Union of Myanmar or elsewhere, through a video conferencing or live television link by virtue of this section shall be deemed for the purposes of section 193, 194, 195, 196, 205 and 209 of the Penal Code as having been given in the proceedings in which it is given.

(8) Where a witness gives evidence in accordance with this section, he shall, for the purpose of this Act, be deemed to be giving evidence in the presence of the court."

၅။ သက်သေခံ အက်ဥပဒေ ပုဒ်မ ၆၂ ရှင်းလင်းချက်(၂)နှင့် ဥပမာ၏နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"Explanation 3 – Notwithstanding anything contained in Explanation 2, if a copy of a document expressed in section 3 in the form of an electronic record is shown to reflect that document accurately, then the copy is primary evidence.

***Illustrations***

(a) An electronic record, which has been manifestly or consistently acted on, relied upon, or used as the information recorded or stored on the computer system, is primary evidence of that document.

(b) If the electronic record has not been manifestly or consistently acted on, relied upon, or used as a record of the information in the document, the electronic record may be treat as secondary evidence of that document."

၆။ သက်သေခံအက်ဥပဒေပုဒ်မ ၆၃၊ ပုဒ်မခွဲ (၂)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(2) except for copies referred to Explanation 3 to Section 62, copies made from the original by electronic, electrochemical, chemical, magnetic, mechanical, optical, telematics or other technical processes, which in themselves ensure the accuracy of the copy, and copies compared with such copies; "

၇။ သက်သေခံအက်ဥပဒေပုဒ်မ ၆၇ ၏ နောက်တွင် ပုဒ်မ ၆၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Requirement for signature — "67A. Where any existing law requires a signature, or provides for certain consequences if a document or a record is not signed, that requirement is satisfied in relation to an electronic record if-

(a) a method is used to identify the person and to indicate that person's intention in respect of the information contained in the electronic record; and

(b) the method is used either-

(i) as reliable as appropriate for the purpose for which the electronic record was generated or communicated, in the light of all the circumstances, including any relevant agreement; or

(ii) proven in fact to have fulfilled the functions described in sub-section (a), by itself or together with further evidence.

၈။ သက်သေခံအက်ဥပဒေပုဒ်မ ၁၁၄ ၏ နောက်တွင် ပုဒ်မ ၁၁၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

Presumptions in relation to electronic records — "114A. (1) Unless evidence sufficient to raise doubt about the presumption is adduced, where a device or process is one that, or is of a kind that, if properly used, ordinarily produces or accurately communicates an electronic record, the court shall presume that in producing or communicating that electronic record on the occasion in question, the device or process produced or accurately communicated the electronic record.

***Illustration***

*A* seeks to adduce evidence in the form of an electronic record or document produced by an electronic device or process. *A* proves that the electronic device or process in question is one that, or is of a kind that, if properly used, ordinarily produces that electronic record or document. This is a relevant fact for the court to presume that in producing the electronic record or document on the occasion in question, the electronic device or process produced the electronic record or document which *A* seeks to adduce.

(2) Unless evidence to the contrary is adduced, the court shall presume that any electronic record generated, recorded or stored is authentic if it is established that the electronic record was generated, recorded or stored in the usual and ordinary course of business by a person who was not a party to the proceedings on the occasion in question and who did not generate, record or store it under the control of the party seeking to introduce the electronic record.

***Illustration***

*A* seeks to adduce evidence against *B* in the form of an electronic record. The fact that the electronic record was generated, recorded or stored in the usual and ordinary course of business by *C*, a neutral third party, is a relevant fact for the court to presume that the electronic record is authentic.

(3) Unless evidence to the contrary is adduced, where an electronic record was generated, recorded or stored by a party who is adverse in interest to the party seeking to adduce the evidence, the court shall presume that the electronic record is authentic in relation to the authentication issues arising from the generation, recording or storage of that electronic record.

***Illustration***

*A* seeks to adduce evidence against *B* in the form of an electronic record. The fact that the electronic record was generated, recorded or stored by *B*, who opposes the relevance of the evidence is a relevant fact for the court to presume that the electronic record is authentic.

(4) For the purposes of subsection (2), in criminal proceedings a party to the proceedings shall include

(a) the police officer or other officer of a law enforcement agency who was involved in the investigation of offences allegedly committed by the accused person; or

(b) an accomplice of the accused person even though he is not charged with an offence in the same proceedings.

(5) The matters referred to in this section may be established by an affidavit given to the best of the deponent's knowledge and belief."

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။**

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**



**နေပြည်တော် မြို့မဈေးတွင် ဒီဇင်ဘာ ၂၄ ရက်က ဈေးတာဝန်ခံ ဦးဆန်းဦး (လ/ထ ညွှန်ကြားရေးမှူး)၊ ဈေးဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် နှစ်စီး၊ အပေါ့စား မီးသတ်စက် တစ်လုံးတို့ဖြင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်စဉ်။**
(မြန်မာ့အလင်း)

# ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ဘိုကလေး ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ၂၀၁၅ ခုနှစ် အားကစားဝန်ကြီးဌာန၏ (TSDP) မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌဖလား အသက် (၁၃နှစ်) အောက် ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲကို မြို့နယ်ပြည်သူ့ဘောလုံးကွင်းတွင် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ ယှဉ်ပြိုင်ကျင်းပခဲ့သည်။

အဆိုပါ ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပထမဆုရ အထက(၂) ဘောလုံး အသင်းအား ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းက တံခွန် စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ပြီး သက်ဆိုင်ရာတာဝန်ရှိသူတို့က ဒုတိယ၊ တတိယနှင့် တစ်ဦးချင်း အကောင်းဆုံးဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **မြင့်လွင်(ဘိုကလေး)**

# တရားမဝင်ကျွန်းခွဲသားများ၊ သစ်ခွဲစက်နှင့် မော်တော်ယာဉ်များဖမ်းမိ

**ရေတာရှည် ဒီဇင်ဘာ ၂၅**





ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဂုံမင်းကွင်းကျေးရွာအုပ်စု ရိုးမဖြတ်ကျော်လမ်း (၆)မိုင်သစ်တောပျိုးဥယျာဉ်အနီးတွင် နေပြည်တော် သစ်တောဦးစီးဌာနရုံးချုပ် ကာကွယ်ရေးနှင့် စစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် ည ၁၀ နာရီခွဲက သာဂရ-ကိုးပင်ရိုးမ ဖြတ်ကျော် ကားလမ်းအတိုင်း ဦးခင်မောင်သန်း (၅၇ နှစ်) ဆွာမြို့နေသူ မောင်းနှင်လာသည့် တီအီးခြောက်ဘီးယာဉ်ပေါ်၌ တရားမဝင်ကျွန်း သစ်ခွဲသား ၆၀ ချောင်း ၃ ဒသမ ၅၅၈ တန်နှင့် နောက်မှ သံကြိုးချိတ်ဖြင့်ဆွဲလာသော ဇော်ဝေလင်း(ခ) ဝေလင်း မောင်းနှင်လာသည့် YGN 7/----VIGO ယာဉ်တို့အား ဖမ်းဆီးရမိခဲ့သည်။

ထို့အတူ တောင်ငူခရိုင် သစ်တောဦးစီးမှူးနှင့် ထန်းတပင်မြို့နယ် သစ်တောဦးစီးအရာရှိတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆွာမြို့ မြောက်ပိုင်းရပ်ကွက်နေ ဦးထွန်းနိုင် (၅၃နှစ်) နေသူ၏ နေအိမ်ခြံဝင်းအတွင်းသို့ ဝင်ရောက်ရှာဖွေခဲ့ရာ တရားမဝင်ကျွန်းသစ်ခွဲသား ၃၇ ချောင်း ၁ ဒသမ ၂၀၇ တန်၊ သစ်ခွဲစက်သုံး အင်ဂျင်တစ်လုံး၊ လွှဝိုင်းနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့၍ တရားမဝင်သစ်ခွဲသားပိုင်ရှင်၊ ယာဉ်မောင်းနှင်သူများဖြစ်သည့် ဇော်ဝေလင်း(ခ)ဝေလင်း၊ ခင်မောင်သန်း၊ ကျော်စွာဝင်းနှင့် မချိုတို့အား ဆွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဇန်းမော်၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မူးယစ်တပ်ဖွဲ့စု(၁)ဇန်းမော်မှ ရဲမှူးဝင်းနိုင် ဦးစီးအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက်က ဇန်းမော်မြို့နယ် တာမိုင်းလုံကျေးရွာနေ မအယ်မေ၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၀၀၄၄ ကီလို သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ ဘိန်းဖြူများရောင်းချပေးရန် အပ်နှံထားသူ တစ်ရွာတည်းနေ မမြင့်မြင့်သန်း(ခ)မအေးနီ ၏နေအိမ်ကို ရှာဖွေရာ အလေးချိန် ၀ ဒသမ ၀၇၂ ကီလို စုစုပေါင်း ဘိန်းဖြူအလေးချိန် ၀ ဒသမ ၀၇၆၄ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ လားရှိုးမြို့ အဝေးပြေးကားဝင်းရှိ မန်းရွှေပြည်ကားဂိတ်သို့ ရောက်ရှိလာသူ မတင်နွယ်ထွန်းအားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ နှင့် အိုက်စ် ၀ ဒသမ ၉၇၁ ကီလိုတို့ကို လည်းကောင်း၊ ထို့အတူ လားရှိုးမြို့အဝင် အိုရီယန်တယ် တိုးဂိတ်အနီးတွင် နယ်စပ်မန်းခရီးသည်တင်ယာဉ်အသင်းမှ HIACE အမျိုးအစား ခရီးသည်တင်ယာဉ်ကိုရှာဖွေရာ ခရီးသည်ကိုထွန်းနှင့် မောင်ဇော်တို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ သိမ်းဆည်းရမိသဖြင့် ဖမ်းဆီးရမိသူများအား ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ၁၀ ဘီးကားကို ကျော်တက်စဉ် ဆိုင်ကယ်ပေါ်ပါသူနှစ်ဦး ပြုတ်ကျ သေဆုံး

**ကသာ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် စက်တောကျေးရွာအနီးတွင် ဒီဇင်ဘာ ၂၄ ရက် ညနေ ၃ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဗျူဟာကားလမ်း မိုင်တိုင်အမှတ်(၁၂၉/၃)နှင့် (၁၂၉/၄) အကြားတွင် မြစ်ကြီးနားဘက်မှ ဘိုဝင်း(၄၆ နှစ်) ရွာသာယာကျေးရွာ ဆားလင်းကြီးမြို့နယ်နေသူ မောင်းနှင်လာသည့် SGG/----နီဆန်းယူဒီ ၁၀ ဘီးကားနှင့် အဆိုပါ ကားနောက်မှ မခင်မို့မို့မောင်းနှင်လာသည့် နီ/နက်ကြား ၁၂၅ ဆိုင်ကယ်၏အရှေ့တွင် ဉာဏ်မြင့်ထွန်း ကိုးနှစ်၊ ဆိုင်ကယ်၏ နောက်တွင် မခင်စိုးကြည်နှင့် ချစ်ဖွဲ့မာန် နှစ်နှစ် တို့ တင်ဆောင်မောင်းနှင်လာခဲ့ရာ ကား၏ဝဲဘက်ခြမ်းမှ ကျော်တက်စဉ် နောက်မှထိုင်လိုက်သော မခင်စိုးကြည်နှင့် ချစ်ဖွဲ့မာန်တို့မှာ ပြုတ်ကျပြီး ကားအောက်သို့ ရောက်ရှိသွားစဉ် ကားကြိတ်မိခဲ့၍ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ဘိုဝင်းနှင့် မခင်မို့မို့ (၂၇ နှစ်) ရပ်ကွက်(၆) မဲဇာကျေးရွာ အင်းတော်မြို့နယ်နေသူတို့နှစ်ဦးအား အင်းတော် မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**



ပဲခူးတိုင်းဒေသကြီးကျောက်တံခါးမြို့နယ်သာယာကုန်းကျေးရွာ မြောက်ဘက်ထိပ် ရန်ကုန်-မန္တလေး(လမ်းဟောင်း) မိုင်တိုင်အမှတ် (၁၀၉/၆) အနီးတွင် ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းက လမ်းမကြီးအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော 6C/------ဟွန်ဒိုင်းအပြာရောင် ၂၂ ဘီးသကြားအိတ်တင်ဆောင်လာသည့်ကုန်တင်ယာဉ်နှင့် မြောက်မှတောင်သို့မောင်းနှင်လာသောခြောက်ဘီးကုန်မျိုးစုံတင်ဆောင်လာသည့် ၆က/----နီဆန် ခဲရောင် ကုန်တင်ယာဉ်နှစ်စီးတို့ ပွတ်တိုက်မှုဖြစ်ပွားပြီး ၂၂ ဘီးယာဉ်တုံးလုံးလဲနေသည်ကို တွေ့ရစဉ်။

ပိန်းဇလုပ်သိန်းညွှန့်

# ကန့်ဘလူမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ကန့်ဘလူ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့တွင် ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီခန့်က ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ကန့်ဘလူ မြို့ အမှတ် ၂ ရပ်ကွက် နှင်းဆီလမ်းတွင် ဆိုင်ကယ်စီးနင်းသူ တစ်ဦးအား မသင်္ကာ၍ ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၊ ငွေကျပ် ၃၇၇၄၀၀ တို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဆိုင်ကယ်စီးနင်းသူ ကန့်ဘလူမြို့နယ် ဂါထာကျေးရွာအုပ်စု ဂါထာကျေးရွာနေ ဦးလှထွန်း (၄၂) နှစ်ဖြစ်ပြီး ၎င်းအား မူးယစ်ဆေးဝါး ဥပဒေပုဒ်မဖြင့် ကန့်ဘလူမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရွှေအတု ပေါင်နှံသူ ဖမ်းဆီးရမိ

**ဖြူး ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ ပဲခူးလမ်းဈေးရပ်ကွက်ရှိ ရွှေအရောင်းဆိုင်တစ်ဆိုင်တွင် ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီက ရွှေအတုပေါင်နှံသူ တစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဖြူးမြို့ ဈေးရပ်ကွက် ပဲခူးလမ်း သိဒ္ဓိအောင်ရွှေဆိုင်သို့ စိုးစိုးဆိုသူရောက်ရှိလာပြီး ၎င်းမှာ ဖြူးမြို့နယ် သပြေလှရွာနေသူဖြစ်ကြောင်း၊ ရွှေပေါင်နှံချင်ကြောင်းပြောပြီး ရွှေဝယ်ဘောက်ချာနှင့် ရွှေရောင် MC သုံးထပ်ဆွဲကြိုးတစ်ကုံးကိုပြသ၍ ဆိုင်ကယ်ဝယ်ရန် ငွေကျပ်လေးသိန်းကျော် လိုချင်ကြောင်းပြောဆိုပြီး ပေါင်နှံသဖြင့် ဆိုင်ရှင်က ဘောက်ချာပါ အလေးချိန်အတိုင်း ကိုက်ညီမှုရှိ/မရှိ ချိန်တွယ်ကြည့်ရာ ဘောက်ချာပါ အလေးချိန်နှင့် ကိုက်ညီမှုမရှိ၍ မသင်္ကာသဖြင့် ပန်းထိမ်ဆရာက စစ်ဆေးခဲ့ရာ အလေးချိန် ၁၀ ပဲ၊ ခြောက်ရွေးရှိ ကြေးပေါ်၌ ရွှေရည်အထပ်ထပ် စိမ်ထားသည့် ဆွဲကြိုးအတုဖြစ်နေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရသည်။ ရွှေအတုလာရောက်ပေါင်နှံသူ စိုးစိုးမှာ ဖြူးမြို့နယ် သပြေလှကျေးရွာမှ မဟုတ်ဘဲ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရခိုင်ရိုးကြီးရပ်ကွက်နေသူဖြစ်ကြောင်း သိရသဖြင့် ဖြူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဖြူးမြင့်ဦး**


ဦးသန့်ဇော် B.Sc.IC.Q,DA, DMP, MBA, ACCA (pro)

PQI အသိအမှတ်ပြုစင်တာ

LCCI I,II & III

ဇန်နဝါရီတန်းခွဲသစ် (5-1-2016) စမည်

I & II Sec (D): Mon to Wed 9:00 - 11:00 am
Sec (E): Mon to Wed 1:00 - 3:00 pm (သုံးလအပြတ်)

ဝင်ခွင့်အတွေ့အကြုံများစွာရှိထားပါသည်

စင်္ကာပူအမျိုးသားတက္ကသိုလ်

NUS (GDip.SA) ဝင်ခွင့်သင်တန်း

ISS Institute of Systems Science

Graduate Dip: in Systems Analysis

Application Form စတင်လက်ခံပြီ

(Class, 10 Jan 2016 စမည်)

ဝါရင့်ဆရာ/ဆရာမကြီးများသင်မည်

စီးပွားရေးတက္ကသိုလ်

MBA/DMA ဝင်ခွင့်

GMAT, Reasoning & English သင်တန်း

10 Jan 2016 စမည် ။ (ရုံးချိန်လွတ်)

■ ဝင်ခွင့်အတွေ့အကြုံများစွာရှိထားပါသည် ။

■ မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည်။

ORION Business School ●●● အမှတ်-၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (ဒဂုံစင်တာအနီး)။ Call ; 09 5115997, 09 32358423



## သစ်တောဦးစီးဌာန၊ ဖျာပုံမြို့နယ်၊ ပုံစံ(၈)ဝင် အခြားခွဲသားများအား ရောင်းချရန်လေလံကြော်ငြာခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ သစ်တောဦးစီးဌာန၊ ဖျာပုံမြို့နယ်မှ ပုံစံ(၈)ဝင် အခြားသစ်ခွဲသား ၁၇ ဒသမ ၃၈၁၆ တန်အား ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန၊ ဖျာပုံမြို့၌ ၅-၁-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီတွင် လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။ အထက်ပါလေလံတင် ရောင်းချသည့် ပုံစံ(၈) သစ်များအား တိုင်းကျော်သယ်ယူခွင့်မပြုပါ။

၂။ လေလံလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို သစ်တောဦးစီးဌာန၊ ဖျာပုံမြို့နယ်၊ ဦးစီးအရာရှိရုံး၌ ကြော်ငြာပါသည့်ရက်မှစ၍ ၄-၁-၂၀၁၆ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားဝယ်ယူ လျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၀၄၁၇၂၂၉၊ ၀၉-၂၅၅၈၂၈၀၁၄၊ ၀၉-၃၆၀၇၇၂၉၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံတင်ရောင်းချရေးကော်မတီအဖွဲ့



## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောက်ဗဟိုလမ်း၊ မီးရထားလိုင်းခန်းနေ ဦးနေလွမ်းကိုကို ၃/ဘအန(နိုင်)၂၂၅၄၁၁၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၉၀၂ဟု ခေါ်တွင်သော နှစ်ခန်းတွဲ ၅လွှာ၊ မြေညီထပ်(ခြေရင်းခန်း-ဘီ) တိုက်ခန်းကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးမောင်ဖြူ S/OKA-၁၃၃၁၀၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
Pioneer (LAW & AUDIT FIRM)
ဦးမင်းသိန်းဇော် (သောကြာ) (စဉ်-၂၉၉၇၁)
LL.B, D.B.L
အထက်တန်းရှေ့နေ
အမှတ် ၁၅၁၊ ဒုတိယထပ်၊ ၃၈ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၄၂၅၀၂၆၈၂၅



သစ်လုံး နဝလီခွဲသည်

ကျွန်း၊ ပျဉ်းကဒိုး၊ အင်/ကညင်၊ အခြား

ဖုန်း - ၀၉-၅၁၃၁၀၂၀



## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၁၄၀၂၈ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်း ၉/မရတ(နိုင်)၁၁၆၄၁၁၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

# ၂၀၁၅ ရာသီထက် ပိုမိုအောင်မြင်ရေးကြိုးပမ်းနေသည့် ဟံသာဝတီ

သတင်း-ညီမြတ်သော်တာ၊
ဓာတ်ပုံ-ဖိုးသော်ဇင်

**MNL ပြိုင်ပွဲကျင်းပခဲ့သည်မှာ ခုနစ်ရာသီပြီးဆုံးသွားပြီဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲ၊ ရှုံး/ထွက်ပြိုင်ပွဲနှင့် MNL Cup ပြိုင်ပွဲသုံးခုတွင် ချန်ပီယံဆုရရှိမှုများထဲတွင် အသင်းငါးသင်းသာ ထွက်ပေါ်ဖူးသည်။ ယင်းအသင်းများထဲတွင် ဟံသာဝတီယူနိုက်တက်အသင်း(ယခင်ဥဿာယူနိုက်တက်)လည်း အပါအဝင်ဖြစ်သည်။**

ဟံသာဝတီအသင်းသည် MNL ပြိုင်ပွဲစတင်သည့် ၂၀၀၉ ခုနှစ်တွင် ဥဿာယူနိုက်တက်အသင်း အမည်ဖြင့် စတင်ယှဉ်ပြိုင်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုထားသည့် အသင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် အသင်းတည်ထောင်ပြီး တစ်နှစ်အကြာမှာပင် အောင်မြင်မှုများ စတင်ရရှိခဲ့ပြီး စင်ကာပူလူမျိုး နည်းပြ ဆီဗာဂျီကို ခန့်အပ်နိုင်မှုနှင့်အတူ အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်ရှိခဲ့သည်။ ရှုံး/ထွက်ပြိုင်ပွဲ စတင်ကျင်းပသည့် ၂၀၁၀ ပြည့်နှစ်တွင် ဟံသာဝတီအသင်းမှာ အသင်းကြီးများကို ကျော်ဖြတ်ပြီး ဗိုလ်လုပွဲတွင် Southern အသင်းကို အနိုင်ယူ၍ ချန်ပီယံရယူနိုင်ခဲ့ခြင်းဖြစ်ကာ ရှုံး/ထွက်ပြိုင်ပွဲ၏ ပထမဆုံးချန်ပီယံအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့ပြင် အမှတ်ပေးပြိုင်ပွဲတွင် အမြင့်ဆုံးအဆင့် ရပ်တည်မှုအဖြစ် ၂၀၁၁MNL အမှတ်ပေးပြိုင်ပွဲတွင် အဆင့်ငါးနေရာ၌ ရပ်တည်နိုင်ခဲ့သည်။ သို့သော် ဟံသာဝတီအသင်းမှာ ၂၀၁၃ ရာသီတွင် ရလဒ်ဆိုးများနှင့် ရင်ဆိုင်ခဲ့ရပြီး တန်းဆင်းရသည်အထိ ဖြစ်ခဲ့သော်လည်း ၂၀၁၄ ရာသီတွင် ပထမတန်း၌ တစ်ရာသီသာကစားပြီး တန်းပြန်တက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ ဟံသာဝတီအသင်းမှာ ပထမတန်းအမှတ်ပေးချန်ပီယံဆုကိုရယူပြီး တန်းပြန်တက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် ၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယအကျော့ တစ်ဝက်လောက်အထိ နိုင်ပွဲပျောက်ဆုံးမှုနှင့်အတူ တန်းဆင်းဇုန်အတွင်း ကျရောက်နိုင်ခဲ့သော်လည်း ဆီဗာဂျီကို ဒုတိယအကြိမ် နည်းပြချုပ်အဖြစ် ခန့်အပ်နိုင်မှုနှင့်အတူ ရလဒ်ကောင်းများ ပြန်ရကာ ပြိုင်ပွဲအပြီးတွင် အဆင့်ခုနစ်နေရာ၌ ရပ်တည်နိုင်ခဲ့သည်။

ဟံသာဝတီအသင်းသည် ၂၀၁၆ ရာသီတွင်အောင်မြင်မှုရရှိရန် အရှိန်အဟုန်မြှင့်ပြင်ဆင်နေပြီး ဆီဗာဂျီကို ဆက်လက်ခန့်ထားသော်လည်း နည်းစနစ်ဒါရိုက်တာအဖြစ်သာ တာဝန်ယူမည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးငွေထွန်းက ဆောင်ရွက်မည်ဖြစ်သည်။ ဟံသာဝတီအသင်းသည် ရာသီသစ်တွင် နိုင်ငံခြားသားကစားသမား သုံးဦးခေါ်ယူမည်ဖြစ်ပြီး လက်ရှိတွင် အိုင်ဗရီကို့စ်တိုက်စစ်မှူး ဘမ်ဘာကိုသာ စာချုပ်သက်တမ်းတိုးထားပြီး နှစ်ဦးထပ်မံခေါ်ယူမည် ဖြစ်သည်။ ၂၀၁၅ ရာသီအပြီးတွင် လက်ရွေးစင် **ဂိုးသမား** ရန်အောင်ဝင်း၊ လူငယ်လက်ရွေးစင် မျိုးဇော်ဦးတို့ အပါအဝင် ကစားသမားအချို့ ထွက်ခွာသွားသော်လည်း ချစ်လှအောင် (ရှမ်းယူနိုက်တက်)၊ စောအယ်ထူး (နေပြည်တော်)၊ သူရကိုကို၊ စည်သူသန်းစိုး၊ မြတ်ကျော်မိုးဦး၊ သီဟအောင်၊ မင်းကိုသူ(အားလုံးရခိုင်)တို့ကို ပြန်လည်ခေါ်ယူထားသည်။



ဟံသာဝတီအသင်း အုပ်ချုပ်သူ ဦးထွန်းထွန်းလင်း။

ပြင်ဆင်မှုများနှင့် ပတ်သက်၍ ဟံသာဝတီအသင်း အုပ်ချုပ်သူ ဦးထွန်းထွန်းလင်းက "ကျွန်တော်တို့အသင်းက ၂၀၁၅ ရာသီတုန်းက အဆင့်ခုနစ်နေရာ ရခဲ့ပါတယ်။ လာမယ့်ရာသီမှာတော့ အဆင့်ခုနစ်ထက် အောင်မြင်မှုပိုရအောင် ကြိုးစားနေပါတယ်။ အသင်းပိုင်ရှင်ကလည်း လာမယ့်ရာသီမှာ ပုံမှန်သုံးနေကျဘတ်ဂျက်ထက် ငွေကျပ်သိန်း ၂၀၀၀ ပိုမိုသုံးစွဲခွင့်ပေးထားပါတယ်။ ဒါကြောင့် ခြေစွမ်းပြနိုင်တဲ့ ကစားသမားတွေ ပွဲထွက်ခွင့်ရမယ့် ကစားသမားတွေကို လစာတွေတိုးပေးသွားမှာပါ။ အသင်းက ပြည်တွင်းကစားသမားတချို့ ထွက်သွားပေမယ့် လူငယ်ကစားသမား ခုနစ်ဦး ပြန်ခေါ်ထားပါတယ်။ ကျွန်တော်တို့အသင်းက တစ်ဦးတစ်ယောက်အပေါ် မှီခိုတာမျိုးမရှိဘဲ အသင်းလိုက်ကစားတဲ့အသင်းပါ။ ရလဒ်ကောင်းတွေရရှိဖို့ ပြင်ဆင်ထားပါတယ်။ အိမ်ကွင်းလက်ခံကျင်းပနိုင်ဖို့လည်း ဆောင်ရွက်နေပြီး ပွဲကြည့်စင်တွေ စတင်တည်ဆောက်နေပါပြီ။ ဒုတိယအကျော့မှာ အောင်ကြိုးပမ်းနေပေမယ့် လာမယ့်ရာသီလောက်တော့ စတင်ကျင်းပနိုင်မှာပါ။

MNL ပြိုင်ပွဲ ကျင်းပလာတာ အခုဆိုရင် ရှစ်ရာသီရှိတော့မှာပါ။ အပျော်တမ်းကနေ ကူးပြောင်းတဲ့အချိန်မှာ စိုးမြတ်မင်း၊ ရန်ပိုင်၊ ထွန်းထွန်းဝင်းတို့ အုပ်စုပါလာတယ်။ အခုအချိန်မှာတော့ နောက်မျိုးဆက်တစ်ခုဖြစ်နေတာပါ။ ယူ-၂၀ ကစားသမားတွေလည်း ကလပ်အသင်းတွေမှာ ကစားခွင့်ရရင် ပိုတိုးတက်လာမှာပါ။ MNL က တိုးတက်မှုတော့ ရှိပါတယ်။ ဒါပေမယ့် အလွန်နှေးလွန်းပါတယ်။ ပြိုင်ဘက်နိုင်ငံတွေက အလွန်ကို တိုးတက်လွန်းတော့ ကျွန်တော်တို့ လိုက်မမီတော့သလို ဖြစ်နေတာပါ။ ပိုပြီးအားထုတ်လုပ်ဆောင်ရမှာပါ။ ပြီးတော့ အားလုံးနီးပါးက ပရော်ဖက်ရှင်နယ်စံနှုန်း မမီသေးပါဘူး။ ပြိုင်ပွဲကျင်းပတာ၊ ပွဲစဉ်ရေးဆွဲတာက အစ၊ ပွဲစဉ်တွေ ခဏခဏပြောင်းတော့ ပရိသတ်က အရင်ကတည်းက စိတ်မဝင်စားတော့ ပိုနည်းသွားတာပါ။ နိုင်ငံတကာနဲ့ ချိတ်ဆက်ပြီး လုပ်ဆောင်တတ်ဖို့ လိုပါတယ်။ နောက်ပြီး အဖွဲ့ချုပ်မှာ တာဝန်ယူထားတဲ့ သူတွေကလည်း တာဝန်တွေ အများကြီးမယူဘဲ ကိုယ်ကျွမ်းကျင်တဲ့အပိုင်းကိုပဲ တာဝန်ယူပြီး ထိထိမိမိလုပ်ဆောင်ရင် လုပ်ငန်းပိုတွင်ကျယ်မယ်လို့ ထင်ပါတယ်"ဟု ပြောကြားသည်။

နည်းစနစ်ဒါရိုက်တာ စင်ကာပူလူမျိုးဆီဗာဂျီက "နည်းပြချုပ် ဦးငွေထွန်း၊ အခြားနည်းပြအဖွဲ့တွေနဲ့ ပေါင်းပြီး လာမယ့်ရာသီအတွက် ပြင်ဆင်နေပါတယ်။ ပြည်တွင်းကစားသမားတွေကို အများကြီးမပြောင်းလဲထားပေမယ့် နိုင်ငံခြားသားကတော့ ဘမ်ဘာတစ်ဦးတည်းပဲ ခေါ်ယူရပါသေးတယ်။ လက်ကျန်နှစ်နေရာအတွက် တိုက်စစ်မှူးတစ်ဦးနဲ့ ကွင်းလယ်ကစားသမားတစ်ဦး ခေါ်ယူသွားမှာပါ။ ကွင်းလယ်နေရာအတွက် ကိုနေးနဲ့ ပြီးခဲ့တဲ့ရာသီက အသုံးပြုခဲ့တဲ့ ဂျော့ဂျ်တို့ကို စမ်းသပ်နေပါတယ်။ ပြိုင်ဘက်အသင်းတွေအကြောင်းတော့ လေ့လာနေတုန်းပါပဲ။ သူတို့ရဲ့ခြေစွမ်းကို ရာသီအစ ငါးပွဲလောက် ကစားပြီးရင်သိနိုင်ပါပြီ။ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က အရင်နှစ်ကရခဲ့တဲ့ အဆင့်ခုနစ်ထက် ပိုကောင်းဖို့ပါ။ MNL ပြိုင်ပွဲက ကျင်းပလာတာ ခုနစ်နှစ်ကျော်လာပါပြီ။ တိုးတက်မှုအပိုင်းတွေ တွေ့ရသလို၊ အားနည်းချက်လည်း ရှိနေတုန်းပါပဲ။ အဓိကကတော့ ပြည်တွင်းကစားသမားတွေရဲ့ အရည်အသွေးပိုကောင်းလာဖို့လိုပါတယ်။ လိဂ်အဆင့်အတန်း တိုးတက်ချင်ရင်တော့ (၁)လူငယ်စီမံကိန်းတွေ သေချာလုပ်ရမယ်။ (၂)အရည်အချင်းရှိတဲ့ နည်းပြတွေထွက်ပေါ်လာဖို့လုပ်ရမယ်။ (၃) အရည်အသွေးရှိတဲ့ နိုင်ငံခြားသားကစားသမားတွေခေါ်ယူအသုံးပြုရမယ်။ ဘာလို့ နိုင်ငံခြားသား ကစားသမားတွေ အသုံးပြုခိုင်းတာလဲဆိုတော့ သူတို့နဲ့တွဲကစားမှ ပြည်တွင်းကစားသမားတွေက ပိုကြိုးစားပြီး နည်းစနစ်ပိုင်းတွေ တိုးတက်လာမှာပါ" ဟု ပြောကြားသည်။

**စစ်တက္ကသိုလ် အပတ်စဉ်(၂၀)ကျောင်းဆင်းအရာရှိများ၏ အာစရိယပူဇော်ပွဲ**
**ကြိုတင်အသိပေးဖိတ်ကြားလွှာ**

ပြင်ဦးလွင်မြို့၊ စစ်တက္ကသိုလ်တွင် ၁၉၇၄ ခုနှစ်မှ ၁၉၇၉ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော စာပေနှင့်လေ့ကျင့်ရေးဌာနများမှ ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည့် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားအား နေပြည်တော်၌ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးဖိတ်ကြားအပ်ပါသည်။

**အာစရိယပူဇော်ပွဲ ဦးစီးကော်မတီ**
**စစ်တက္ကသိုလ်အပတ်စဉ်(၂၀)**

**ဖခင်အမည်မှန်**

မြဝတီမြို့နယ်၊ (၁)ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်(က/၆၇)နေ အထက(၂)၊ သတ္တမတန်း(A)မှမောင်နေလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုလတ် ၃/မဝတ(နိုင်)၀၂၂၂၁၄ ဖြစ်ပါကြောင်း။

**ဦးအောင်ကိုလတ်**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 5I/2760 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

**ကညန(ရွှာသာကြီး)**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 3I/6362၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

**ဖောင်းကြွပျောက်**
**လျှောက်ထားခြင်း**

ယာဉ်အမှတ် 1H/1087 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ရိက္ခာဆန်ဝယ်ယူရန်
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်အတွင်း အကျဉ်းထောင်/ စခန်းများရှိ အကျဉ်းသား/အချုပ်သားများအား ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန်များကို သက်ဆိုင်ရာအကျဉ်းထောင်/ စခန်းများအရောက် မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများရောင်းချမည့်ရက်** - ၂၄-၁၂-၂၀၁၅ရက်မှ ၈-၁-၂၀၁၆ရက်ထိ
ကချင်ပြည်နယ်ဦးစီးမှူးရုံး
အကျဉ်းဦးစီးဌာန

၃။ **အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့်နေ့ရက်၊ အချိန်နှင့်နေရာ၊** - ၁၄-၁-၂၀၁၆ ရက် (ကြာသပတေးနေ့)
၁၀း၀၀နာရီ
ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်း နံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်-
(က) ဖုန်း-၀၉-၅၀၂၂၈၇၇၊ ၀၇၄-၂၂၀၆၆ ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး
(ခ) ဖုန်း-၀၉-၆၄၀၀၃၂၆၊ ၀၇၄-၂၁၄၀၁ ကချင်ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန

**တင်ဒါစိစစ်ရေးအဖွဲ့**
**ကချင်ပြည်နယ်**
**ပြည်ထဲရေးဝန်ကြီးဌာန**

**မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ**

၂၅-၁၂-၂၀၁၅ရက်တွင်NOVOTEL YANGON MAX HOTEL(Yangon Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးကြပါသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့အား လည်းကောင်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီးဒေါ်ခင်အေးမြင့်တို့အားလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်တို့အားလည်းကောင်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှန်အားလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် စုလျားရစ်ပတ်ထိမ်းမြားပေးပြီး မင်္ဂလာစံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်အား သိဒ္ဓိတင် ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငြေးတို့အားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ စစ်ဘက်နယ်ဘက်အသီးသီးတို့မှ ဌာနဆိုင်ရာအရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မိသားစုဝင်များလည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးပါသော ဒေါ်ရီရီသန့်နှင့် မြန်မာမှုတေးဂီတအဖွဲ့ တေးသံရှင်များ၊ မင်္ဂလာရှေ့ဆောင်လမ်းပြအဖြစ် ဆောင်ရွက်ပေးပါသော မမြင့်မိုရ်ရွှန်းလဲ့၊ မောင်ရဲစွမ်းထက်၊ မမေမြင့်မြတ်မောင်၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မအိမ့်မှူးဇော်၊ မမေမြင့်မို၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော မဖြူဖြူထက်ဝင်း၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မခိုင်ဆွေသော်၊ သတို့သားအရံများအဖြစ် ကူညီပေးပါသော မောင်သန့်ဇင်ဝင်း၊ မောင်အောင်သက်ခင်၊ သတို့သမီးအရံများအဖြစ် ကူညီပေးပါသော မအိမ့်မြင့်မို၊ မတင်ရတနာကို၊ မင်္ဂလာဝတ်စုံများအား မေတ္တာဖြင့် တီတွင်ဖန်တီးပေးပါသော ဒီဇိုင်နာ မမြတ်ကေခိုင်မောင် (K.Collection)၊ ဘိသိက်ခန်းဝင်ပစ္စည်းများအား စီစဉ်ဆောင်ရွက်ပေးပါသော မြမာလာဟန်၊ မေတ္တာဖြင့် လက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ဒေါ်စံပယ်ထွန်း (Best Jewellery)၊ မိတ်ကပ်၊ ဆံပင် ဆင်ယင်ချယ်သပေးပါသော မေဦး၊ Pre Wedding ဓာတ်ပုံများရိုက်ကူးပေးပါသော(Dior Studio)၊ ဓာတ်ပုံဗီဒီယို ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး၊ ပန်းအလှဆင် အန်တီနီလာ (Eternal Flower)၊ ဖိတ်စာများ ပုံနှိပ်ရိုက်ကူးပေးပါသော ဒဂုံပုံနှိပ်တိုက်၊ မေတ္တာစေတနာအပြည့်အဝဖြင့် မင်္ဂလာပွဲကြီးအောင်မြင်အောင် စီစဉ်ပေးပါသော ဒေါ်မြတ်မြတ်ဦးအားလည်းကောင်း၊ အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံပေးပါသော NOVOTEL YANGON MAX HOTEL မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအားလုံးတို့အားလည်းကောင်း၊ ၂၃-၁၂-၂၀၁၅ရက်တွင် NOVOTEL YANGON MAX HOTEL (ပုသိမ်ခန်းမ)၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မင်္ဂလာနာယကကြီးအဖြစ် ဆောင်ရွက်ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးကြပါသော ဧရာဝတီဘဏ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဇနီး ဒေါ်ငွေငွေခိုင်တို့အားလည်းကောင်း၊ မင်္ဂလာပွဲအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဌာနဆိုင်ရာအရာရှိများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့် မောင်ကျော်ဇေမြင့်-မချိုသီရိမောင်**

## ကရင်ရွာ အခြေခံပညာမူလတန်းကျောင်းဖွင့်

**မော်လူး ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးဒေသ ကရင်ရွာ အခြေခံပညာမူလတန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အဆိုပါကျောင်းဖွင့်ပွဲကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ် (၂)ဦးတင်မြင့်၊ ခရိုင်ပညာရေးမှူး ဒေါ်ကြည်ကြည်ဌေးနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းအုပ်ဆရာကြီး ဦးဝင်းအောင်က ကရင်စာသင်ကျောင်း၏ သမိုင်းကြောင်းကို ပြောကြားခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

## ကျေးလက်ဒေသ သောက်သုံးရေရရှိရေးလုပ်ငန်းကွင်းဆင်း

**ထန်းတပင် ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် VILLAGE DEVELOPER ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးဝေရေး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီခြင်း ရှိ/မရှိ ဒီဇင်ဘာ ၂၁ ရက်က မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးဆင့်နှင့် အဖွဲ့များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ကျောက်တန်းမြို့နယ် မီးပြစံပြကျေးရွာ မိခင်နှင့်ကလေးပိုင် မူကြိုကျောင်းဆောင်သစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက်က ကျင်းပရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ် အလှူရှင်များက ကျောင်းသုံးသင်ထောက်ကူပစ္စည်းများ၊ မူကြိုဆရာမများအား ဝတ်စုံများ ထောက်ပံ့ပေးခဲ့ပြီး ကလေးငယ်များအား ကစားစရာနှင့် အစားအစာများ ပေးအပ်စဉ်။ တင်စိုး(မြန်မာ့အလင်း)

## မူးယစ်ဆေးဝါးရှောင်ရှားရေး အသိပညာပေး

**ရှမ်းရွာသစ် ဒီဇင်ဘာ ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် မူးယစ်ဆေးဝါးကြောင့် ဖြစ်ပွားတတ်သောရောဂါများ ရောင်းချခြင်း၊ သုံးစွဲခြင်းနှင့် မှုခင်းဆိုင်ရာများကို ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိစေလိုသော ရည်ရွယ်ချက်များဖြင့် မူးယစ်ဆေးဝါးရှောင်ရှားရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို ဒီဇင်ဘာ ၂၁ ရက်က ရှမ်းရွာသစ်အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အာမခံအကြောင်း သိကောင်းစရာဟောပြော

**မော်လမြိုင် ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် မြန်မာ့အာမခံလုပ်ငန်းရုံးက ကြီးမှူး၍ အာမခံအကြောင်း သိကောင်းစရာ အခမ်းအနားကို မော်လမြိုင်မြို့ အောက်လမ်းမကြီး စစ်ကဲကုန်းရပ်ကွက်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ ဒီဇင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မွန်ပြည်နယ် အာမခံလုပ်ငန်းရုံးမှ ပြည်နယ်တာဝန်ခံ ဦးထွန်းလင်းက ဝန်ထမ်းများကို မြန်မာ့အာမခံဥပဒေ အခန်း(၆)အပိုဒ်(၁၃) အရ အစိုးရဝန်ထမ်းများသည် သတ်မှတ်ထားသော အသက်အရွယ်နှင့် လစာနှုန်းထားအရ မြန်မာ့အာမခံ၌ အသက်အာမခံ မထားမနေရ ထားရှိရမည့် ဥပဒေကိုလည်းကောင်း၊ အသက်အာမခံထားရှိရခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း၊ ကျန်းမာရေး အာမခံ၊ သူတစ်ပါးထိခိုက်မှု အာမခံ အကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

မွန်ပြည်နယ် မြန်မာ့အာမခံလုပ်ငန်းရုံးအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက် ၁၈၃ ဒသမ ၁၇ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လျော်ကြေးငွေအားဖြင့် ၁၂ ဒသမ ၄၁ သန်း ပေးလျော်ခဲ့ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**



## နှစ်ကရင်ကျေးရွာချင်းဆက် ကွန်ကရစ်တံတားတည်ဆောက်ပြီးစီး

**ရေး ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ရေးမြို့နယ် နှစ်ကရင်ကျေးရွာနှင့် မော့ကနင်ကျေးရွာ လမ်းပေါ်ရှိ အရှည် ၃၅ ပေ၊ အကျယ် ၁၄ ပေ ကွန်ကရစ်တံတားကို ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်အဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၅ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ရာ ဒီဇင်ဘာလ တတိယပတ်က တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နေမျိုးထွဋ်(ရေး)**

## မုံရွာနန္ဒဝန်အိမ်ရာ၏ အားသာချက်များကြောင့် နေထိုင်လိုသူနှင့် ဝယ်ထားလိုသူများစိတ်ဝင်စား

**မုံရွာ ဒီဇင်ဘာ ၂၅**

မုံရွာ စီးပွားရေးတက္ကသိုလ်နှင့် မုံရွာ တက္ကသိုလ်အနီးတွင် တည်ဆောက်လျက်ရှိသော နန္ဒဝန်ရပ်ကွက် တန်ဖိုးမျှတအိမ်ရာသည် ဒီဇင်ဘာလနောက်ဆုံးပတ်အထိ ၃၀ ရာခိုင်နှုန်းခန့် ပြီးစီး၍ ဆက်လက်တည်ဆောက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးမှူးထံမှ သိရသည်။

"မုံရွာမြို့ နန္ဒဝန်တန်ဖိုးမျှတ အိမ်ရာကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့စီစဉ်မှုနဲ့ ငွေကံဆင့်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေတာပါ။ တိုက်အမှတ် ၆ နဲ့ ၁၀ ကို တည်ဆောက်တဲ့နေရာမှာ အိမ်ခန်းပေါင်း ၈၀ ပါရှိမှာပါ။ အိမ်ခန်း ၈၀ မှ ၅၄ ခန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ရောင်းမှာဖြစ်ပြီး ၂၆ ခန်းကို ကုမ္ပဏီက ရောင်းချမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးဦးစီးမှူးက ပြောသည်။

တည်ဆောက်နေသော အိမ်ရာသည် မုံရွာမြို့နန္ဒဝန်ရပ်ကွက်အတွင်း မြေ ၁၀ ဧကခန့် အကျယ်ပေါ်တွင် RC သံကူကွန်ကရစ် ရှစ်ခန်းတွဲ အိပ်ခန်းနှစ်ခန်းပါဝင်ကာ ငါးထပ်ရှိပြီး ၅၁၅ စတုရန်းပေရှိသော အဆောက်အအုံကို တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။ အိမ်ရာ၏ အခန်းများကို တစ်ခန်းလျှင် အလျား ၂၆ ပေ၊ အနံ ၂၁ ပေ ၉ လက်မနှင့် အမြင့် ၁၀ ပေရှိသော RC သံကူကွန်ကရစ်တိုက်ခန်းများဖြစ်ပြီး အဆိုပါအခန်းတစ်ခန်းစီတွင် ဧည့်ခန်းတစ်ခန်း၊ အိပ်ခန်းနှစ်ခန်း စားဖိုတစ်ခန်း၊ ရေချိုးခန်းတစ်ခန်း၊ ရေလောင်းအိမ်သာတစ်ခန်း ပါဝင်မည်ဖြစ်ကာ ရေနှင့် လျှပ်စစ်မီး တပ်ဆင်ပေးမည်ဖြစ်ကြောင်း သိရသည်။ အိမ်ရာတည်ဆောက်ပြီးလျှင် ပထမအရစ် စာချုပ်ချုပ်စဉ် ၅၀ ရာခိုင်နှုန်း၊ ဒုတိယအရစ် ၄၀ ရာခိုင်နှုန်းနှင့် တတိယအရစ် အခန်းအပ်ရက်တွင် ၁၀ ရာခိုင်နှုန်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ တည်ဆောက်နေသော အိမ်ရာသည် မုံရွာစီးပွားရေးတက္ကသိုလ်နှင့် မုံရွာတက္ကသိုလ်ကြား တိုင်းဒေသကြီး အစိုးရရုံးများနှင့်နီးပြီး အမည်ပေါက်ပိုင်ဆိုင်မှုစာချုပ် ချုပ်ဆိုပေးမည့် အားသာချက်များ ရှိနေသောကြောင့် တိုက်ခန်းအပြီးနေလိုသူနှင့် ဝယ်ယူလိုသူများစိတ်ဝင်စားသောအိမ်ရာဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မြန်အောင်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**မြန်အောင် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် နေခြည်ဈေးတွင် ဒီဇင်ဘာ ၂၃ ရက် ညနေ ၄ နာရီက မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြ လေ့ကျင့်မှုများကို ပြုလုပ်ခဲ့ကြသည်။

လေ့ကျင့်ရာသို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးသန်းဌေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိနှင့် စည်ပင်သာယာဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုသူနှင့် အဖွဲ့ဝင်များ၊ နေခြည်ဈေးကော်မတီဝင်များက လက်တွေ့သရုပ်ပြလေ့ကျင့်မှုများကို ဆောင်ရွက်ခဲ့ကြသည်။



မြန်အောင် မီးသတ်တပ်ဖွဲ့စခန်းတွင် မီးသတ်ယာဉ် ခုနစ်စီး၊ မြန်အောင် ဒေသပိုင် မီးသတ်အဖွဲ့တွင် မီးသတ်ယာဉ် တစ်စီးနှင့် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးသန်းဌေးနှင့်ဇနီး ဒေါ်စိုးဝတ်ရည်မိသားစုက လှူဒါန်းထားသော မီးသတ်ယာဉ် သုံးစီး စုစုပေါင်း မီးသတ်ယာဉ် ၁၁ စီးဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေဝင်းဇော်(မြန်အောင်)**

## ကံကြီးကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်းသစ်ဖွင့်

**မိတ္ထီလာ ဒီဇင်ဘာ ၂၅**

မိတ္ထီလာမြို့နယ် ကံကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းသစ် ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာလ တတိယပတ်က ကျင်းပခဲ့သည်။

ကံကြီးကျေးရွာ အမကကျောင်းအား မြို့နယ်ပညာရေးမှူး ဦးအောင်မောင်းနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ယခင်က ကံကြီးကျေးရွာတွင် အမကကျောင်း မရှိခဲ့သဖြင့် မူလတန်းပညာရေးကို ကျေးရွာနှင့် တစ်မိုင်ခွဲကျော် ခရီးဝေးသည့် ပိတောက်ပင်၊ ကျိတ် ပုလဲ၊ ကုက္ကိုပင်စသည့် ကျေးရွာများရှိ ကျောင်းများသို့ သွားရောက်ပညာသင်ယူခဲ့ရာ ကျောင်းသားများနှင့် ကျောင်းသားမိဘများအတွက် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ယခုအခါကျေးရွာတွင် အမကကျောင်းဖွင့်လှစ်နိုင်ခြင်းကြောင့် မိမိတို့ကျေးရွာ၌ပင် မူလတန်းပညာရေးကို သင်ယူခွင့်ရရှိသဖြင့် ပြည်သူများက ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## သဘာဝဘေးလျော့ပါးရေး(ဆင့်ပွား) သင်တန်းဖွင့်

**ချောင်းဆုံ ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များဖြစ်ပွားမှု လျော့ပါးစေနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနကကြီးမှူးကာ ဒီဇင်ဘာ ၂၂ ရက်က ချောင်းဆုံ မြို့နယ် ကျွန်းသာယာခန်းမ၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်း အမှတ်စဉ် (၁/၂၀၁၅)ကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးသောင်းရွှေက သဘာဝဘေးနှင့် ပတ်သက်ပြီး စေတနာ့ဝန်ထမ်းလူငယ်များ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်ရှစ်ရပ်နှင့် ချောင်းဆုံမြို့နယ်သည် သီးခြားကျွန်းကလေးတစ်ကျွန်းဖြစ်သည့်အတွက် သဘာဝဘေးလျော့ပါးရေးဆိုင်ရာလုပ်ငန်းများကို ဂရုပြုလုပ်ဆောင်သွားရန် အရေးကြီးကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ကသာမြို့နယ် ဧရာဝတီမြစ်အတွင်း သဲသောင်ထွန်း၍ အင်းများပေါ်ထွက်လာရာ ငါးအင်းပိတ်တန်းခြင်းများပြုလုပ်

**ကသာ ဒီဇင်ဘာ ၂၅**

ကသာမြို့နယ်အနီး ဧရာဝတီမြစ် ရေကျဆင်းလာခြင်းကြောင့် သဲသောင်ထွန်း၍ မြစ်ကျိုးအင်းများ ပေါ်ထွက်လာမှုကြောင့် မြစ်မကြီး အတွင်းသို့ဝင်ရောက်နိုင်သော ပြတ်လတ်ရေအိုင်ကို မြစ်ကျိုးအင်းအဖြစ် သတ်မှတ်၍ လေလံများဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ အင်းလုပ်သားများ မြစ်ကျိုးအင်းများ ပြုလုပ်လာကြကြောင်း သိရသည်။

ကသာမြို့နယ်အနီးရှိ ဧရာဝတီမြစ်သည် မြစ်ကြမ်းပြင်မျက်နှာမြင့်လာသဖြင့် ရေထုစီးဆင်းမှုကျဆင်းခြင်း၊ သဲသောင်ထွန်းခြင်း၊ မြစ်ကမ်းအနီး ကျေးရွာများနှင့် ရေယာဉ်များ စည်းကမ်းမဲ့ အမှိုက်များစွန့်ပစ်ခြင်း၊ မြစ်ရေတိုက်စားမှုကြောင့် တစ်နှစ်ထက်တစ်နှစ် ရေလမ်းကြောင်း ပြောင်းလဲလာရာ ရေကြောင်းပြတ်ရွှေ့သောနေရာများ အင်းကွက်ပေါ်ထွန်းလာခြင်းကိုအမှီပြု၍ ရေလုပ်သားများက မြစ်ကျိုးအင်းအဖြစ်သတ်မှတ်၍ ယင်းကာ အင်းပိတ်တန်းပြီး ငါးရှာဖွေရေးပြုလုပ်လာကြသည်ကို တွေ့ရသည်။

ကသာမြို့အနီး ဧရာဝတီမြစ် ရေလမ်းကြောင်း ပြောင်းလဲခြင်းရှိလာသည့်အတွက် မြစ်ကျိုးအင်းများ ဖြစ်ပေါ်လာသည့် အနေအထားပေါ်မူတည်ပြီး မြစ်ကျိုးအင်း၊ ကြေးတိုင်စိုက်အင်းဟူ၍ အင်းလေလံကိုဆွဲယူ၍ ငါးအင်းလုပ်သားများ တိုးပွားလာလျက်ရှိသော်လည်း ဧရာဝတီမြစ်ရေကျဆင်းခြင်း၊ သဲသောင်ထွန်းခြင်း မြန်လာသည့်အတွက် ငါးအင်းအတွင်း ငါးများလျော့နည်းလာခြင်းကြောင့် ငါးကြီးငါးကောင်းများမရရှိ၍ မိသားစုဝင်ငွေလျော့နည်းနိုင်ကြောင်း အင်းသူကြီးတစ်ဦးထံမှ သိရသည်။

ထို့ပြင် ဧရာဝတီမြစ်အတွင်း တရားမဝင် ရွှေခ်တိုက်ငါးဖမ်းခြင်းနှင့် ငါးမျိုးပွားမှုဂေဟစနစ်ပျက်စီးမှုမရှိစေရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အင်းလုပ်သားများပူးပေါင်း၍ ပညာပေးစစ်ဆေး အရေးယူခြင်း ဆောင်ရွက်ပေးစေလိုကြောင်း အင်းလုပ်သားများထံမှ သိရသည်။

**ငွေအိုး (ကသာ)**





## အမှတ်(၁၇) လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒီဇင်ဘာ ၂၁ ရက် နံနက် ၇ နာရီက အမှတ်(၁) လုံခြုံရေးကွပ်ကဲမှု အဖွဲ့ခွဲမှူး ရဲမှူးကြီးခင်ဇော်နှင့် အမှတ်(၁၇) လုံခြုံရေးတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးသန်းထိုက်စိုးတို့ ဦးဆောင်၍ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာနေရာသို့ အမှတ်(၁) လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူး ယာယီရဲမှူးချုပ် မျိုးဆွေဝင်းလာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

## မြစ်သာမြစ်ဝှမ်းတစ်လျှောက် နုန်းတင်မြေနုများကြောင့် ဆောင်းသီးနှံ ပဲမျိုးစုံစိုက်ခင်းများအောင်မြင်

**ဂန့်ဂေါ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မိုးရာသီကာလက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် မြစ်သာမြစ်ဘေးဝဲ၊ ယာတစ်လျှောက်ရှိ မိုးရာသီသီးနှံ နှမ်းစိုက်ခင်းဧက ၁၄၀၀၀ ကျော်ပျက်စီးခဲ့ရာ ယခု ဆောင်းရာသီကာလတွင် ယင်းမြေနေရာများ၌ ဆောင်းသီးနှံအဖြစ် ပဲမျိုးစုံကို စိုက်ပျိုးထားရှိပြီး နုန်းတင်မြေနုများကြောင့် ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မိုးရာသီကာလအတွင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် မြစ်သာမြစ်ဝှမ်းတစ်လျှောက်ရှိ မိုးနှမ်းစိုက်ခင်း ၁၄၁၆၂ ဧကနှင့် မိုးစပါးစိုက်ခင်း ၉၇ ဧကတို့ပျက်စီးသွားခဲ့ကြောင်း၊ ယင်းပျက်စီးသွားခဲ့သော မိုးနှမ်းနှင့် စပါးစိုက်ခင်းများအနက် စပါးစိုက်ခင်းများတွင် မိုးစပါးအဖြစ် ဧကအပြည့်အဝ ပြန်လည်စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နှမ်းစိုက်ခင်းများတွင်မူ မိုးသီးနှံအဖြစ် မည်သည့်သီးနှံကိုမျှ စိုက်ပျိုးနိုင်ခဲ့ခြင်းမရှိဘဲ ယခုဆောင်းရာသီကာလတွင် ရေစားကမ်းပြိုသဖြင့် ပျက်စီးသွားသောမြေ ၃၁၂ ဧကမှအပ ကျန်မြေများတွင် ဆောင်းသီးနှံအဖြစ် ပဲတီစိမ်း ၁၇၁၅ ဧက၊ ပဲနောက် ၁၇၅၃ ဧက၊ စွန်တာနီ ၃၆၇၉ ဧကနှင့် ထောပတ်ပဲ ၆၇၀၃ ဧက စုစုပေါင်းဧက ၁၃၈၅၀ ကို စိုက်ပျိုးထားရှိရာ နုန်းတင်မြေနုများကြောင့် ဖြစ်ထွန်းအောင်မြင်သည့် အခြေအနေရှိကြောင်း ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဂန့်ဂေါမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မိုးနှမ်း ၄၀၉၃၁ ဧကစိုက်ပျိုးနိုင်ရန် လျာထားသတ်မှတ်ခဲ့ပြီး လျာထားသတ်မှတ်ချက်ထက်ကျော်လွန်ကာ ၄၀၉၃၄ ဧကကို အမှန်တကယ်စိုက်ပျိုးနိုင်ခဲ့သော်လည်း ရာသီဥတုကြောင့် မိုးနှမ်းစိုက် ၁၄၁၆၂ ဧက ပျက်စီးခဲ့၍ ၂၆၇၇၂ ဧကကိုသာ ရိတ်သိမ်းခဲ့ရသည်။ အထွက်နှုန်း ပျမ်းမျှ ၁၃ ဒသမ ၅၈ ဖြင့် အထွက်တင်းပေါင်း ၃၆၃၄၃၉ ခန့်ရရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံအဖြစ် ဂန့်ဂေါမြို့နယ်တွင် စပါး ၅၃၅၁၈ ဧက၊ ပြောင်း ဧက ၆၀၂၀၊ ပဲမျိုးစုံ ၅၅၉၃ ဧက၊ ဆီထွက်သီးနှံ ၄၃၈၃၁ ဧက၊ မလိုင်ဝါ ၅၁ ဧကနှင့် အခြားသီးနှံ ၃၁၂၅၈ ဧက စုစုပေါင်းမိုးသီးနှံ ၁၄၀၂၇၁ ဧကကို စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာ ၂၃ ရက်အထိ မိုးသီးနှံမျိုးစုံ ၄၄၉၁၆ ဧကကို ရိတ်သိမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ဆောင်းသီးနှံမျိုးစုံ ၉၆၀၇၈ ဧကကိုလည်း ဆက်လက်စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# လွတ်လပ်ရေးနေ့အခမ်းအနား ရေးမြို့၌ စည်ကားစွာ ကျင်းပမည်

ရေး ဒီဇင်ဘာ ၂၅

**(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မွန်ပြည်နယ် ရေးမြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး ရေးဟောင်းမြကန်သာကျုံးတော်ကြီး၌ မြန်မာ့ရိုးရာလှေသဘင်ပွဲတော် ပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**

ပြီးခဲ့သည့်နှစ် လွတ်လပ်ရေးနေ့ လှေပြိုင်ပွဲတွင် ငါးဦး အမျိုးသား လှေလှော်ပြိုင်ပွဲများ ကျင်းပရာမှ ယခုနှစ်တွင် ခုနစ်ဦးလှေလှော်ပြိုင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း ပြီးခဲ့သည့်နှစ်က ရရှိခဲ့သည့် ချန်ပီယံဒိုင်းဆုဖလားကို ဆက်လက်ထိန်းသိမ်းနိုင်ရန် ပြင်ဆင်နေကြောင်း ပြိုင်ပွဲဝင်ရန်ပြင်ဆင်နေသည့် ရန်မျိုးအောင်ရပ်ကွက်က လှေလှော်အသင်း အုပ်ချုပ်သူတစ်ဦးက ပြောသည်။

ရေးမြို့၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လှေပြိုင်ပွဲအပြင် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ စာသင်ကျောင်းများတွင် လည်းကောင်း၊ ရပ်ကွက်ကျေးရွာနေ ပြည်သူများက လည်းကောင်း အပျော်တမ်း အားကစားနည်းအမျိုးမျိုး ပြိုင်ပွဲများကို ထည့်သွင်း၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် နိုင်ငံတော်အလံတင် အလေးပြုခြင်းအခမ်းအနားကို ရေးမြို့ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပမည်ဖြစ်ပြီး ဂုဏ်ပြုတပ်ဖွဲ့ဝင်များနှင့်အတူ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက တက်ရောက်အလေးပြုမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွန်း (ရေး)**





## မိုဘိုင်းစာကြည့်တိုက် ကွင်းဆင်းဖွင့်လှစ်ပေး

**မလှိုင် ဒီဇင်ဘာ ၂၅**

အနာဂတ်မျိုးဆက်သစ်လူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးဟောပြောပွဲကို မလှိုင်မြို့နယ် ထန်းတောကျေးရွာ အလကကျောင်း၌ ဒီဇင်ဘာ ၂၂ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာအပြင် ဗဟုသုတဖြစ်စေမည့် စာအုပ်စာပေများကို လေ့လာဖတ်ရှုသင့်ကြောင်းနှင့် လူကုန်ကူးမှုနှင့်ပတ်သက်သည့်အကြောင်း အရာများကိုဟောပြောခဲ့သည်။

ထို့နောက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုနိုင်ရန်အတွက် နယ်လှည့်စာကြည့်တိုက်ကို ညနေ ၃ နာရီအထိ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## လက်နက်မဲ့အကြို အခြေခံမီးသတ်သင်တန်း ဆင်းပွဲကျင်းပ

**တနိုင်း ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် ရှင်ဗွေယန်မြို့နယ်ခွဲတွင် မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနကကြီးမှူးကျင်းပသော အရန်မီးသတ်အကြိုအခြေခံမီးသတ်ပညာ(လက်နက်မဲ့)၁/၂၀၁၅ သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ရှင်ဗွေယန်မြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမဆောင်၌ ကျင်းပခဲ့သည်။ အဆိုပါသင်တန်းကိုဒီဇင်ဘာ ၇ ရက်မှ ၁၈ ရက်အထိကျင်းပခဲ့ပြီး သင်တန်းသား ၃၅ ဦးတက်ရောက်ခဲ့ကြရာ သင်တန်းဆင်းပွဲကို မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးညီညီထွန်းက အမှာစကားပြောကြားပြီး တနိုင်းမြို့နယ်နှင့်ရှင်ဗွေယန်မြို့နယ်ခွဲ အရန်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးဖြိုးကိုကိုမောင်က သင်တန်းကျင်းပခဲ့ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ သင်တန်းတွင် ပထမလေ့ကျင့်ရေးထူးချွန်ဆု၊ ဒုတိယစစ်ရေးပြထူးချွန်ဆုနှင့် တတိယစည်းကမ်းကောင်းမွန်ဆုစသည်ဖြင့် ဆုရရှိကြသောသင်တန်းသားများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိ

**ကြံခင်း ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကြို့ပင်စုကျေးရွာအုပ်စု ကြို့ပင်စုကျေးရွာရှိ အိမ်ခြေ ၃၃၀ ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆောင်ရွက်ပေးမှုဖြင့် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း သိရသည်။

ကြို့ပင်စုကျေးရွာတွင် ဆိုလာစနစ်ဖြင့် မီးလင်းနိုင်ရေးအတွက် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၆၅ ဒသမ ၃၄ သန်းဖြင့် တင်ဒါအောင်မြင်သော Asia Ayar ကုမ္ပဏီက W-80 တစ်အိမ်ထောင်သုံး ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများကို တပ်ဆင်ပေးခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ ကျေးရွာမီးလင်းရေးကော်မတီနှင့် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေး လမ်းတံတားလုပ်ငန်းများ၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများ၊ ကျေးရွာမီးလင်းရေးလုပ်ငန်းများနှင့် ကျေးလက်အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နှင့်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်မရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

**ဝင်းဗိုလ်**



# ကျေးရွာမီးလင်းရေးလုပ်ငန်းများ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိ

**အင်းတော် ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံထုံကျေးရွာအုပ်စု မင်းကုန်းကျေးရွာ၌ မီးရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမင်းလွင်က "ကျွန်တော်တို့ ကျေးရွာလျှပ်စစ်မီးရရှိဖို့ ဆောင်ရွက်နေပါတယ်။ ကွန်ကရစ်တိုင်တွေစိုက်ထူပြီး ပင်မဓာတ်အားလိုင်းကြိုးတွေကို အင်းတော်မြို့နယ်က လျှပ်စစ်ဝန်ထမ်းအဖွဲ့တွေ၊ ကျွန်တော်တို့ကျေးရွာက မီးလင်းရေးကော်မတီအဖွဲ့ဝင်တွေ၊ ကျွမ်းကျင်တဲ့လူငယ်အဖွဲ့တွေစုပေါင်းပြီး လုပ်ဆောင်နေပါတယ်။ အင်းတော်-ဗန်းမောက် ၁၁ကေဗွီဓာတ်အားလိုင်းက သွယ်ယူထားတဲ့ ကျွန်းတောကျေးရွာကနေတစ်ဆင့် တုံစီရွာ-သောင်ကြီးရွာ-မံထုံရွာ-မင်းကုန်းကျေးရွာအထိ ပင်မဓာတ်အားကြိုးလိုင်းကို သွယ်ယူနေတာပါ။ ဆက်လက်ပြီး ၁၅၀ ကေဗွီ ထရန်စဖော်မာနှစ်လုံးကိုတော့ တာပေါကျေးရွာနဲ့ ကျွန်တော်တို့မင်းကုန်းကျေးရွာမှာ တပ်ဆင်မှာပါ" ဟု ပြောသည်။

မင်းကုန်းကျေးရွာမှ ပြည်သူတစ်ဦးဖြစ်သော ကိုသန်းဇော်မြင့်က "တစ်အိမ်ထောင်ကိုမီးလင်းရေးအတွက် ကနဦးမတည်ငွေ ကျပ်တစ်သိန်းခွဲနဲ့ ဒုတိယအသုတ်မှာ ကျပ်လေးသိန်းခွဲ စုစုပေါင်း ခြောက်သိန်းကို အရစ်ကျစနစ်အနေနဲ့ ပေးသွင်းရပါတယ်။ ၁၅၀ ထရန်စဖော်မာတစ်လုံးကို နိုင်ငံတော်က ချပေးမယ်လို့သိရပါတယ်။ လိုအပ်ရင်လည်း ကျွန်တော်တို့စုပေါင်းရန်ပုံငွေကနေ ဝယ်ယူသုံးစွဲသွားမှာပါ။ မီးလင်းလို့ ကျေးရွာအတွင်းက စုပေါင်းထည့်ဝင်ငွေ ပိုလျှံခဲ့ရင်လည်း ပြန်ပေးမှာပါ"ဟု ပြောသည်။

မင်းကုန်းကျေးရွာသည် အိမ်ထောင်စု ၁၄၂ စု၊ လူဦးရေ ၈၀၀ ကျော်ရှိပြီး လျှပ်စစ်မီးမရရှိသည့်အတွက် အခက်အခဲများ ကြုံတွေ့နေရသဖြင့် ဒေသခံများစုပေါင်း၍ ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**နီတိုး**

# သထုံတွင် လူ့အခွင့်အရေးဆိုင်ရာများ အသိပညာပေးဆွေးနွေး

**သထုံ ဒီဇင်ဘာ ၂၅**

လူ့အခွင့်အရေး ချိုးဖောက်ခံနေရသူများအနေဖြင့် ၎င်းတို့ကိုယ်တိုင်ဆောင်ရွက်ခြင်းထက် အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှတစ်ဆင့် ဆောင်ရွက်ခြင်းက ပိုမိုမြန်ဆန်စွာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဒီဇင်ဘာ ၂၃ ရက်က မွန်ပြည်နယ် သထုံမြို့ရှိ ဟုတ်ကျန်တရုတ်အမျိုးသားဘုံကျောင်းတွင် ပြုလုပ်သည့် လူ့အခွင့်အရေးအသိပညာပေး အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်ဝင်းက "လူ့အခွင့်အရေးကော်မရှင်ကို အခွင့်အရေးချိုးဖောက်ခံရလို့ တိုင်ကြားတဲ့အထဲမှာ အုပ်ချုပ်သူတွေကိုတိုင်တဲ့အမှုတွေက အများစုလို့ အကြမ်းဖျင်းသိရတယ်။ ကော်မရှင်ဘက်ကတော့ ဘယ်လိုအရေးယူပြီး ဆောင်ရွက်ပါလို့တော့ လုပ်ပေးလို့မရဘူး။ သက်ဆိုင်ရာအစိုးရအဖွဲ့တွေနဲ့တော့ ညှိနှိုင်းဆောင်ရွက်ပေးလို့ရတယ်။ သူတို့ကိုယ်တိုင်ဆောင်ရွက်တာထက် ကော်မရှင်ဘက်က ဆောင်ရွက်ပေးတော့ ပိုပြီးမြန်မြန်ဆန်ဆန် ဖြေရှင်းနိုင်တယ်"ဟု ပြော ကြားခဲ့ခြင်းဖြစ်သည်။

လူ့အခွင့်အရေးချိုးဖောက်ခံရမှုနှင့် ပတ်သက်လာပါက ပြည်သူများအနေဖြင့် လူ့အခွင့်အရေးကော်မရှင်သို့ တိုက်ရိုက်လိပ်မူ ပေးပို့တိုင်ကြားရမည်ဖြစ်ပြီး တိုင်ကြားစာများကိုလည်း ရက်ပေါင်း ၃၀ အတွင်း ဖြေရှင်းနိုင်အောင် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲကို နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိပြုလုပ်ခဲ့ပြီး သထုံမြို့နယ်အတွင်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင် ၁၄ ဦးတို့က လူ့အခွင့်အရေးဆိုင်ရာများကို တက်ရောက် ဆွေးနွေးခဲ့ကြသည်။

မွန်ပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူး ခွန်ချစ်စံဝင်းက "နိုင်ငံသားအားလုံးကတော့ လူတစ်ယောက်အနေနဲ့ ရပိုင်ခွင့် လုပ်ပိုင်ခွင့်တွေကို သိထားဖို့လိုတယ်။ မသိထားရင် သူတစ်ပါးရဲ့ ဖိနှိပ်မှုကိုခံရမယ်။ တရားဥပဒေစိုးမိုးမှုမရှိရင် လူ့အခွင့်အရေးဆိုတာလဲ အပြည့်အဝရနိုင်မှာ မဟုတ်ဘူး။ လုပ်ပိုင်ခွင့်ရှိသူအချို့ရဲ့ မတရားလုပ်နေတာကို ခံနေရတာမျိုးတွေ ရှိနေပြီးတော့ တိုင်ကြားဆောင်ရွက်မှုတွေအပေါ် အလေးထားဆောင်ရွက်ပေးတာမျိုးလည်း အားနည်းတယ်" ဟု ၎င်း၏အမြင်ကို ပြောကြားသည်။



မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်သို့ အခွင့်အရေးချိုးဖောက်ခံရမှုနှင့် ပတ်သက်၍ ၂၀၁၅ ခုနှစ်တွင် အမှုပေါင်း ၂၀၀၀ ကျော် တိုင်ကြားထားမှုရှိနေကြောင်း သိရသည်။ ကော်မရှင်အနေဖြင့် ၂၀၁၄ ခုနှစ်မှ စတင်ကာ လူ့အခွင့်အရေးနှင့်ပတ်သက်၍ ပြည်သူများသိရှိအောင် ပညာပေးလုပ်ငန်းများ၊ ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးမှ မြို့နယ်လေးခုနှင့် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် နေပြည်တော်တို့တွင် မြို့နယ်နှစ်ခုစီ၌ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပြီးဖြစ်ကာ ပြည်မြို့နှင့် သာယာဝတီမြို့များတွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# တာချီလိတ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေး

**တာချီလိတ် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ပညာပေးလုပ်ငန်းများကို ဒီဇင်ဘာ ၂၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တာချီလိတ်မြို့ မင်္ဂလာပါပန်းခြံရှေ့ ဗိုလ်ချုပ်ကားလမ်းမပေါ်၌ အမှတ်(၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(တာချီလိတ်)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး အောင်ကိုကိုနှင့် တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်နှင့် ဆိုင်ကယ်မောင်းနှင်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းနှင့် ပညာပေးလက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် အရှိန်ပြင်းမောင်းနှင်ခြင်း၊ ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်း၊ ကျော်တက်ခြင်းများ မပြုရန်၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးမြဲမြံစွာတပ်ဆင်ရန်၊ ဆိုင်ကယ်အား နှစ်ဦးထက်ပိုစီးခြင်းနှင့် ဝန်ပိုတင်မောင်းနှင်ခြင်းများမပြုရန်၊ ဖြူနီကြားတွင် ယာဉ်ရပ်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ လမ်းအလယ်တွင်ရပ်၍ လူနှင့် ကုန်အတင်အချပြုလုပ်ခြင်း၊ လမ်းပြောင်းပြန်ရပ်တန့်ခြင်းများမပြုရန်နှင့် ယာဉ်မောင်းနှင်စဉ် ယာဉ်သက်သေခံလက်မှတ်ဗီးတက်၊ သတ်မှတ်လုပ်ငန်းလုပ်စင်နှင့် ယာဉ်မောင်းလိုင်စင်များဖြင့် မောင်းနှင်ကြရန် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ထို့အပြင် တရားမဝင် လိုင်စင်မဲ့ယာဉ်များအား လက်ဝယ်ထားရှိ အသုံးပြုမောင်းနှင်ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော(လိုင်စင်ရှိ)ယာဉ်များကိုသာ အသုံးပြုမောင်းနှင်ရန်တို့ကိုလည်း ပညာပေးဟောပြောခဲ့သည်။



ပညာပေးကာလကို ဒီဇင်ဘာနောက်ဆုံးပတ်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဇန်နဝါရီ ၁ ရက်မှစ၍ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိပါက ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအသစ်အရ သတ်မှတ်ဒဏ်ငွေနှင့် ပြစ်ဒဏ်များဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



**(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မိခင်နှင့်ကလေးမူကြိုကျောင်း၌ မူကြိုကလေးငယ်များအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပစဉ်။** (ပြိုင်ပွဲတွင် မူကြိုကျောင်းသား ကျောင်းသူ ၉၀ က အငယ်တန်းပြိုင်ပွဲ ခုနစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းနှင့် အဖွဲ့ဝင်များ၊ ကျောင်းသားမိဘများက ကြည့်ရှုအားပေးခဲ့ကြသည်။)

**(ဝ၂၁)**

# မိုဘိုင်းအခြေခံငွေကြေးစနစ်များ

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်နှစ်အတွင်းမှစ၍ မိုဘိုင်းဖုန်းနှင့် အင်တာနက်အသုံးပြုမှု ကျယ်ပြန့်များပြားလာသည်နှင့်အမျှ အွန်လိုင်းဘဏ်စနစ်များကို ထူထောင်ရန် ဘဏ်လုပ်ငန်းများက ပြင်ဆင်လာကြသည်။ သို့သော် နိုင်ငံတကာအဆင့်မီ အွန်လိုင်းဘဏ်စနစ်ဖြစ်ရန် လိုအပ်သော အခြေခံအနေအထားများ မပြည့်စုံသေးခြင်းနှင့် ပြည်သူအများစုက ဘဏ်စနစ်ကို အသုံးပြုမှုနည်းနေသေးခြင်းကြောင့် အွန်လိုင်းဘဏ်စနစ်မအောင်မြင်သေးမီ မိုဘိုင်းအခြေခံငွေကြေးစနစ်များကို နည်းပညာလုပ်ငန်းများနှင့် ဘဏ်များပူးပေါင်းဝန်ဆောင်မှုပေးလာရာ တဖြည်းဖြည်းအသုံးပြုမှုများလာသည်ကို တွေ့ရသည်။

မိုဘိုင်းအခြေခံငွေကြေးစနစ်သည် ဘဏ်စနစ်ကိုပင် အခြေခံသော်လည်း အသုံးပြုမည့်သူများတွင် ဘဏ်စာရင်းရှိရန် မလိုအပ်ဘဲ အသုံးပြုနိုင်သော ပုံစံဖြစ်သည်။ မိုဘိုင်းငွေကြေးစနစ်များကို ပြည်တွင်း၌ ဝန်ဆောင်မှုပေးနေရာတွင် ဖုန်းနံပါတ်ကို အခြေခံ၍ Account တစ်ခုဖွင့်ပြီး ထို account အတွင်းသို့ ငွေဖြည့်ကာ ဘဏ်စာရင်းတစ်ခုအဖြစ်သဘောထား၍ ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ငွေချေခြင်း၊ Bill များဆောင်ခြင်းတို့ကို ပြုလုပ်နိုင်ရန် ဝန်ဆောင်မှုပေးထားသည်။ အသုံးပြုသူတစ်ဦးချင်းစီက ဘဏ်များနှင့် ချိတ်ဆက်ရန်မလိုဘဲ ဝန်ဆောင်မှုပေးသော နည်းပညာကုမ္ပဏီများကသာ ဘဏ်များနှင့် ချိတ်ဆက်ထားခြင်းဖြစ်သည်။ အသုံးပြုသူများအနေဖြင့် ငွေသွင်း၊ ငွေထုတ်ခြင်းများအတွက် နည်းပညာကုမ္ပဏီများနှင့် ပူးပေါင်းဖွင့်လှစ်ထားသော အနယ်နယ်အရပ်ရပ်ရှိ Agent များနှင့်သာ ဆက်သွယ်ရန် လိုအပ်သည်။

**အားသာချက်**

မြန်မာနိုင်ငံတွင် မိုဘိုင်းငွေကြေးစနစ်ကို My Kyat, Wave Money စသည်တို့က ဘဏ်များနှင့်ပူးပေါင်း၍ ဝန်ဆောင်မှုပေးလျက်ရှိသည်။ မိုဘိုင်းငွေကြေးစနစ်များ အသုံးပြုခြင်း၏ အားသာချက်မှာ ဖုန်းတစ်လုံးရှိရုံဖြင့် မည်သူမဆို အလွယ်တကူ အသုံးပြုနိုင်ခြင်းဖြစ်သည်။ အသုံးပြုမည့်သူများအနေဖြင့် Account တစ်ခုဖွင့်ကာ နီးစပ်ရာဘဏ် သို့မဟုတ် Agent များထံတွင် ငွေသွင်း၍ ထို Account သို့ ငွေဖြည့်နိုင်ပြီး ထိုငွေများကိုလွှဲခြင်း၊ bill အမျိုးမျိုးပေးဆောင်ခြင်း၊ မိုဘိုင်းငွေကြေးကိုလက်ခံသည့် အရောင်းဆိုင်များနှင့် အွန်လိုင်းရှော့ပင်းများတွင် ငွေချေခြင်းတို့ကို အသုံးပြုနိုင်မည်ဖြစ်သည်။

ငွေချေခြင်း၊ ငွေလွှဲပေးခြင်းတို့ကို ပြုလုပ်ရန်အတွက် Account တစ်ခုရှိပြီး ငွေသွင်းထားရန် လိုအပ်သော်လည်း လွှဲငွေကို လက်ခံထုတ်ယူမည့်သူအနေဖြင့် ဖုန်းရှိရုံဖြင့် ငွေထုတ်ယူနိုင်သည်။ “Account ရှိတဲ့သူအချင်းချင်း ငွေလွှဲ၊ ငွေချေရုံတင်မကဘူး။ Account မရှိတဲ့သူကိုလည်း ငွေလွှဲပေးနိုင်တယ်။ Account မရှိပေမယ့် ဖုန်းနံပါတ်ရှိတဲ့လူတစ်ယောက်ကို one time password လေးနဲ့ ငွေလွှဲပေးလိုက်ရင် အဲဒီ code နဲ့ နီးစပ်ရာ Agent ဆီမှာ ငွေသွားထုတ်လိုက်လို့ရမယ်” ဟု My Kyat မိုဘိုင်းငွေကြေးစနစ်ကို ပထမပုဂ္ဂလိကဘဏ်နှင့်ပူးပေါင်း၍ ဝန်ဆောင်မှုပေးနေသည့် Frontier ကုမ္ပဏီမှ အရောင်းမန်နေဂျာ ကိုခွန်ဖြိုးဇော်က ပြောသည်။

My Kyat မိုဘိုင်းငွေကြေးစနစ်ကို အသုံးပြုရန်အတွက် အင်တာနက်လိုင်းမှတစ်ဆင့်ဖြစ်စေ၊ အင်တာနက်လိုင်းမရှိဘဲဖြစ်စေ အသုံးပြုနိုင်ကြောင်း သိရသည်။ အင်တာနက်လိုင်းရှိလျှင် Application မှတစ်ဆင့်ဖြစ်စေ၊ ဝက်ဘ်ဆိုက်မှတစ်ဆင့်ဖြစ်စေ သုံးနိုင်သလို အင်တာနက်လိုင်းမရှိလျှင်လည်း ဖုန်းခေါ်ဆိုမှုမှဖြစ်စေ၊ ဖုန်းမက်ဆေ့စနစ်မှဖြစ်စေ အသုံးပြုနိုင်သည်။

ထိုသို့ အလွယ်တကူ ငွေလွှဲနိုင်ခြင်းကြောင့် ဘဏ်စနစ်မရောက်ရှိသေးသော ကျေးလက်ဒေသများနှင့် ဘဏ်စနစ်များကို နားမလည်ဘဲ ဘဏ်သို့သွားရန် ဝန်လေးသော နယ်မြို့များမှ ပြည်သူအများစုအတွက် လွယ်ကူအဆင်ပြေစေသည်။ အခြားအားသာချက်မှာ မြန်ဆန်ခြင်းဖြစ်ပြီး တစ်ဖက်မှ ငွေလွှဲပြီးသည်နှင့် လက်ခံရယူမည့်ဘက်တွင် ချက်ချင်းထုတ်ယူနိုင်မည်ဖြစ်ကာ အချိန်အနေဖြင့်လည်း ဘဏ်များကဲ့သို့ ပိတ်ချိန်၊ ဖွင့်ချိန်မရှိဘဲ ငွေထုတ်ပေးမည့် Agent များက ဝန်ဆောင်မှုပေးနေသမျှ အချိန်မရွေး ထုတ်ယူနိုင်ခြင်းဖြစ်သည်။

ငွေလွှဲရာတွင်မူ Account တစ်ခုအနေဖြင့် တစ်ကြိမ်လျှင် အများဆုံးငါးသိန်းအထိသာလွှဲနိုင်ပြီး တစ်ရက်လျှင် ၁၀ သိန်းထက် ပိုမလွှဲနိုင်သလို တစ်ရက်လျှင် သုံးကြိမ်ထက် ပိုမလွှဲနိုင်ကြောင်း သိရသည်။ ထိုသတ်မှတ်ချက်မှာ ဗဟိုဘဏ်၏ သတ်မှတ်ချက်လည်းဖြစ်ကာ ငွေကြေးလုံခြုံမှုအတွက်လည်း အထောက်အကူဖြစ်စေကြောင်း သိရသည်။

မိုဘိုင်းငွေကြေးစနစ်ကို ဝန်ဆောင်မှုပေးနေသူများသည် ငွေလွှဲရုံသာမက၊ ဈေးဝယ်ရာတွင် ငွေချေခြင်းနှင့် အခြားကဏ္ဍများတွင်ပါ တိုးချဲ့အသုံးပြုနိုင်အောင် ဆောင်ရွက်လျက်ရှိသည်။ “ဈေးဝယ်တာ၊ ဝန်ထမ်းတွေကို လစာပေးတာ၊ ဖျော်ဖြေရေးပွဲလက်မှတ်တွေဝယ်တာ၊ ကားလက်မှတ် လေယာဉ်လက်မှတ်တွေ ဝယ်တာတွေကိုပါ အဖွဲ့အစည်းတွေနဲ့ချိတ်ပြီး ဝန်ဆောင်မှုတွေ ထပ်တိုးဖို့ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်မယ့် လုပ်ငန်းရှင်တွေကိုလည်း ဖိတ်ခေါ်နေပါတယ်။ ပါတနာအဖြစ် ဆောင်ရွက်မယ့် အေးဂျင့်တွေနဲ့ ကျွန်တော်တို့ Payment တွေကို လက်ခံမယ့် အဖွဲ့အစည်းတွေကိုလည်း ဖိတ်ခေါ်ပါတယ်”ဟု My Kyat မှ ကိုခွန်ဖြိုးဇော်က ပြောသည်။

လက်ရှိအချိန်တွင် မိုဘိုင်းငွေကြေးစနစ် ဝန်ဆောင်မှုပေးသူများအနေဖြင့် ပစ္စည်းရောင်းချသူများနှင့် ပူးပေါင်း၍လည်း မိုဘိုင်းငွေကြေးစနစ်ကို အသုံးပိုတွင်ကျယ်လာအောင် ဆောင်ရွက်လျက်ရှိသည်။ ဆိုင်သို့ကိုယ်တိုင်လာ၍ ငွေသားပေးချေခြင်းထက် မိုဘိုင်းငွေကြေးဖြင့်ချေပါက ဈေးနှုန်းကို အနည်းငယ်ပို၍သက်သာအောင် သတ်မှတ်ထားခြင်းမျိုးဖြင့် မိုဘိုင်းငွေကြေးစနစ်ကို အသုံးပြုမှုများလာအောင် ဆောင်ရွက်နေကြသည်။

**လုံခြုံမှု**

လက်ရှိအချိန်တွင် မိုဘိုင်းငွေကြေးစနစ် လည်ပတ်ပုံသည် နည်းပညာသက်သက်မဟုတ်ဘဲ နည်းပညာနှင့် လူပူးပေါင်းသော ပုံစံမျိုးဖြစ်သည်။ ငွေထုတ်ချိန်တွင် လူကထုတ်ပေးခြင်းဖြစ်ရာ ပုံမှန်မဟုတ်သော ငွေထုတ်ခြင်းမျိုးအတွက် ထုတ်ပေးသင့်၊ မသင့်ကို လူက ဆုံးဖြတ်နိုင်သောကြောင့် လုံခြုံမှုအနေအထားအရလည်း စက်သက်သက်ထက် ပို၍စိတ်ချရသော အနေအထားရှိနေသည်။




**သုံးချင်သည့် အခြေအနေ**

“သုံးချင်တဲ့အလားအလာကတော့ များပါတယ်။ မြန်မာနိုင်ငံမှာက ကျေးလက်လူတန်းစားတင်မက မြို့နေလူတန်းစားကပါ ဘဏ်ကိုတော့ တော်ရုံမသွားချင်ဘူး။ ဒါကြောင့် ဘဏ်သွားစရာမလိုဘဲ ကိုယ့်အနီးအနားမှာ ထုတ်လို့ရတယ်ဆိုရင် ပိုကြိုက်ကြတာပေါ့။ ကျွန်တော်တို့ဆာဗေးအရလည်း မိုဘိုင်းငွေကြေးစနစ်ကို ကြိုက်ကြတာတွေ့ရပါတယ်”ဟု ကိုခွန်ဖြိုးဇော်က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ယခင်က မိုဘိုင်းငွေကြေးစနစ် ဆောင်ရွက်ရန် အခြေခံလိုအပ်ချက်များ မပြည့်စုံခဲ့ဘဲ ယခုနောက်ပိုင်းတွင်မှ တယ်လီကွန်းကုမ္ပဏီများဝင်ရောက်လာပြီး ဖုန်းကွန်နက်ရှင်များ ပိုကောင်းလာခြင်း၊ အင်တာနက်ပိုကောင်းလာခြင်း၊ ဖုန်းဈေးနှုန်းများ သက်သာလာခြင်းတို့ကြောင့် ယခုမှသာ မိုဘိုင်းငွေကြေးစနစ်ကို ဖွံ့ဖြိုးအောင် နည်းပညာကုမ္ပဏီများက စတင်လုပ်ဆောင်နေကြရခြင်းဖြစ်ကြောင်း၊ ယခုအခါ စမတ်ဖုန်းအသုံးပြုမှုမှာ များလာလျက်ရှိရာ နောက်ပိုင်းတွင် မိုဘိုင်းငွေကြေးစနစ်ကို အသုံးပြုမှုလည်း ပိုများလာနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

## New Product

# Virtual Reality အတွေ့အကြုံသစ်တွေ ရရှိစေမယ့် Samsung Gear VR

Virtual Reality(VR) နည်းပညာဆိုသည်မှာ ရုပ်ရှင်ကြည့်ခြင်း၊ ဂိမ်းဆော့ခြင်းစသည်တို့ကို Screen တစ်ခုပေါ်တွင် ကြည့်နေခြင်း ဆော့နေခြင်းအစား ကိုယ်တိုင်ရုပ်ရှင်အတွင်း ဂိမ်းအတွင်းသို့ ရောက်ရှိနေသလို ခံစားရအောင် ဖန်တီးပေးထားသော နည်းပညာဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင် VR ပစ္စည်းများကို စမ်းသပ်ထုတ်လုပ်နေဆဲအဆင့်သာရှိနေပြီး လူအများစိတ်ဝင်စားမှုများနေသော နည်းပညာပစ္စည်းလည်းဖြစ်သည်။ Google သည် မိုဘိုင်းဖုန်းများနှင့် တွဲ၍သုံးရန် ဈေးနှုန်းသက်သာပြီး ကိုယ်တိုင်လည်း အိမ်တွင်ပြုလုပ်နိုင်သည့် Google Cardbox ကို စတင်မိတ်ဆက်ပေးပြီးနောက် VR ပစ္စည်းများကို ပို၍ စိတ်ဝင်စားမှုမြင့်တက်လာသည်။

ပြည်တွင်းဈေးကွက်တွင်လည်း Google Cardbox များကိုလည်း တင်သွင်းရောင်းချမှုများ ရှိလာခဲ့သည်။ ယခုအခါ Samsung ကလည်း VR နည်းပညာသုံး အဆင့်မြင့်မော်ဒယ်ပစ္စည်းတစ်ခုဖြစ်သည့် Samsung Gear VR ကို ပြည်တွင်းဈေးကွက်တွင် စတင်မိတ်ဆက်ထားပြီဖြစ်သည်။

ဆမ်ဆောင်းဖုန်းများဖြစ်သော Galaxy Note 5၊ Galaxy S6၊ S6 edgeနှင့် edge+ ဖုန်းများနှင့် Micro USB မှတစ်ဆင့် တွဲဖက်အသုံးပြုနိုင်ပြီး အပြင်လောကနှင့် ထပ်တူကျသည့် 3D ခံစားမှုများကို ရရှိစေမည့် အဆင့်မြင့်ဖျော်ဖြေရေးပစ္စည်းတစ်ခုဖြစ်သော Gear VR ကို ဆမ်ဆောင်းက ပြည်တွင်းဈေးကွက်သို့ ဒီဇင်ဘာ ၂၂ ရက်က စတင်မိတ်ဆက်ခဲ့သည်။ Samsung Gear VR သည် အဆိုပါ စမတ်ဖုန်းများ၏ super AMOLED မျက်နှာပြင်မှ မြင်ကွင်းများကို ပိုကောင်းမွန်သော 3D မြင်ကွင်းများအဖြစ် တစ်ဆင့်ထပ်မံမြှင့်တင်ဆောင်ရွက်ပေးနိုင်မည့် ပစ္စည်းတစ်ခုဖြစ်သည်။

Samsung Gear VR ဖြင့် 3D ရုပ်ရှင်များကြည့်ခြင်း၊ သီးသန့်ထုတ်လုပ်ထားသော 3D ဂိမ်းများကစားခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်ပြီး ယခင် ထုတ်လုပ်ခဲ့သော Gear VR ထက် ၂၂ ရာခိုင်နှုန်း ပိုမိုပေါ့ပါးကာ တပ်ဆင်ထားစဉ်အတွင်း ပိုမိုသက်သောင့်သက်သာရှိစေရန် ရေမြှုပ်ကူရှင်ကို ထည့်သွင်းထားကြောင်း သိရသည်။ ထို့အပြင် အသုံးပြုနေစဉ်အတွင်း ပိုမိုကောင်းမွန်သော ထိန်းချုပ်မှုကို ရရှိအသုံးပြုနိုင်ရန် Gear VR ၏ touchpad ကိုလည်း အဆင့်မြှင့်တင်ဖန်တီးထားကြောင်း သိရသည်။ Samsung Gear ကို တပ်ဆင်ထားချိန်တွင် ခေါင်းကို ဘယ်၊ ညာလှည့်လိုက်သည့်အခါ မြင်ကွင်းလုပ်ဆောင်ချက်များကို ချက်ချင်းတုံ့ပြန်ပေးနိုင်မည့် Accelerator, Gyrometer, Proximity (Mount/Unmount Detection)စသည့် အာရုံခံကိရိယာ(sensor)များ တပ်ဆင်ထားသည်။




Samsung Gear VR ကို ပြည်တွင်းရှိ Samsung အရောင်းဆိုင်များတွင် စတင်ရောင်းချနေပြီဖြစ်ပြီး ဈေးနှုန်းမှာ ကျပ် ၁၁၅၀၀၀ ဖြစ်ကာ အရောင်မှာ အဖြူရောင်တစ်မျိုးတည်းသာ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **သွန်းဝသန်**

# မိုဘိုင်းဖုန်းမှတစ်ဆင့် မီတာဘေလ်ဆောင်နိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်မြို့မှ မီတာအသုံးပြုသူများအနေဖြင့် မိုဘိုင်းဖုန်းမှတစ်ဆင့် မီတာခဘေလ်ပေးဆောင်နိုင်မည့် ဝန်ဆောင်မှုကို မိုဘိုင်းလ်ငွေကြေးဝန်ဆောင်မှုပေးနေသည့် My Kyat က ဒီဇင်ဘာ ၁၄ ရက်က စတင်ပြုလုပ်ထားပြီး နေပြည်တော်နှင့် မန္တလေးအပါအဝင် အခြားမြို့များ၌လည်း ဆက်လက်တိုးချဲ့၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“မီတာဘေလ်ကတော့ ကျွန်တော်တို့ Service ကိုအသုံးပြုနေတဲ့သူတွေ မိုဘိုင်းဖုန်းနဲ့ ဘေလ်ဆောင်လို့ရအောင် EPC နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ထားတာပါ။ အခုလောလောဆယ် ရန်ကုန်မြို့တွင်း ၁၆ မြို့နယ်မှာရပြီး ဇန်နဝါရီ ပထမပတ်အတွင်းမှာ ရန်ကုန်မြို့တွင်း မြို့နယ်တွေနဲ့ နေပြည်တော်၊ မန္တလေးတို့မှာပါရအောင် ကြိုးစားနေပါတယ်”ဟု My Kyat မှ Sale Manager ကိုခွန်ဖြိုးဇော်က ပြောသည်။

လက်ရှိအချိန်တွင် မီတာဘေလ်ဆောင်နိုင်သည့် မြို့နယ် ၁၆ ခုမှာ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ကမာရွတ်၊ ဒဂုံ၊ ဗဟန်း၊ လှိုင်၊ မရမ်းကုန်း၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီး၊ မြောင်းတကာနှင့် ဆိပ်ကမ်းမြို့နယ်များဖြစ်သည်။ မီတာဘေလ်များဆောင်ရာတွင် ဒီဇင်ဘာလမှစ၍ လစဉ် မီတာဘေလ်များ ပေးဆောင်နိုင်မည်ဖြစ်ပြီး ယခင်လများမှ မီတာဘေလ်များနှင့် ရက်ကျော်မီတာဘေလ်များကိုမူ ပေးဆောင်၍ရမည်မဟုတ်ကြောင်း သိရသည်။

My Kyat Account ရှိထားသူများအနေဖြင့် ဘေလ်အရေအတွက်အကန့်အသတ်မရှိဘဲ Account တွင်ရှိသည့် ငွေပမာဏအတိုင်း ပေးဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ ဘေလ်ဆောင်သည့် ဝန်ဆောင်မှုကို သုံးရန်အတွက် My Kyat Application တွင် ပါသော Billing Service သို့ ဝင်၍ မီတာဘေလ်ကို ပေးဆောင်နိုင်ပြီး ဘေလ်ဆောင်လိုက်ပြီးသည်နှင့် ဆောင်ပြီးကြောင်း Transction ID တစ်ခုကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ဒို့မြန်မာလူမှုကွန်ရက်တွင် ဗေဒင်နှင့် ဘောလုံးပွဲ ကဏ္ဍသစ်များထည့်သွင်း

**ရန်ကုန် ဒီဇင်ဘာ ၂၅**

Facebook ကဲ့သို့ မြန်မာလူမှုကွန်ရက်ဝက်ဘ်ဆိုက်ဖြစ်သော ဒို့မြန်မာလူမှုကွန်ရက်တွင် Blue Ocean Management နှင့် ပူးပေါင်း၍ ဗေဒင်နှင့် ဘောလုံးပွဲကဏ္ဍသစ်များကို ထပ်မံထည့်သွင်းထားကြောင်း သိရသည်။

ဗေဒင်ကဏ္ဍတွင် မွေးသည့်နေ့အလိုက် မေးနိုင်သည့်ပုံစံနှင့် မွေးရက်အလိုက် မေးနိုင်သည့်ပုံစံဟု နှစ်မျိုးပါဝင်ကြောင်း၊ ဘောလုံးပွဲကဏ္ဍတွင် ပွဲကြိုခန့်မှန်းချက်များ၊ ဘောလုံးလောကမှ သတင်းတိုထွာများစသည်တို့ ပါဝင်မည်ဖြစ်ပြီး ဝန်ဆောင်မှုများကို ဝက်ဘ်ဆိုက်တွင် Account ပြုလုပ်ထားသူတိုင်း အခမဲ့ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ ဒို့မြန်မာလူမှုကွန်ရက်ဝက်ဘ်ဆိုက်ကို www.doemyanmar.com တွင် အသုံးပြုနိုင်ပြီး မိုဘိုင်းအပလီကေးရှင်းကိုလည်း အဆိုပါဝက်ဘ်ဆိုက်တွင်ပင် အခမဲ့ ဒေါင်းလုပ်ရယူနိုင်ကြောင်း သိရသည်။ **သူရဖြိုး**

# နိုင်ပွဲကို အပြိုင်ထုဆစ်ကြမယ့် ချန်ပီယံရှစ်ပွဲစဉ်တွေလာပြီ

မိုးမြင့်လင်းလက်




ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဒီဇင်ဘာ ၂၆ ရက်နဲ့ ၂၇ ရက်တွေမှာ အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ်တွေ ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ ခရစ္စမတ်ကာလဖြစ်တဲ့အတွက် အသင်းတိုင်း ရလဒ်ကောင်းနဲ့ အောင်ပွဲခံဖို့ ကြိုးစားလာမှာဖြစ်ပြီး အကြိတ်အနယ်ရှိမယ့် ပွဲတွေအများအပြား ပါဝင်နေပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ရဲ့ ချန်ပီယံရှစ်ပွဲစဉ်တွေက ပရိသတ်တွေကို ဆွဲဆောင်နေဦးမှာ သေချာပါတယ်။

### ဘရန့်ဖို့ဒ်နှင့် ဘရိုက်တန်

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု သုံးပွဲကိုကြည့်ရင် ဘရိုက်တန်တို့ ဆက်တိုက်နိုင်ပွဲတွေရယူထားပါတယ်။ ဒါပေမယ့် လောလောဆယ် ဘရိုက်တန်ရဲ့ ခြေစွမ်းက ကျဆင်းနေပြီး မစ်ဒယ်ဘရော့ကိုရှုံးကာ ကျူပီအာနဲ့ ဒါဘီကို သရေပွဲတွေဖြစ် ထားပါတယ်။ ဘရန့်ဖို့ဒ်တို့ကလည်း ဟက်ဒါဖီးလ်ကို နိုင်ပွဲရခဲ့ပေမယ့် ကာဒစ်နဲ့ဖူလ်ဟမ်တို့ကို နိုင်ပွဲမရခဲ့တာကြောင့် ဒီပွဲမှာ အိမ်ကွင်းဆိုပေမယ့် ရုန်းကန်ရပါလိမ့်မယ်။ ဒီပွဲရဲ့ အဖြစ်နိုင်ဆုံးရလဒ်က သရေပါပဲ။

### ဘလက်ဘန်းနှင့် မစ်ဒယ်ဘရော့

ခြေစွမ်းမမှန်တဲ့ မစ်ဒယ်ဘရော့ကို ဘလက်ဘန်းတို့ အိမ်ကွင်းမှာ အနိုင်ကစားဖို့ အားထုတ်တော့မှာဖြစ်ပါတယ်။ ဘလက်ဘန်းကွင်းမှာ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ပွဲရလဒ်ကိုကြည့်ရင် မစ်ဒယ်ဘရော့က တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးထားတာမို့ အခုပွဲမှာ ရှုံးကြွေးပြန်ဆပ်နိုင်မလားကြည့်ရမယ့်ပွဲပါ။ အိမ်ကွင်းခြေစွာတဲ့ ဘလက်ဘန်းဟာ ဒီပွဲမှာ မစ်ဒယ်ဘရော့ကို အမှတ်ခွဲပေးမှာ မဟုတ်ပါဘူး။

### ဘရစ္စတိုးနှင့် ချာလ်တန်

ဘရစ္စတိုးဟာ လောလောဆယ် ခြေစွမ်းကျဆင်းနေပြီး နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာနိုင်ထားပါတယ်။ ဂိုးသွင်းနိုင်စွမ်း ပျောက်ဆုံးနေတဲ့ ဘရစ္စတိုးတိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်ရည်က သံသယဖြစ်စရာ ကောင်းနေပြီး အနိုင်ရလိုစိတ်လည်း လျော့ပါးနေပါတယ်။ ချာလ်တန်တို့ကလည်း လတ်တလောနိုင်ပွဲ ပျောက်ဆုံးနေတာမို့ ဒီပွဲမှာ ပြန်လည်နိုးကြားလာမှုရှိမလားဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။ ဒီပွဲမှာ အိမ်ရှင်ကို ကြိုက်ပေမယ့် ဧည့်သည်ကိုပဲ အားပေးချင်ပါတယ်။

### ဒါဘီနှင့် ဖူလ်ဟမ်

ပုံမှန် ခြေစွမ်းပျောက်ဆုံးနေတဲ့ ဖူလ်ဟမ်အတွက် ဒါဘီနဲ့ဆုံတွေ့ရတဲ့ ဒီပွဲက စိုးရိမ်စရာဖြစ်နေပါတယ်။ ဒါပေမယ့် ဖူလ်ဟမ်ကစားသမားတွေက အခက်အခဲကြားက အမှတ်ရအောင်တော့ အားထုတ်နိုင်စွမ်းရှိတယ်ဆိုတာ သတိပြုရမှာပါ။ ဒါဘီတို့ကတော့ အစ်ဆွစ်၊ ဘရစ္စတိုးအသင်းတွေကို နိုင်ပွဲဆက်တိုက်ရယူခဲ့တာမို့ အခုပွဲဟာ ဒါဘီအတွက် အမှတ်ပြည့်မျှော်လင့်လို့ ရနိုင်တဲ့ပွဲပါပဲ။

### ဟက်ဒါဖီးလ်နှင့် ပရက်စတန်

ရလဒ်တွေ ကမောက်ကမဖြစ်နေတဲ့ ဟက်ဒါဖီးလ်အတွက် ဒီပွဲဟာ ခြေကုန်ထုတ်ရမယ့် ကိန်းဆိုက်နေပါတယ်။ ပရက်စတန်တို့က ပုံမှန်ခြေစွမ်းရအောင် အားထုတ်နိုင်နေပြီး တိုက်စစ်မှူးတွေကလည်း ပွဲတိုင်းဂိုးရအောင် စွမ်းဆောင်နိုင်နေပါတယ်။ အသင်းလိုက်စုဖွဲ့မှုကောင်းတဲ့ ပရက်စတန်ဟာ အဝေးကွင်းဆိုပေမယ့် အနိမ့်ဆုံးတစ်မှတ်တော့ မှန်းနိုင်တဲ့ပွဲပါ။

### ဟားလ်စီးတီးနှင့် ဘန်လေ

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲ တွေ့ဆုံမှုရလဒ်ကိုကြည့်ရင် ဘန်လေတို့ကချည်းနိုင်ပွဲတွေရထားပါတယ်။ ဟားလ်စီးတီးတို့ နောက်ဆုံးငါးပွဲ ကစားခဲ့တဲ့ ခြေစွမ်းကိုကြည့်ရင် ရီဒင်းအသင်းကိုပဲ နိုင်ပွဲရခဲ့ပြီး ကျန်ပွဲတွေ ရှုံးထားပါတယ်။ ဘန်လေတို့က အဝေးကွင်းမှာ ပုံမှန်ခြေစွမ်း ပျောက်ဆုံးတတ်တာကို သတိထားရမှာဖြစ်တာမို့ အခုပွဲဟာ အိမ်ရှင်အားသာချက်ရှိတာ မှန်ပေမယ့် အမှတ်ခွဲယူရဖို့လည်း များနေပါတယ်။

### အစ်ဆွစ်နှင့် ကျူပီအာ

သရေပွဲ၊ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ကျူပီအာတို့အတွက် အခုပွဲကလည်း မျှော်လင့်ချက်ထားလို့မရတဲ့ အနေအထားရှိနေပါတယ်။ ဒါပေမယ့် အစ်ဆွစ်နဲ့ဆုံတိုင်း နိုင်ပွဲရအောင် ကစားနိုင်တဲ့ ကျူပီအာတို့ရဲ့ ခြေစွမ်းကလည်း သတိပြုရမှာဖြစ်သလို ခံစစ်ပိုင်းကောင်းမွန်တဲ့ ကျူပီအာတို့ အလေးအနက်ထားပြီး ကစားရင် အမှတ်ပြည့်ရယူသွားနိုင်တဲ့ပွဲ ဖြစ်ပါတယ်။

### MK ဒွန်းစ်နှင့် ကာဒစ်

MK ဒွန်းစ်ကိုတော့ ကာဒစ်တို့က ငယ်နိုင်ပါပဲ။ လောလောဆယ်ခြေစွမ်းပိုင်းကိုကြည့်ရင် MKဒွန်းစ်တို့က တန်းဆင်းဇုန်နားရစ်ဝဲနေပြီး ခြေစွမ်းလည်း ထက်မြက်မှုကျဆင်းနေပါတယ်။ ကာဒစ်တို့က လက်ရှိအနေအထားမှာ ဘာမင်ဂမ်ကိုပဲ ရှုံးခဲ့ပြီး ဘရန့်ဖို့ဒ်၊ ရှက်ဖီး၊ ဘော်လတန်နဲ့ ဘန်လေအသင်းတွေကို ရှုံးပွဲမရှိအောင် ကစားနိုင်တာမို့ အခုပွဲဟာ ကာဒစ်အတွက် အဝေးကွင်းဆိုပေမယ့် တောက်ပတဲ့အပြုံးတွေ ပိုင်ဆိုင်ဦးမယ့်ပွဲဖြစ်ပါတယ်။ ။

## ချယ်လ်ဆီးကို အောင်မြင်တဲ့အသင်းဖြစ်အောင် ကြိုးစားသွားမယ်ဆိုတဲ့ ဟစ်ဒင့်

ချယ်လ်ဆီးအသင်းရဲ့ နိုင်ပွဲတွေကို မကြာမီစတင်သွားမယ်လို့ မော်ရင်ညိုအစားဝင်ရောက်လာတဲ့ ယာယီနည်းပြ ဂူးစ်ဟစ်ဒင့်က ပြောဆိုလိုက်ပါ တယ်။ လာမယ့် စနေနေ့ Boxing Day မှာ အပြာရောင်ချယ်လ်ဆီးကစားသမားတွေအနေနဲ့ ဝက်ဖို့ဒ်အသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ နိုင်ပွဲရဖို့ ဆန္ဒရှိတဲ့ ကစားသမားတွေနဲ့ပဲ လက်တွဲသွားဖို့ရှိတယ်လို့ ဒတ်ချ်လူမျိုးနည်းပြ ဂူးစ်ဟစ်ဒင့်က အခိုင်အမာပြောဆိုလိုက်ပါတယ်။ ချယ်လ်ဆီးအသင်းကို အောင်မြင်ရေးလမ်းကြောင်းပေါ်ပြန်ရောက်အောင် ကြိုးစားပေးရမှာဖြစ်တဲ့အတွက် နည်းပြဟစ်ဒင့်အနေနဲ့ အိန္ဒိယနိုင်ငံသို့ အားလပ်ရက်အပန်းဖြေသွားမယ့် အစီအစဉ်ကို ဖျက်သိမ်းလိုက်ရတယ်လို့ ဆိုပါတယ်။ ဟစ်ဒင့်ဟာ နည်းပြတွေထဲမှာ အတွေ့အကြုံများပြီး အောင်မြင်တဲ့နည်းပြတစ်ဦးဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းရဲ့ ယာယီနည်းပြအဖြစ် ခေါ်ယူထားပေမယ့် အောင်မြင်တဲ့ အသင်းဖြစ်အောင် ကြိုးစားသွားမယ်လို့ ဟစ်ဒင့်က ဆိုပါတယ်။







## လက်စတာတိုက်စစ်မှူး အာဆင်နယ် ပစ်မှတ်ထား

မန်ယူနဲ့စပါးတို့ စိတ်ဝင်စားနေတဲ့ လက်စတာတောင်ပံတိုက်စစ်မှူး ရီးယာ့ဒ်မာဂရက်ကို အာဆင်နယ်ကလည်း ခေါ်ယူဖို့ ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ ယခုနှစ် ပရီမီယာလိဂ်မှာ ၁၇ ဂိုးသွင်းထားတဲ့ အသက် ၂၄ နှစ်အရွယ်ရှိ အယ်လ်ဂျီးရီးယားတောင်ပံကစားသမား မာဂရက်ကို အာဆင်နယ်က ပေါင် ၂၅ သန်းပေးခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ သူဟာ ယခုနှစ်ရာသီမှာ ခြေစွမ်းကုန်ကစားပြီး ၁၄ ဂိုးအထိ သွင်းယူထားတဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။ သို့ပေမယ့် ရာသီကုန်အထိ လက်စတာအသင်းနဲ့ အတူဆက်ရှိနေလိမ့်မယ်လို့ အသင်းတာဝန်ရှိသူတွေက ဆိုပါတယ်။ လက်စတာကတော့ လွန်ခဲ့တဲ့ ၁၂ လက မာဂရက်ကို ပေါင် ၄၀၀,၀၀၀နဲ့ လီဟာရေးအသင်းမှ ဝယ်ယူခဲ့တာပါ။ လက်ရှိအချိန်မှာတော့ ခြေစွမ်းပြဂိုးတွေ သွင်းယူနေတဲ့ မာဂရက်ဟာ ပေါင် ၂၅ သန်းလောက်တန်ကြေးရှိတယ်လို့ ဆိုပါတယ်။ သူဟာ လက်စတာအသင်းကို ခရစ္စမတ်ကာလမှာ ဇယားထိပ်ရောက်အောင် အဓိကကြိုးစားပေးခဲ့သူလည်း ဖြစ်ပါတယ်။

## ဘယ်အသင်းမှာမဆို အောင်မြင်နိုင်တယ်ဆိုတဲ့ ဂွာဒီယိုလာ

ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီယိုလာဟာ ဘယ်အသင်းမှာမဆို အောင်မြင်တဲ့နည်းပြ ဖြစ်နိုင်တယ်လို့ စီရော်နယ်ဒိုက ပြောဆိုလိုက်ပါတယ်။ ဂွာဒီယိုလာဟာ မန်စီးတီးနည်းပြဖြစ်ဖို့ ရေပန်းစားနေပါတယ်။ ဂွာဒီယိုလာဟာ ကမ္ဘာ့မည်သည့်နေရာမဆို အောင်မြင်တဲ့နည်းပြဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ဂွာဒီယိုလာကို မန်ယူနဲ့ချယ်လ်ဆီးတို့ကလည်း ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ အသက် ၄၄ နှစ်အရွယ်ရှိတဲ့ ဂွာဒီယိုလာဟာ ရာသီအကုန်မှာတော့ ဘိုင်ယန်မြူးနစ်က ထွက်ခွာဖို့ ကြေညာထားပြီးဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်ကတည်းက ဘာစီလိုနာအသင်းနဲ့ အောင်မြင်ခဲ့ပြီးတဲ့နောက် လူသိများလာခဲ့ပါတယ်။ ကစားသမားသစ်တွေကို စိတ်ပိုင်းဆိုင်ရာမြှင့်တင်မှု အားကောင်းခဲ့တဲ့အတွက် အသင်းတိုင်းမှာ အောင်မြင်မှုတွေ ဆက်တိုက်ရနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် ပရီမီယာလိဂ်မှာတော့ ပြိုင်ဆိုင်မှုတွေအားကောင်းနေတဲ့အတွက် ရုန်းကန်ကြိုးစားရမယ့် အနေအထားရှိပါတယ်။



ကောင်းမြတ်သူ ➢ စုစည်းသည်

# အလောင်းတော်ကဿပဌ် ပြင်ပရွှေဆိုင်းများဖြင့် ရွှေချခြင်းခွင့်မပြု

**ယင်းမာပင် ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ အလောင်းတော်ကဿပလျောင်းတော်မူ ရဟန္တာကိုယ်တော်ကြီးနှင့် ကျောက်တံခါးလိုဏ်ဂူအတွင်း ပြင်ပရွှေဆိုင်းများဖြင့် ရွှေချခြင်းကို လုံးဝခွင့်မပြုတော့ရန် ဒီဇင်ဘာ ၂၂ ရက်က အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်အတွင်းရှိ ယင်းမာပင်၊ ကနီ၊ ပုလဲနှင့် ဆားလင်းကြီးလေးမြို့နယ်မှ ဩဝါဒါစရိယဆရာတော်ကြီးများကြီးမှူး၍ သံဃနာယက ဆရာတော်များနှင့် ဂေါပကအဖွဲ့များပါဝင်ကာ အလောင်းတော်ကဿပရင်ပြင်ပေါ် နာယကကျောင်းဆောင်တွင် ဒီဇင်ဘာ ၂၂ ရက်က ပြုလုပ်ခဲ့သော ရွှေ့လုပ်ငန်းစဉ်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှ သဘောတူ ဆုံးဖြတ်ချက်အရ အလောင်းတော်ကဿပ လျောင်းတော်မူ ရဟန္တာကိုယ်တော်ကြီးနှင့် ကျောက်တံခါးလိုဏ်ဂူအတွင်း ပြင်ပရွှေဆိုင်းများဖြင့် ရွှေချခြင်းကို လုံးဝခွင့်ပြုတော့မည်မဟုတ်ကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပုလဲမြို့နယ် ဆရာတော်ဦးသာသနက အမှာစကားပြောကြားပြီး ဂေါပကအတွင်းရေးမှူး ဦးအေးမင်းဦးက ရွှေ့လုပ်ငန်းစဉ်များ လျှောက်ထားခြင်းနှင့် ရွှေ့လုပ်ငန်းစဉ်အရပ်ရပ် တင်ပြခြင်းများကိုလည်းကောင်း၊ ယင်းမာပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက စံကျောင်းတော်အတွင်းနှင့် လိုဏ်ဂူတော်အတွင်းသန့်ရှင်းရေး၊ အနံ့အသက်များ ပပျောက်ရန် ဆေးများပက်ဖျန်းရေး၊ စံကျောင်းတော်အတွင်းနှင့် လမ်းများ စဉ်ဆက်မပျက်မီးလင်းရေး စသည့်လုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဒီဇင်ဘာ ၂၁ ရက်ခရီးစဉ် မှာကြားချက်အရ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကိုလည်းကောင်း ဆရာတော်များထံ လျှောက်ထားခဲ့ကြကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## သတင်းတိုများ

### ကတ္တရာလမ်းသစ်ဖွင့်လှစ်

မကွေးမြို့နယ် ထုံးပေါက်တော(တောင်)ကျေးရွာမှ မကွေး-ရေနံချောင်းလမ်းမကြီးသို့ ဆက်သွယ်ထားသည့် ကတ္တရာလမ်းသစ်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေ ၂၁၂ ဒသမ ၆၉ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ ပြီးစီးပြီဖြစ်သဖြင့် ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။ ဖွင့်ပွဲတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်၊ မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းနှင့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်ဆွေတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ကတ္တရာလမ်းခင်းခြင်းကို Hi-Tech Land ကုမ္ပဏီမှတာဝန်ယူ၍ ဆောင်ရွက်ခဲ့ပြီး ယခင် အမာခံကျောက်လမ်းမှာ မကောင်းသောကြောင့် ထုံးပေါက်တောကျေးရွာအုပ်စုရှိ ထုံးပေါက်တော(တောင်)၊ ထုံးပေါက်တော(မြောက်)၊ သမန်းတော(တောင်)၊ သမန်းတော(မြောက်)၊ ပုတီးကုန်း၊ ကန်ရွာလေးစသည့် ကျေးရွာများမှ ပြည်သူများအတွက် သွားလာရေးခက်ခဲနေသဖြင့် ကတ္တရာလမ်းသစ်ခင်းကျင်းပေးခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ဇေယျ**

### အားကစားကွင်း မြေညှိခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ရှိ ရွှေကျွန်းမြေအားကစားကွင်းကို မြေညှိခြင်း၊ မြေဖို့ခြင်းနှင့် ချုံနွယ်များရှင်းလင်းခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၂၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ ဇူလိုင်နှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ရွှေကျွန်းမြေအားကစားကွင်း ဘောလုံးကွင်းနှင့် ပြေးလမ်းများပျက်စီးခဲ့သည်ကို မြေဖို့ကာ ကွင်းပတ်လည်မှ ချုံနွယ်များကို ရှင်းလင်းခဲ့ခြင်းဖြစ်ကြောင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၏ ညွှန်ကြားမှုဖြင့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် မြို့နယ်စည်ပင်သာရေးကော်မတီများ၊ မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဝင်များ စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ယာဉ်စည်းကမ်းထိန်းသိမ်းရေးအတွက် ပညာပေးကာလ သတ်မှတ်ဆောင်ရွက်နေ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၅**

မော်လမြိုင်ကျွန်းမြို့နယ်၌ ယာဉ်မတော်တဆမှုနှင့် ယာဉ်အန္တရာယ်ဖြစ်ပွားမှုများကို ကာကွယ်နိုင်ရေးအတွက် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးလုပ်ငန်းများကို ဒီဇင်ဘာ ၂၄ မှ ၃၁ အထိ ပညာပေးကာလ သတ်မှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ် ဗိုလ်ချုပ်လမ်းနှင့် မင်္ဂလာလမ်းထောင့် စစ်ဆေးရေးဂိတ် တွင်လည်းကောင်း၊ ရွှေကျွန်းဇရာ အဝေးပြေးမော်တော်ယာဉ်စခန်းရှေ့တွင်လည်းကောင်း၊ (၁၁) လမ်းနှင့် မဟာဗန္ဓုလလမ်းဆုံတွင်လည်းကောင်း၊ တပင်ရွှေထီးလည်းတွင်လည်းကောင်း ယာဉ်မျိုးစုံကို စစ်ဆေးခြင်းနှင့် ပညာပေးလက် ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်မောင်နှင့် အဖွဲ့အစည်းပေါင်းစုံမှ တာဝန်ရှိသူများပူးပေါင်း၍ ဒီဇင်ဘာ ၂၄ ရက်က ဆောင်ရွက်ခဲ့ကြခြင်းဖြစ် သည်။

ဒီဇင်ဘာ ၃၁ ရက်အထိ ပညာပေးကာလ ကုန်ဆုံးပြီးပါက ဇန်နဝါရီ ၁ ရက်မှစ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုများကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေသစ်အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မော်ကျွန်းမြင့်အောင်**

# ဂုဏ်ပြုကျေးဇူးတင်လွှာ

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ နောင်တောင်းပရဟိတကျောင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသား ကျောင်းသူ ၂၀၀၀ဦးအတွက် တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ပေးသော အလှူရှင်များ ဖြစ်ကြသည့်-

နောင်တောင်းပရဟိတ တပ်ဦးကျောင်းအတွက် ပေ(၉၀×၃၀) စာသင်ဆောင်တစ်ဆောင် လှူဒါန်းသော နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နေပြည်တော်)၊

၁၁-၁၁-၂၀၁၅ ရက်တွင် အဝိစိစက်ရေတွင်းနှစ်တွင်း လှူဒါန်းသော ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီး သီဟသုဓမ္မသီရိ၊ သီရိသုဓမ္မသီရိ၊ အဂ္ဂမဟာသီရိသုဓမ္မသီရိ ဒေါ်နန်းသန်းထွေးမိသားစု၊

၂၀၁၂ ခုနှစ် ဖွင့်လှစ်မှစ၍ ပညာရေးအတွက် မတည်ငွေကျပ်သိန်း ၃၀၀ နှင့် လစဉ်ကျပ် ၁၅ သိန်း လှူဒါန်းပေးသော ပါရမီစွမ်းအင်ကုမ္ပဏီ ဦးပြည့်ဝထွန်း မိသားစု၊ ရန်ကုန်မြို့

၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစ၍ လစဉ်ကျပ်သိန်း ၃၀ လှူဒါန်းပေးသော တော်ဝင်ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကိုကိုထွေးနှင့် ဇနီး ဒေါ်အေးအေးသန်း၊ (သမီး)ဒေါ်ဝတ်ရည်ထွေး၊ ဒေါ်သီရိထွေး၊ (မြေး) မကေခိုင်မျိုး၊ မစုသက်မျိုး(ရန်ကုန်မြို့)တို့၏ လှူဒါန်းမှုကိုလည်း ဂုဏ်ပြုအထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**နောင်တောင်းပရဟိတဆရာတော်နှင့် ကျောင်းအကျိုးတော်ဆောင်များအဖွဲ့**
**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌနှင့်**
**အဖွဲ့ဝင်များ၊ ဟိုပုံးမြို့**

**နောင်တောင်းပရဟိတ တပ်ဦးဘုန်းတော်ကြီးသင်ပညာရေးအတွက် လှူဒါန်းလိုပါက**

**ဆက်သွယ်ရမည့်လိပ်စာ-**

**နောင်တောင်းပရဟိတဆရာတော်** ဖုန်း- ၀၉-၄၂၈၃၃၁၇၀၀၊ ၀၉-၃၂၆၅၅၆၇၅
**ဦးအောင်သိန်း (တောင်ကြီး)** ဖုန်း- ၀၉-၅၂၁၄၂၈၁၊ ၀၈၁-၂၁၂၅၂၈၃


telenor
အမြဲရင်းနှီးချိတ်ဆက်
အကြီးမားဆုံး 3G ကွန်ရက်
3G
network
အကြီးမားဆုံး 3G ကွန်ရက်နဲ့
Ks
သင့်တင့်မျှတသောနှုန်းထား

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## နေပြည်တော်
# (လျှောက်လွှာခေါ်ယူခြင်း)

၁။ အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် အောက်ပါဘာသာရပ်များအတွက် နည်းပြ/သရုပ်ပြ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူးများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အခမဲ့ရယူ၍ တိုက်ရိုက်တင်သွင်းလျှောက်ထားနိုင်ကြပါသည်-

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ | လျှောက်ထားနိုင်သည့်ဘာသာရပ်များ |
|---|---|---|
| ၁။ | ရန်ကုန်စီးပွားရေးတက္ကသိုလ် | ၁။ ဘောဂဗေဒ ၂။ ဝါဏိဇ္ဇဗေဒ ၃။ စာရင်းအင်းပညာ |
| ၂။ | မော်လမြိုင်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ အရှေ့တိုင်းပညာ ၆။ ဓာတုဗေဒ ၇။ရူပဗေဒ ၈။သင်္ချာ ၉။သတ္တဗေဒ ၁၀။ရုက္ခဗေဒ ၁၁။ဘူမိဗေဒ ၁၂။ အဏ္ဏဝါသိပ္ပံ |
| ၃။ | တောင်ကြီးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဥပဒေပညာ ၈။ စိတ်ပညာ ၉။ ဓာတုဗေဒ ၁၀။ ရူပဗေဒ ၁၁။ သင်္ချာ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ ဘူမိဗေဒ |
| ၄။ | မကွေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အရှေ့တိုင်းပညာ ၃။ ဓာတုဗေဒ ၄။ ရူပဗေဒ ၅။ သတ္တဗေဒ ၆။ ရုက္ခဗေဒ ၇။ ဘူမိဗေဒ |
| ၅။ | ပုသိမ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ဓာတုဗေဒ ၄။ ရူပဗေဒ ၅။ သင်္ချာ ၆။ သတ္တဗေဒ ၇။ ရုက္ခဗေဒ ၈။ ဘူမိဗေဒ |
| ၆။ | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် | ၁။ တရုတ်ဘာသာ ၂။ ပြင်သစ်ဘာသာ ၃။ ကိုရီးယားဘာသာ ၄။ ဂျာမန်ဘာသာ ၅။ ထိုင်းဘာသာ ၆။ ဘာသာဗေဒ |
| ၇။ | စစ်တွေတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ စိတ်ပညာ ၄။ ရူပဗေဒ ၅။ သင်္ချာ |
| ၈။ | မုံရွာတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ နိုင်ငံတကာဆက်ဆံရေးပညာ ၉။ စီးပွားရေးပညာ ၁၀။ ဓာတုဗေဒ ၁၁။ ရူပဗေဒ ၁၂။ သတ္တဗေဒ ၁၃။ ရုက္ခဗေဒ ၁၄။ ဘူမိဗေဒ |
| ၉။ | မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် | ၁။ တရုတ်ဘာသာ ၂။ ထိုင်းဘာသာ |
| ၁၀။ | မြစ်ကြီးနားတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ စိတ်ပညာ ၇။ အရှေ့တိုင်းပညာ ၈။ ဓာတုဗေဒ ၉။ ရူပဗေဒ ၁၀။ သင်္ချာ ၁၁။ သတ္တဗေဒ ၁၂။ ရုက္ခဗေဒ ၁၃။ ဘူမိဗေဒ |
| ၁၁။ | မုံရွာစီးပွားရေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ သင်္ချာ ၃။ ဘောဂဗေဒ ၄။ ဝါဏိဇ္ဇဗေဒ ၅။ စာရင်းအင်းပညာ |
| ၁၂။ | တောင်ငူတက္ကသိုလ် | ၁။ မြန်မာစာ ၂။ သမိုင်း ၃။ ဥပဒေပညာ ၄။ ဒဿနိကဗေဒ ၅။ အရှေ့တိုင်းပညာ |
| ၁၃။ | ပြည်တက္ကသိုလ် | ၁။ ပထဝီဝင် ၂။ သမိုင်း ၃။ ဒဿနိကဗေဒ ၄။ စိတ်ပညာ ၅။ ဥပဒေပညာ ၆။ အရှေ့တိုင်းပညာ ၇။ ရူပဗေဒ ၈။ သင်္ချာ ၉။ ရုက္ခဗေဒ |
| ၁၄။ | ထားဝယ်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ သမိုင်း ၃။ စိတ်ပညာ ၄။ ဥပဒေပညာ ၅။ အရှေ့တိုင်းပညာ ၆။ ရူပဗေဒ ၇။ ဘူမိဗေဒ |
| ၁၅။ | မိတ္ထီလာတက္ကသိုလ် | ၁။ပထဝီဝင် ၂။ ဓာတုဗေဒ ၃။ ရူပဗေဒ ၄။ သင်္ချာ ၅။ ဘူမိဗေဒ |
| ၁၆ | ပခုက္ကူတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိဗေဒ ၆။ အရှေ့တိုင်းပညာ ၇။ ဓာတုဗေဒ ၈။ ရူပဗေဒ ၉။ သင်္ချာ ၁၀။ သတ္တဗေဒ ၁၁။ ရုက္ခဗေဒ ၁၂။ ဘူမိဗေဒ |
| ၁၇။ | မိတ္ထီလာစီးပွားရေးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ ဘောဂဗေဒ ၅။ ဝါဏိဇ္ဇဗေဒ |
| ၁၈။ | ဟသ်ာတတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဓာတုဗေဒ ၃။ ရူပဗေဒ ၄။ သင်္ချာ ၅။ ဘူမိဗေဒ |
| ၁၉။ | မအူပင်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ဓာတုဗေဒ ၄။ ရူပဗေဒ ၅။ သင်္ချာ ၆။ ဘူမိဗေဒ |
| ၂၀။ | ပင်လုံတက္ကသိုလ် | ၁။ ဥပဒေပညာ ၂။ ဘူမိဗေဒ |
| ၂၁။ | ဘားအံတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ဓာတုဗေဒ ၄။ ရူပဗေဒ ၅။ သင်္ချာ ၆။ သတ္တဗေဒ ၇။ ရုက္ခဗေဒ ၈။ ဘူမိဗေဒ |
| ၂၂။ | ကလေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ ရူပဗေဒ ၅။ သတ္တဗေဒ ၆။ ရုက္ခဗေဒ |
| ၂၃။ | မြိတ်တက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သမိုင်း ၄။ ဓာတုဗေဒ ၅။ သင်္ချာ ၆။ သတ္တဗေဒ ၇။ ဘူမိဗေဒ |
| ၂၄။ | လှိုင်ကော်တက္ကသိုလ် | ၁။ သမိုင်း ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ သတ္တဗေဒ ၅။ ရုက္ခဗေဒ ၆။ ဘူမိဗေဒ |
| ၂၅။ | လားရှိုးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သမိုင်း ၄။ ဒဿနိကဗေဒ ၅။ ရူပဗေဒ ၆။ သင်္ချာ ၇။ ရုက္ခဗေဒ ၈။ ဘူမိဗေဒ |
| ၂၆။ | ကျိုင်းတုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ သမိုင်း |
| ၂၇။ | ဖန်းမော်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ပထဝီဝင် ၃။ သင်္ချာ ၄။ ဘူမိဗေဒ |
| ၂၈။ | ပဲခူးတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ဓာတုဗေဒ ၄။ ရူပဗေဒ ၅။ သင်္ချာ ၆။ဘူမိဗေဒ |
| ၂၉။ | ရွှေဘိုတက္ကသိုလ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း ၅။ ဒဿနိကဗေဒ ၆။ ဓာတုဗေဒ ၇။ ရူပဗေဒ ၈။ သင်္ချာ ၉။ သတ္တဗေဒ ၁၀။ ရုက္ခဗေဒ ၁၁။ဘူမိဗေဒ |
| ၃၀။ | ရေနံချောင်းဒီဂရီကောလိပ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ ဓာတုဗေဒ ၅။ သင်္ချာ ၆။ ရုက္ခဗေဒ |
| ၃၁။ | မြင်းခြံဒီဂရီကောလိပ် | ၁။ ဓာတုဗေဒ ၂။ ရူပဗေဒ ၃။ သတ္တဗေဒ ၄။ ရုက္ခဗေဒ |
| ၃၂။ | မိုးညှင်းဒီဂရီကောလိပ် | ၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ ပထဝီဝင် ၄။ သမိုင်း |
| ၃၃။ | တောင်ကုတ်ကောလိပ် | ၁။ ပထဝီဝင် ၂။ သမိုင်း ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ရူပဗေဒ |

၂။ လျှောက်ထားသူသည်-
(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။
(ခ) မဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ နိုင်ငံခြားဘာသာစကား ဘာသာရပ်များအတွက် သက်ဆိုင်ရာဘာသာစကားဘာသာရပ်ဖြင့် ပထမဘွဲ့ရရှိပြီး သက်ဆိုင်ရာဘာသာစကား မဟာဘွဲ့အတွက် မဟာအရည်အချင်းစစ် သင်တန်းတက်ရန် အဆင့်မီသူများ လျှောက်ထားနိုင်သည်။ ဘာသာဗေဒဘာသာအတွက် မြန်မာစာ(သို့မဟုတ်)အင်္ဂလိပ်စာဘာသာရပ်ကို ဘာသာစကား/ဘာသာဗေဒဖြင့် မဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) ၂၀၁၆ခုနှစ် ဇန်နဝါရီလ ၂၂ရက်တွင် အသက်(၃၈)နှစ်ထက် မကျော်လွန်သူ၊ မဟာသုတေသနဘွဲ့ရရှိပြီးသူဖြစ်ပါက အသက်(၄၀) ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိပြီးသူဖြစ်ပါက အသက် (၄၂)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) လျှောက်ထားသည့်တက္ကသိုလ်တွင် အမြဲတမ်းအမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသောလျှောက်လွှာပုံစံများကို အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ မိမိတာဝန်ထမ်းဆောင်လိုသော သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အခမဲ့ရယူနိုင်ပါသည်။

၄။ လျှောက်လွှာများကို အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ မိမိတာဝန်ထမ်းဆောင်လိုသော သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များသို့ ၂၂-၁-၂၀၁၆ရက် (သောကြာနေ့) အရောက် နောက်ဆုံးထားပြီး တိုက်ရိုက်တင်သွင်းလျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာတစ်စောင်ကို ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုနိုင်သော ဌာနဆိုင်ရာ အကြီးအကဲမှတစ်ဆင့် အဆင့်မြင့်ပညာဦးစီးဌာန (မန္တလေးရုံးခွဲ)/အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)သို့လည်းကောင်း၊ သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်သို့လည်းကောင်း ၂၂-၁-၂၀၁၆ရက် အရောက် နောက်ဆုံးထားပြီး တိုက်ရိုက်ပေးပို့ရမည်။

၅။ စာမေးပွဲဝင်ကြေးများကို အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တည်ရှိရာမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ၏ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များသို့လည်းကောင်း ပေးသွင်း၍ လျှောက်လွှာနှင့်အတူ ငွေသွင်းပြီးကြောင်း ချလန်(သို့မဟုတ်)ငွေပို့လွှာဖြတ်ပိုင်းကို ပူးတွဲတင်ပြရမည်။

၆။ လျှောက်လွှာနှင့်အတူ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ စာမေးပွဲဝင်ကြေးပေးသွင်းပြီးကြောင်း အထောက်အထားပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ထောက်ခံစာမိတ္တူ၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှ ထောက်ခံစာမူရင်းကို ပူးတွဲတင်ပြရမည်။

၇။ သတ်မှတ်စည်းကမ်းချက်များနှင့် မကိုက်ညီသော (သို့မဟုတ်)မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုပြီး အောင်မြင်လျှင် လူတွေ့စာမေးပွဲဖြေဆိုရမည်။

၉။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့စာမေးပွဲကိုသာ ဖြေဆိုရမည်။

၁၀။ ရေးဖြေနှင့် လူတွေ့ဖြေဆိုရမည့် အသေးစိတ်အချိန်စာရင်းကို မိမိလျှောက်ထားသည့် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမဝန်ကြီးဌာန
## သမဝါယမဦးစီးဌာန
## ညွှန်ကြားရေးမှူးချုပ်ရုံး

၁။ သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနအောက်ရှိ သမဝါယမတက္ကသိုလ်များ၊ ကောလိပ်များတွင် အောက်ဖော်ပြပါ လစာနှုန်း (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) နည်းပြရာထူးများ လစ်လပ်နေပါ၍ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| | | | |
|---|---|---|---|
| (က) | နည်းပြ | M.Econ(Eco), M.P.A, M.B.A, M.Devs, PGDSEM | (၁၇) နေရာ |
| (ခ) | နည်းပြ | M.Act, M.Com, M.B.A, PGDSEM | (၁၀) နေရာ |
| (ဂ) | နည်းပြ | M.Com, M.B.A, PGDSEM | (၉) နေရာ |
| (ဃ) | နည်းပြ | M.Econ(Stats), M.Sc(Stats), PGDSEM | (၅) နေရာ |
| (င) | နည်းပြ | M.A(Eng), M.A(EFL) | (၂) နေရာ |
| (စ) | နည်းပြ | M.A(Myan), M.A(Hist), M.A(Library & Information Studies) | (၅) နေရာ |
| (ဆ) | နည်းပြ | LL.M | (၂) နေရာ |
| (ဇ) | နည်းပြ | M.Sc(Maths) | (၂) နေရာ |
| (ဈ) | နည်းပြ | M.C.Sc, M.I.Sc, M.C.Tech, M.Sc(Computer Science) | (၅) နေရာ |
| (ည) | နည်းပြ | M.A(Geog) | (၃) နေရာ |

လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၁၂-၂၀၁၅ ရက်တွင် အသက်(၃၀)၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်ရ။
(ဂ) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(ဃ) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်ရမည်။

၂။ လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲလျက် သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ ၁၄-၁-၂၀၁၆ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်-
(က) ခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံသုံးပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(ခ) တစ်လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ၊
(ဂ) တစ်လအတွင်းပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ(မူရင်း)
(ဃ) ခြောက်လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ၊

၄။ လျှောက်ထားသူများကို ၁၉-၁-၂၀၁၆ ရက်နှင့် ၂၀-၁-၂၀၁၆ ရက်များတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၌ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသဖြင့် ၁၈-၁-၂၀၁၆ ရက်တွင် သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ် ၁၆၊ သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ လူကိုယ်တိုင်လာရောက်သတင်းပို့ရမည် ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး ဖုန်း-၀၆၇-၄၁၀၅၂၇၊ ၀၆၇-၄၁၀၃၃၆ တို့တွင် စုံစမ်းနိုင်ပါသည်။

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည် (စမ်းချောင်းမြို့နယ်)

၁။ ကျွန်းတောလမ်းမကြီး ပေ (၁၂½×၅၀)၊ မြေညီထပ် (ထပ်ခိုးပါ)၊ ကြွေပြားပြည့်ခင်း ကပ်၊ MBR(1), BR(1), A/C (2),ရေပူရေအေး၊ အဆင့်မြင့်ပြင်ပြီး(သန့်)၊ (၉၉၀)သိန်း
၂။ မြေနီကုန်း ပေ (၂၅×၅၀)၊ ဒုတိယထပ်၊ ကျွန်းပါကေး၊ MBR(1), BR(1), ဘိုထိုင်၊ ဖုန်း၊ ဓာတ်လှေကားပါ၊ လူနေခွင့်ကျ ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းအသစ် (၁၄၇၀)သိန်း
**(ပွဲစားမလို) ဖုန်း-၀၉-၄၂၀၁၂၈၈၇၅၊ ၀၉-၄၄၉၀၀၂၈၆၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ဘဝါရွာ၊ ဘဝါ အထက အဌမတန်း(A)မှမောင်ထက်နိုင်ဦး၏ဖခင် ဦးဖိုးပြည့်နှင့် ဦးပြည့် ၆/ရဖန (နိုင်)၀၄၀၉၉၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဖိုးပြည့်(ခ)ဦးပြည့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4I/6239 Ford Mustang S/L(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်ပြည့်စုံဦး ၁၂/စခန(နိုင်)၀၇၀၉၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ထားဝယ်သဇင်ပန်းလှလှ

ပန်း၊ သဇင်တိုင် (ပွင့်နေသော၊ အသစ်စိုက်ပြီး၊ တိုင်လွှတ်)၊ သဇင်ဥ၊ (၅၃၅)၊ သုမင်္ဂလာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ **ဖုန်း-၀၁-၅၆၀၅၆၇၊ ၀၉-၂၅၂၆၉၀၄၀၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/6603 Yar Zar Min 10 Wheels D/T, T/D(6x4)R ယာဉ်လက်ဝယ်ရှိသူ ဦးညီညီထွေး ၁၀/ပမန(နိုင်)၀၅၄၉၈၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ရန်ကုန်မြို့**

## 6" ပတ်လည် ကွန်ကရစ်တိုး

**ရောင်းရန်ရှိသည်။**
**ဖုန်း-၀၁-၆၄၄၅၀၆၊ ၀၉-၅၀၄၈၉၈၂**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၉)နေ ဦးသန်းလှ-ဒေါ်စိန်အေးတို့၏သား စိုင်းစိုးအောင် ၁၃/လရန(နိုင်)၁၄၃၈၇၆အား သားအဖြစ်မှစွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စများအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။
**ဒေါ်စိန်အေး**

## တိုက်ခန်း ရောင်းမည်

၁၁၈ လမ်း၊ ပထမထပ်၊
**ဖုန်း-၀၉-၇၉၁၉၆၂၆၇၆၊ ၀၉-၇၉၉၇၉၃၄၄၇**

## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးမြင့်မိုး ၁၂/တတန(နိုင်)၁၅၅၆၈၂၏သား မောင်နေလင်းထက် ၁၂/တတန(နိုင်)၂၁၃၉၁၄ အား ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်သက်ဆိုင်သည့်ကိစ္စမှန်သမျှကိုလည်း တာဝန်မယူပါ။ (မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)
**ဖခင် ဦးမြင့်မိုး**
**၁၂/တတန(နိုင်)၁၅၅၆၈၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6I/8257 Toyota Vitz SCP90, Hatch Back (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးသက်ထွန်းမင်း ၈/ရနခ(နိုင်)၀၉၇၄၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း

မြောင်းမြမြို့၊ အမှတ် (၄)ရပ်ကွက်၊ သိပ္ပံလမ်း၊ အိမ်အမှတ် (၃၁၂)နေ ကျွန်မ၏ ကိတ္တိမသမီးဖြစ်သူ မသဇင် ၁၄/မမန(နိုင်)၂၁၄၇၄၂သည် မိခင်ဖြစ်သူ ကျွန်မ၏ ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိဘဲ မိမိသဘောဆန္ဒအတိုင်း ပြုမူနေထိုင်ပါသဖြင့် ယနေ့မှစ၍ ကိတ္တိမသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ မသဇင်နှင့် ပတ်သက်သော ကိစ္စအဝဝကို (လုံးဝ)လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။
**(ဒေါ်တင်စိန်ဦး)**
**အမှတ် (၃၁၂)၊ သိပ္ပံလမ်း၊ အမှတ် (၄)ရပ်ကွက်၊ မြောင်းမြမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် CC/8814 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရန်အတွက် HMIS မှတ်တမ်း/ပုံစံ (၁၁)မျိုး၊ ဆေးရုံလချုပ်ပုံစံ(၃)မျိုး၊ ပြင်ပလူနာရောဂါစာရင်းပုံစံနှင့် ကလေးကျန်းမာရေးဌာနခွဲမှ IMNCI သင်တန်းတွင် အသုံးပြုမည့် လက်စွဲစာအုပ်များအား ပုံနှိပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

**စတင်ရောင်းချမည့်ရက်** - ၇-၁-၂၀၁၆ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁-၂၀၁၆ရက် မွန်းလွဲ ၂ နာရီ

**ဆက်သွယ်ရန် ဖုန်း - ၀၆၇-၄၃၁၀၈၅၊ ၀၆၇-၄၃၁၀၇၇**

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၄)၊ မကွေးတိုင်းဒေသကြီးရုံးမှ (၂၀၁၅-၂၀၁၆)ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ တည်နေရာများ၌ ရေတိုက်စားမှု ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။ မင်းဘူး(စကု)မြို့နယ် - ထူပါရုံဘုရားမန်းချောင်းရေတိုက်စားကမ်းပြိုကာကွယ်ရေးလုပ်ငန်း

၂။ ပွင့်ဖြူမြို့နယ် - ပွင့်ဖြူမြို့၊ မုန်းချောင်းရေတိုက်စားမှုကမ်းပြိုကာကွယ်ရေးလုပ်ငန်း

၃။ မင်းလှမြို့နယ် - မင်းလှမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဧရာဝတီမြစ်ရေတိုက်စားမှုကမ်းပြိုကာကွယ်ရေးလုပ်ငန်း

**တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာနှင့် စိစစ်ရွေးချယ်မည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးရုံး၊ ကင်းလမ်း၊ ရွှေညောင်(၂)ရပ်ကွက်၊ မကွေးမြို့

**တင်ဒါလျှောက်လွှာယူရမည့်ရက်နှင့် လျှောက်လွှာတင်သွင်းရမည့်ရက်** - ၂၆-၁၂-၂၀၁၅ရက်မှ ၃၁-၁၂-၂၀၁၅ရက်အထိ ရုံးချိန်အတွင်း

**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၁-၁-၂၀၁၆ရက် နံနက် ၁၀နာရီ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၈၃၉၀သို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ လမ်းဦးစီးဌာန၊ (မိုင်းဖြတ်မြို့နယ်)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် လမ်း၊ တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့်ဝယ်ယူလိုပါသည်။

(က) ခွဲကျောက်ရှယ်စုံ
(ခ) ဒေသသစ်ရှယ်စုံ
(ဂ) သံချောင်းရှယ်စုံ
(ဃ) သဲ
(င) ဘိလပ်မြေ
(စ) ချောင်းသဲကျောက်(သို့)ကျောက်ရောမြေ

**တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၇-၁-၂၀၁၆ ရက် ၁၆း၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၈-၁-၂၀၁၆ ရက်၊ ၁၅း၀၀ နာရီ
**တင်ဒါတင်သွင်းစိစစ် ရွေးချယ်မည့်နေရာ** - မြို့နယ်ဦးစီးအရာရှိ (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိုင်းဖြတ်မြို့

၂။ တင်ဒါလျှောက်လွှာများကို အောက်ပါလိပ်စာတွင် ၂၄-၁၂-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်စုံစမ်း၍ လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်း)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ၊ မိုင်းဖြတ်မြို့၊**
**ဖုန်း-၀၈၄-၆၃၀၁၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## ကွန်ပျူတာတက္ကသိုလ်(လားရှိုး)
## "အဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း"

၁။ ကွန်ပျူတာတက္ကသိုလ်(လားရှိုး)၊ ၂၀၁၂-၂၀၁၃/၂၀၁၄-၂၀၁၅ ပညာသင်နှစ်များအတွက် B.C.Sc (Hons;)/ B.C.Tech (Hons;)ဘွဲ့သင်တန်း၊ B.C.Sc/ B.C.Tech ဘွဲ့သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကွန်ပျူတာတက္ကသိုလ်(လားရှိုး)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်ထားလိုသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် (၃)လအတွင်း ရိုက်ကူးထားသော (၁.၅"×၂")အရွယ် ဓာတ်ပုံ(၃)ပုံ ပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျက် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ကျောင်းသားရေးရာဌာနတွင် လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့အတွက် ကျပ် ၁၅၀၀၀/- (ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့အတွက် ကျပ် ၁၀၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ငွေစာရင်းဌာနတွင် ပေးသွင်းရမည်။

၄။ ဂုဏ်ထူးတန်းဘွဲ့ယူရန် လျှောက်ထားသူများသည် ပထမဘွဲ့လက်မှတ်မိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၅။ ၂၀၁၂-၂၀၁၃/၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှအပ ကျန်ပညာသင်နှစ်များမှ ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို တစ်နှစ်ကြာမှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ **ဘွဲ့နှင်းသဘင်ကျင်းပမည့်နေရာ** - ဘွဲ့နှင်းသဘင်ခန်းမ၊ ကွန်ပျူတာတက္ကသိုလ် (လားရှိုး)

**အစမ်းလေ့ကျင့်ရက်** - ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် (စနေနေ့)

**ဘွဲ့နှင်းသဘင်အခမ်းအနားရက်** - ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက် (တနင်္ဂနွေနေ့)

၈။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များ ၀၉-၆၇၀၁၈၀၀၊ ၀၉-၅၂၆၂၆၃၃၊ ၀၉-၇၈၃၈၂၉၇၁၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဒေါက်တာနန်းစိုးစိုးအောင်**
**ကျောင်းအုပ်ကြီး**
**ကွန်ပျူတာတက္ကသိုလ်(လားရှိုး)**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၉/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) စက်နှင့်စက်အရန်ပစ္စည်းများ-LPG Flexible Oil Hose, 25 % Carbon Teflon Hollow Tube, Portable Moisture Analyzer, Cooler Tube, Standard Gas

(ခ) ဓာတုဗေဒပစ္စည်းများ-Hydrazine Hydrate

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်း-အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)တွင် MHI Boiler ရှိ Super Heater Tube များ အစားထိုးလဲလှယ်ခြင်း

၂။ နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ-Monoethanolamime (MEA) and Petromeen, Mathanator Catylst, Primary Reformer Catalyst (Reformax 330 LDP), Water Treatment Chemical(Kurita F-4920)

(ခ) စက်နှင့်စက်အရန်ပစ္စည်းများ-DC Generator Accessories and Motor, Flame Detector for Boiler, Spare Parts for River Water Pump (P-5001) & Liquid Ammonia Pump (P-8101),Spare Parts for Natural Gas Compressor, Synthesis Gas Compressor and CO2 Compressor, Air Compressor Set (Piston Type) with Motor and Starter, Governor for Turbine & Proximity Sensors, Spare Parts for IA Compressor, V-Ring & Compression Ring for Hot Oil Pump and Head Gasket for Pumps, Naphtha Circulation Pump (PU-602) without Motor, Spare for Cooling Water Circulation Pump & $C_3$ filling Pump, Spare for Dry Gas Compressor

၃။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၁၂-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၈-၁-၂၀၁၆ ရက် ၁၂း၀၀နာရီ

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊**
**စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် ၄၄၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

## စစ်တွေတက္ကသိုလ်
## (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်
## ကျင်းပမည့်အစီအစဉ်ကြေညာချက်

၁။ စစ်တွေတက္ကသိုလ် (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြသူများအတွက် အောက်ဖော်ပြပါအစီအစဉ်အတိုင်း စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**(၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်** - **၂၃-၁-၂၀၁၆ ရက် (စနေနေ့)**

**နံနက်ပိုင်းအစီအစဉ်** - **နံနက် ၉း၀၀နာရီ**

မဟာသုတေသနဘွဲ့(၂၀၁၃-၂၀၁၄ ပညာသင်နှစ်) - ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ

မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့(၂၀၁၃-၂၀၁၄ ပညာသင်နှစ်) - မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ

ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့(၂၀၁၃-၂၀၁၄ပညာသင်နှစ်) - ဒဿနိကဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ

ဥပဒေဘွဲ့ (၂၀၁၃-၂၀၁၄ ပညာသင်နှစ်) - ဥပဒေပညာ

ဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၁၄-၂၀၁၅ ပညာသင်နှစ်) - မြန်မာစာ၊ ပထဝီဝင်၊ ဓာတုဗေဒ၊ သင်္ချာ

**မွန်းလွဲပိုင်းအစီအစဉ်** - **မွန်းလွဲ ၂း၀၀ နာရီ**

မဟာသုတေသနဘွဲ့ (၂၀၁၄-၂၀၁၅ ပညာသင်နှစ်) - ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒ

မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့ (၂၀၁၄-၂၀၁၅ ပညာသင်နှစ်) - မြန်မာစာ၊ ပထဝီဝင်၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊

